


# The VOICE Sunday




Vol. 8 / No.127 | Established in 2004 | ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ( ၁ ) ရက်၊ ( Sunday, November 1 , 2020 )

## စာအိတ်မပါဘဲ ထည့်မိသည့် ကြိုတင်မဲလက်မှတ်များကို ပယ်မဲမသတ်မှတ်ဟု ရွေးကောက်ပွဲ တာဝန်ရှိသူပြော

**တောင်ငူ၊ အောက်တိုဘာ ၃၁**

မွန်ပြည်နယ် သထုံမြို့နယ် ကြက်တူရွေးသောင်ကျေးရွာအုပ်စု ဝါးခုတ်တောမဲရုံတွင် အောက်တိုဘာ ၂၉ ရက်နေ့က အသက် ၆၀ နှစ်အထက် ကြိုတင်ဆန္ဒမဲပေးသူများက မဲလက်မှတ်များကို စာအိတ်မပါဘဲ မဲပုံးအတွင်း ထည့်သွင်းခဲ့သည့်ကိစ္စ ပယ်မဲဟုမသတ်မှတ်ကြောင်း သထုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒေါ်ခင်သန်းနွဲ့က ပြောကြားသည်။

“ပထမဆုံးနေ့ဆိုတော့ ရပ်ကျေးကော်မရှင်တာဝန်ရှိသူတွေ အလွဲမှားရှိသွားခဲ့တဲ့သဘောပါ။ ဘယ်ပါတီမှ မဲမဆုံးရှုံးဖို့ ဒီနေ့ (အောက်တိုဘာ ၃၁) အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ခိုင်လုံမဲလို့သတ်မှတ်ပါမယ်။ စာအိတ်ပါပေမယ့်

စာ 11

## COVID -19 ကူးစက်ခံရသည့် အရေအတွက်ထက် ဆေးရုံဆင်းခွင့်ရသူဦးရေက နှစ်ရက်ဆက်တိုက် ပိုများ

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံတွင် နှစ်ရက်အတွင်း COVID-19 ကူးစက်ခံရသူ အရေအတွက် ထက် ဆေးရုံမှပြန်လည်ဆင်းခွင့်ရရှိသည့် အရေအတွက်မှာ ပိုမိုများပြားလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ အရသိရသည်။

အောက်တိုဘာလ ၂၉ ရက် ညရှစ်နာရီအချိန်က မြန်မာနိုင်ငံတွင် COVID-19 ဖြစ်ပွား၊ သေဆုံးမှုအခြေအနေကို ထုတ်ပြန်ခဲ့ရာ ၂၄ နာရီအတွင်း ဓာတ်ခွဲနမူနာပေါင်း ၁၄,၂၅၂ ခုကိုစစ်ဆေးခဲ့ရာ အတည်ပြုလူနာအသစ် ၁၃၃၁ ဦးကိုတွေ့ရှိခဲ့သလို ဆေးရုံဆင်းခွင့်ရရှိသည့်အရေအတွက်မှာ ၁၃၇၁ ဦးအထိရှိခဲ့သည်။

စာ 7




ဓာတ်ပုံ - ရဲပြည့်ဇာနည်

အဘိဓမ္မာအခါတော်နေ့ (သီတင်းကျွတ်လပြည့်နေ့) တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ခွင့်ပိတ်ပင်ထားသော်လည်း ပြည်လမ်းမပေါ်ရှိ ပြည်သူ့ရင်ပြင်ရှေ့တွင် စေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသူများကို အောက်တိုဘာလ ၃၁ ရက်နေ့က တွေ့မြင်ရစဉ်

**ELECTION SPECIAL**

## မသန်စွမ်းသူများနှင့် ရွေးကောက်ပွဲ

စာ 18

### မူးယစ်ဂိုဏ်းအဖွဲ့မှ တရားခံပြေးနှစ်ဦးကို ကျပ် ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းမိ စာ 15

### ကိုဗစ်ကြောင့် လာမည့်ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုကဏ္ဍ ထိခိုက်မှုရှိနိုင်ဟုဆို စာ 8

### ပုဂံဒေသတွင် စက်ယန္တရားကြီးများအသုံးပြုကာ မြေကျင်းတူး၍ သစ်ပင်စိုက်ခြင်းကို UNESCO က စုံစမ်းမှုများပြုလုပ် စာ 6




Photo by WCS

စာ 8



# ကြိုတင်မဲကောက်ယူသည့် ဆောင်ရွက်ချက်များသည် စနစ်တကျမရှိဟု ပြည်သူ့ပါတီဝေဖန်

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကော်မရှင်၏ ကြိုတင်မဲ လိုက်လံကောက်သည့် ဆောင်ရွက်ချက်များသည် စနစ်တကျ မရှိဘဲ ဝရုန်းသုန်းကားဖြစ်နေကြောင်း ပြည်သူ့ပါတီ အထွေထွေအတွင်းရေးမှူး ဦးရဲနိုင်အောင်က The Voice Daily သို့ ပြောကြားသည်။

"အခုဟာက ဝရုန်းသုန်းကားဖြစ်နေတယ်။ အဲဒီ ဝရုန်းသုန်းကားဖြစ်နေတဲ့ အခါ အပေါ်မှာ နောက်ကနေလိုက်ပြီး တော့ စည်းကမ်းတွေ ပြောင်းပေးတယ် ဆိုတဲ့ဟာကတော့ တော်တော်ကြီးကို လက်သင့်ခံနိုင်စရာမရှိဘူး။ ဖြစ်သင့်တာက နဂိုအစကတည်းက ကြိုတင်စီစဉ်ရမယ်။ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ရမယ်။ အဲဒီစည်းမျဉ်းစည်းကမ်းအတိုင်းပဲ လုပ်ရမယ်၊ အခုဟာကဖြစ်သွားတဲ့နောက်မှာ စည်းကမ်းက လိုက်ပြီး ပြင်ရတယ် ဆိုတာမျိုးက လုံးဝ လုံးဝမဖြစ်သင့်တဲ့ကိစ္စ လို့ပြောချင်တယ်" ဟု ၎င်းက ဆိုသည်။

ကြိုတင်မဲများ ရယူခြင်းကို အောက်တိုဘာလ ၂၉ ရက်နေ့မှစတင်၍ ရပ်ကွက်များအတွင်းလှည့်လည်ကာ ကောက်ယူလျက်ရှိပြီး ဆန္ဒပြုပြီး မဲလက်မှတ်များ ထည့်သွင်းသည့် စာအိတ်များကို မဲဆန္ဒရှင်များက လုံခြုံစွာ ပိတ်ခဲ့မှုမရှိခြင်း၊ အချို့စာအိတ်များကို ကော်သုတ်၍ ပိတ်ရာတွင် ဆန္ဒမဲလက်မှတ်ကို အစွန်းအထင်းဖြစ်ပေါ်နိုင်ခြင်း၊ တာဝန်ရှိသူက စာအိတ်များကို ဖွင့်ဖောက်သည့်အခါ ဆန္ဒမဲလက်မှတ်စုတ်ပြဲမှု ဖြစ်ပေါ်နိုင်ခြင်း၊ သတ်မှတ်ထားသော အမှန်ခြစ်တံဆိပ်တုံးဖြင့် ဆန္ဒပြုရမည့် အစား ဘောလ်ပင်ဖြင့် အမှန်ခြစ်၍ ဆန္ဒပြုထားသည့် မဲလက်မှတ်၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏ လက်မှတ် သို့မဟုတ် ဆန္ဒမဲလက်မှတ် ကျောဘက်တွင် ကော်မရှင်တံဆိပ်တုံး သို့မဟုတ် တာဝန်ခံ ထုတ်ပေးသူ၏ လက်မှတ်နှင့် အမည်ပါရှိသော လက်မှတ်၊ လွှတ်တော်အလိုက် ထည့်သွင်းရမည့် ကြိုတင်မဲလက်မှတ်နှင့် စာအိတ်လွဲမှားသော်လည်း မဲဆန္ဒရှင်က မှန်ကန်စွာ ဆန္ဒပြုထားသောမဲလက်မှတ်များကို ပယ်မဲအဖြစ် သတ်မှတ်မည် မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားသည်။

"အခုပုံစံက လျှို့ဝှက်မဲပေးတဲ့ နေရာမရှိဘူး။ လမ်းတွေထဲမှာ လိုက်ပြီး ကြိုတင်မဲပေးမယ့်သူတွေ ဆင်းလာပေးပါ ဆိုပြီးခေါ်တယ်။ မဲပေးဖို့လုပ်တဲ့အခါမှာ လုပ်အားပေးအဖွဲ့တွေက ဘယ်လိုပေး ဘာညာဆိုပြီးတော့ လုပ်တယ်။ အဲလို လုပ်ရတဲ့အခါကျတော့ လျှို့ဝှက်မဲပေးတဲ့ဟာ မဟုတ်တော့ဘူး။ ပါတီရဲ့အလံတွေ ရုံးတွေနဲ့ ကိုက် ၅၀ မကွာတဲ့နေရာမှာ ပေးကြရတယ်။ ဒီနေ့ထုတ်ပြန်ချက်ထဲမှာ အမှန်ခြစ်လည်းရတယ်၊ ပယ်မဲမဟုတ်ဘူး။ အဲလိုတွေဖြစ်နေတာ။ အဲဒီလိုဆိုတော့ ရွေးကောက်ပွဲဆိုပြီး စီစဉ်ရတယ်ဆိုတာ အစနဂိုကတည်းက စည်းမျဉ်းစည်းကမ်း၊ တစ်ပြေးညီ ချမှတ်ထားဖို့လိုတယ်။ အဲဒီအတိုင်းပဲ ဖြစ်အောင်လည်း ကြိုတင်စီစဉ်ဖို့ လိုတယ်" ဟု ဦးရဲနိုင်အောင်က ဆိုသည်။

ကောက်ယူရရှိပြီးဖြစ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးရှိ မဲရုံများအလိုက် ထားရှိသော ချိပ်ပိတ်ထားသည့် ကြိုတင်ဆန္ဒမဲပုံး အတွင်းသို့ ပြောင်းရွှေ့ထည့်သွင်းရမည် ဖြစ်ကြောင်း၊ ယင်းကော်မရှင်အဖွဲ့ ခွဲရုံးတွင် ရဲလုံခြုံရေးအစောင့်အရှောက်ဖြင့် ထိန်းသိမ်းထားရှိသော ကြိုတင်ဆန္ဒမဲပုံးများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက သတ်မှတ်ထားသည့်နေရာမှ စောင့်ကြပ်ကြည့်ရှုလေ့လာနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

❍

S -08

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁



ဓာတ်ပုံ - Yu Yu May Fb

အောင်မြေသာစံမြို့နယ်ရှိ ဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွား ၈၀ ဦးသည်လည်း အောက်တိုဘာလ ၃၁ ရက်နေ့က ကြိုတင်မဲပေးခဲ့ကြသည်။

# မန္တလေးတိုင်းဝန်ကြီးချုပ်နှင့်ဇနီး ကြိုတင်မဲပေး

**မန္တလေး၊ အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် ၎င်း၏ ဇနီးတို့သည် အမရပူရမြို့နယ် အိုးတော်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ မဲရုံတွင် အောက်တိုဘာလ ၃၀ ရက်နေ့က ကြိုတင်မဲပေးခဲ့ကြသည်။

"၃၀ ရက်နေ့ နေ့လယ် ၁၂ နာရီဝန်းကျင်က ၂၀၂၀ရွေးကောက်ပွဲအတွက် အမရပူရမြို့က မဲရုံအမှတ်-၁ မှာ ကြိုတင်မဲပေးခဲ့ပါပြီ။ စိတ်လှုပ်ရှားမှုတော့ ရှိပါတယ်။ အခက်အခဲမရှိလှပါဘူး" ဟု မန္တလေးတိုင်းဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေက သူ၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

အမရပူရမြို့နယ်တွင် ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း ၁၈၁,၃၈၇ ဦး ရှိပြီး မဲဆန္ဒနယ် - ၁ တွင် ၉၃,၁၂၂ ဦး၊ မဲဆန္ဒနယ်- ၂ တွင် ၈၈,၂၆၅ ဦးရှိကာ အသက် ၆၀ နှစ်အထက် ကြိုတင်မဲပေးခွင့်ရှိသူ ၂၆,၁၈၆ ဦးရှိကြောင်း အမရပူရမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲ မဲစာရင်းများအရ သိရသည်။

❍

S -02

The VOICE Sunday

CARTOON



# AA လက်နက်ကိုင်အဖွဲ့က မော်တော်ယာဉ် ၂ စီးကို မီးရှို့ဖျက်ဆီး၍ ပြည်သူ ၄ ဦးကို ဖမ်းဆီးသွားကြောင်း တပ်မတော်ထုတ်ပြန်

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

AA လက်နက်ကိုင်အဖွဲ့က ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း မော်တော်ယာဉ် ၂ စီးကို မီးရှို့ဖျက်ဆီးကာ ယာဉ်ပေါ်ပါ ပြည်သူ ၄ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ကျောက်ဆင်ကျေးရွာအနီး ရွာသားအသွင်ယူ၍ လှုပ်ရှားနေသော AA လက်နက်ကိုင်အဖွဲ့ဝင်များက အောက်တိုဘာလ ၃၀ ရက်နေ့က ကဇူးကိုင်းကျေးရွာနေ ယာဉ်မောင်း ဦးတင်အောင်မိုး ၎င်း၏ဇနီး မအေးလှိုင် လိုက်ပါလာသည့် CANDA အမျိုးအစားယာဉ်နှင့် အမ်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ယာဉ်မောင်း မောင်မောင်နိုင်၊ ယာဉ်နောက်လိုက် မောင်ကျော်သူလင်းတို့ လိုက်ပါလာသည့် ISSUE အမျိုးအစား ယာဉ် ၂ စီးတို့အား ကဇူးကိုင်း - အလယ်ကျွန်းသွားကားလမ်းပေါ်ရှိ ဂျိတ်ချောင်းကျေးရွာအနီးတွင် အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ပြီး ယာဉ်ပေါ်ပါ အပြစ်မဲ့ ပြည်သူ ၄ ဦးအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းဖြစ်စဉ်ကို စိစစ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားရာ ဝန်းကျင်အနီးတစ်ဝိုက်တွင် အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

❍

S-04



# ဇနီးဖြစ်သူကို တုတ်ဖြင့် ရိုက်သတ်ကာ လူသတ်မှုကို လိမ်လည်တိုင်တန်း

**ရန်ကုန်၊ အောက်တိုဘာ ၃၁**







ဓာတ်ပုံ - ရဲဇာနည် သေဆုံးသူ



သက်သေခံ တုတ်နှင့် လက်ကိုင်ဖုန်း

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် အမျိုးသားဖြစ်သူက ဇနီးဖြစ်သူကို တုတ်ဖြင့် ရိုက်သတ်ခဲ့ကာ ရဲတပ်ဖွဲ့ထံ လိမ်လည်တိုင်တန်းမှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်တွင် အောက်တိုဘာလ ၃၀ ရက် နံနက် ၁၁ နာရီခန့်က မကြာခဏ ဆူပူဆဲဆိုတတ်သည်ဟုဆိုသော ဇနီးဖြစ်သူကို တုတ်ဖြင့် ရိုက်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

မြန်မာအမျိုးသား လေကြောင်းလိုင်း လက်မှတ်အရောင်းဌာနတွင် လုပ်ကိုင်နေသော အသက် ၄၅ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ယင်းနေ့က လက်၊ ပါးစပ်တွင် တိပ်ဖြင့် ချည်နှောင်ပတ်လျက်၊ နောက်စေ့ဖူးရောင်ဒဏ်ရာ (မစိုးရိမ်ရ) ဖြင့်လည်းကောင်း၊ ၎င်း၏ ဇနီးဖြစ်သူ အသက် ၄၅ နှစ်အရွယ် အမျိုးသမီးသည် လက်တွင် တိပ်ဖြင့် ချည်နှောင်ပတ်လျက် နောက်စေ့၊ မေးစေ့ ပေါက်ပြဲဒဏ်ရာများ (စိုးရိမ်ရ) ဖြင့်လည်းကောင်း နေအိမ်အောက်ထပ်တွင် လဲကျနေသည်ကို နေအိမ်အပေါ်ထပ်မှ ဆင်းလာသည့် သမီးဖြစ်သူက မြင်တွေ့တိုင်ကြားခဲ့ရာမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲတပ်ဖွဲ့ထံမှ သိရသည်။

"မိန်းမက ဆေးရုံပို့ကုသနေချိန်မှာ သေသွားတာ။ ယောကျ်ားကို စစ်ဆေးတော့ လူ ၃ ဦးရောက်လာပြီး လေယာဉ်လက်မှတ်မေးရင်း တုတ်နဲ့ ရိုက် ငွေတွေ ယူသွားတာလို့ လိမ်ထွက်တယ်။ တကယ့်တကယ်စစ်ဆေးလိုက်တော့ မိန်းမနဲ့စကားများပြီး တုတ်နဲ့ရိုက်ရာက လက်လွန်သွားတာလို့ သိရတယ်။ မကြာခဏဆဲဆိုတတ်တဲ့ကိစ္စ၊ ရန်ကုန်၊ တာမွေမှာရှိတဲ့ တိုက်ခန်းကိစ္စနဲ့ လင်မယားနှစ်ယောက် ရန်ဖြစ်ရာကနေ ဖြစ်သွားတာပါ၊ ဒီနေ့ မနက်ပိုင်းမှာက လူသတ်မှုကျူးလွန်တယ်ဆိုတဲ့ အမျိုးသားကို ဖမ်းဆီးလိုက်ပါပြီ" ဟု ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အမှုဖွင့်တိုင်ကြားပြီး အခင်းဖြစ်နေအိမ်သို့ စစ်ဆေးချက်အရ အမျိုးသားသုံးဦး ဝင်ထွက်သည်ကို မတွေ့ရှိရဘဲ လေကြောင်းလိုင်း သန့်ရှင်းရေးလုပ်သား အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးသာ တွေ့ရှိရကြောင်း၊ ၎င်းသည် ဆိုင်ကယ်ဖြင့် ရောက်လာပြီး ၅ မိနစ်ခန့်အကြာ နေအိမ်အတွင်းမှ ပြန်လည်ထွက်ခွာသွားသဖြင့် စစ်ဆေးမေးမြန်းရာ လူသတ်မှုကျူးလွန်သည်ဟုဆိုသော အမျိုးသားက ဖုန်းဆက်ခေါ်၍ ခေါက်ခုံအသေး၊ လက်အိတ်များအား လွှင့်ပစ်ခိုင်းသဖြင့် ဂေါ်ရာကန်အနီးရှိ အမှိုက်ပုံတွင် လွှင့်ပစ်ပေးခဲ့ရကြောင်း ထွက်ဆိုထားသည်ဟု ဆိုသည်။

ဇနီးဖြစ်သူကို ရိုက်သတ်သည်ဟုဆိုသော အသက် ၄၅ နှစ်အရွယ် အမျိုးသားနှင့် ၎င်းကို ကူညီပေးခဲ့သည်ဟုဆိုသော အသက် ၂၄ နှစ်အရွယ် အမျိုးသားနှစ်ဦးကို ဥပဒေအရ အရေးယူနိုင်ရန် ဖမ်းဆီးချုပ်နှောင်ထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

❍

S -08

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ရောဝတီဖောင်ဒေးရှင်းက မန္တလေးတွင်ကုတင် ၃၀၀ ဆံ့ COVID-19 ကုသရေးဌာန ထပ်မံတည်ဆောက်

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

မန္တလေးမြို့တွင် ကုတင် ၃၀၀ ဆံ့ COVID-19 ကုသရေးဌာန၊ ရောဝတီစင်တာကို ထပ်မံတည်ဆောက်မည်ဖြစ်ပြီး ယင်းဌာနတွင် တာဝန်ထမ်းဆောင်လိုသည့် မန္တလေးမြို့မှ စေတနာ့ဝန်ထမ်းများကို ဖိတ်ခေါ်ထားသည်။

ရောဝတီစင်တာ တည်ဆောက်ရေးအတွက် ပြည်ပမှမှာယူတင်သွင်းခဲ့သော Tent များ၊ ဆေးရုံသုံးကုတင်နှင့် ဆက်စပ်ပစ္စည်းများလည်း ရောက်ရှိနေပြီဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကိုစတင်နေပြီဖြစ်ကာ Covid-19 ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးနိုင်မည့် Test & Care စင်တာတစ်ခုလည်း ပါဝင်မည်ဖြစ်သည်။

၎င်းဆေးရုံသည် HDU နှင့် Oxygen Therapy ကုတင် ၁၀၀ ပါဝင်သည့် ကုတင် ၃၀၀ဆံ့ဖြစ်ပြီး ကုသရေးအတွက် ဆရာဝန်၊ သူနာပြု စေတနာ့ဝန်ထမ်းများ၊ ပြုပြင်ထိန်းသိမ်းရန်အတွက် အင်ဂျင်နီယာနှင့် M&E စေတနာ့ဝန်ထမ်းများ၊ လူနာများကို ပြုစုစောင့်ရှောက်ရန်နှင့် စီမံခန့်ခွဲရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် မန္တလေးမြို့မှ စေတနာ့ဝန်ထမ်းများကို ရောဝတီဖောင်ဒေးရှင်းက ဖိတ်ခေါ်ထားသည်။

တာဝန်ထမ်းဆောင်ကြမည့်စေတနာ့ဝန်ထမ်းများ၏ စားသောက်ရေး၊ နေထိုင်ရေးနှင့် လိုအပ်သော ကာကွယ်ရေးပစ္စည်းများ( PPE ဝတ်စုံများ၊ နှာခေါင်းစည်းများ၊ အခြားလိုအပ်ချက်များ )ကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်ပြီး တာဝန်ထမ်းဆောင်မည့်သူများကို စေတနာ့ဝန်ထမ်းဆင့်ပွားအသိပညာများကို ပို့ချပေးမည်လည်းဖြစ်သည်။

စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ရက်သတ္တပတ် အနည်းဆုံး ၄ ပတ်မှ အများဆုံး ၆ ပတ်အထိ ကြာမြင့်မည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရမည့် ကာလသည် လုပ်ငန်းတာဝန်ထမ်းဆောင်ပြီး၍ စောင့်ကြည့် (Quarantine) ကာလအထိပါရှိပြီး ရောဝတီဖောင်ဒေးရှင်းက အပြည့်အဝ တာဝန်ယူပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

တာဝန်ထမ်းဆောင်ရန်အတွက် သတ်မှတ်ချက်များ အသက် ၂၀နှစ်မှ ၃၅နှစ်အတွင်း၊ နာတာရှည်ရောဂါအခံမရှိသူ၊ ကျန်းမာရေးအထူးကောင်းမွန်သူ၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိသူ၊ ဆေးလိပ်၊ အရက်သေစာမသောက်သုံးသူ၊ သတ်မှတ်ထားသော ညွှန်ကြားချက်များကို အတိအကျလိုက်နာနိုင်သူ၊ နိုးကြားတက်ကြွသူ၊ လူနာများကို လေးစားဂရုစိုက်နိုင်သူ၊ သတ်မှတ်ထားသောနေရာတွင် သတ်မှတ်ထားသော အချိန်အတိုင်း အတိအကျ အပြည့်အဝ နေထိုင်နိုင်သူ မန္တလေးမြို့တွင် နေထိုင်သူဖြစ်ရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

❍

S-09



Photo by Ayeyarwady Foundation

The VOICE Sunday

The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)

**Chief Editor** - Aung Kyaw Soe. **Legal Advisors** - U Hla Sein (Advocate),
**Editor in Charge** - Aung Aung Tun. **Senior Editor** - Nay Zar Kyaw.
**Editors** - Pwint Zin Maw Hein, Nilar Myint.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han.
**Manager (DTP)** - Ma Khine . **Designer** - Saw Elijah.
**Senior Reporters** - Aung Htet , Khaing Soe Lin , Thet Shine Thu, Aung Thet Ko, Zaw Moe Lwin.
**Reporters** - Pyae Phyo Myint Mon, Kyaw Phyo.
**Mandalay Reporters** - Ye Win Naing.
**Regional Reporters** - Zay Yar Ko, Yan Naing, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Min Min Aung, Ma Ma, Khin May San, Nay Naing, Lwin Aye.
**Photographer** - Ye Pyae Zar Ni. **Advertising** - Zaw Zaw Aung.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com, **Website** - www.thevoicemyanmar.com,
**Office** - No. 38, Second Floor, Moe Kaung Road, Yankin Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080. **Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 403960007 **(Distribution)**
**E-mail**-Admin; Chief Editor : ceditor.thevoicemyanmar@gmail.com
**News Room** : newsroom.thevoicemyanmar@gmail.com

## Editor's Word

# ခေတ်အဆက်ဆက် ပြောနေရဦးမယ့် စည်းကမ်းကိစ္စ

အင်္ဂလိပ်ဆိုရိုးတစ်ခုဖြစ်တဲ့ The Night Has a Thousand Eyes ဆိုတာကို စာဖတ်ဝါသနာပါသူတွေ အတော်များများသိကြမှာပါ။ မြန်မာလိုတောင် 'ညမှာမျက်လုံးတစ်ထောင်ရှိတယ်' ဆိုပြီး ပြန်ဆိုကြတာတွေရှိခဲ့ပါတယ်။ ပြောချင်တာကတော့ မကောင်းမှုလုပ်တာတို့၊ စည်းကမ်းဖောက်ဖျက်တာတို့ဆိုတာတွေကို ဘယ်သူမှမတွေ့နိုင်ဘူးလို့ထင်ရတဲ့ ညနက်ကြီးထဲမှာတောင် မလုပ်သင့်ဘူးလို့ ဆိုလိုတာပါ။

အဲဒီဆိုရိုးအရဆိုရင် သည်ကနေ့လို နည်းပညာတွေအင်မတန်ထွန်းကားနေတဲ့ခေတ်ကြီးထဲမှာ 'The Night Has a Billion Eyes' လို့တောင်ပြောင်းလဲပြောဆိုရမလိုပါပဲ။ စည်းကမ်းဖောက်မယ်၊ မဟုတ်တာတွေလုပ်မယ်မကြံလေနဲ့ မိုလ်ဘိုင်းဖုန်းနဲ့ မှတ်တမ်းတင်နိုင်မယ့်သူတွေ နေရာတကာမှာရှိနေတဲ့အတွက်ကြောင့်ပါ။ ဒါပေမဲ့လည်း အဲဒီလို မိုလ်ဘိုင်းဖုန်းတွေ၊ စီစီတီဗီကင်မရာတွေနဲ့ အချိန်ပြည့် မှတ်သားထားနိုင်၊ မှတ်တမ်းတင်ထားနိုင်တဲ့အခြေအနေတွေ ဘယ်လောက်ပဲရှိရှိ စည်းကမ်းဖောက်တာတွေကတော့ သိသိသာသာကြီးလျော့ကျမသွားသေးပါဘူး။

လူ့သဘောလူ့မနောဆိုတာ စည်းကမ်းတို့၊ စည်းမျဉ်းဥပဒေတို့လို့ဆိုလိုက်တာနဲ့ အများစုက (ခေတ်စကားအရ) သူတို့ကို ချုပ်မယ့်အရာတွေ၊ ချည်မယ့်ဟာတွေလို့ပဲ ထင်လေ့ရှိတတ်ပါတယ်။ ကန့်သတ်ချုပ်ခြယ်မှုတွေ ဖိနှိပ်မှုတွေ မျိုးဆက်အလိုက်ခံခဲ့ရတဲ့ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းထဲမှာ စည်းကမ်းဆိုတာကို အာဏာပိုင်တွေရဲ့ ဖိနှိပ်ကန့်သတ်မှုအဖြစ်ရှုမြင်တတ်တဲ့အကျင့်ရှိတတ်ပါတယ်။

စည်းကမ်းနဲ့ လွတ်လပ်ခွင့်ကို ခွဲခြားနားလည်တာမျိုးနည်းနေတတ်ပါတယ်။ အဲဒီတော့ အာဏာရှင်ဆန်တဲ့စနစ်တွေ၊ အဖွဲ့အစည်းတွေကို ဆန့်ကျင်ဖို့ဆိုရင် စည်းကမ်းဖောက်ရမယ်ဆိုတဲ့ သဘောမျိုးဖြစ်လေ့ရှိခဲ့ကြပါတယ်။

ပညာရေးသင်ကြားပိုင်းမှာလည်း လွတ်လပ်ခွင့်ကိစ္စကို စည်းကမ်းကိစ္စနဲ့ သဲသဲကွဲကွဲဖြစ်အောင် သင်ကြားပေးနိုင်တာမျိုးမရှိခဲ့တော့ပိုဆိုးတာပေ့ါ။ ယခုကပ်ရောဂါကြီးထိန်းချုပ်ရာမှာလည်း အဲဒီစည်းကမ်းကိစ္စဟာ ရာနှုန်းပြည့်မဟုတ်သော်လည်း အတော့်ကိုအခရာကျတဲ့အပိုင်းကနေပါဝင်နေပါတယ်။ နှာခေါင်းစည်းမတပ်ဘဲသွားလာနေတဲ့သူ၊ စည်းမဲ့ကမ်းမဲ့အုပ်စုဖွဲ့သွားတာနေတဲ့သူတွေကို မြင်ရတိုင်း စည်းမျဉ်းစည်းကမ်းလိုက်နာပြီး ရောဂါထိန်းချုပ်ဖို့ကြိုးစားနေသူတွေမှာ စိတ်ဆင်းရဲကြရပါတယ်။

အဲဒီတော့ လူ့အဖွဲ့အစည်းထဲမှာ အများစုက ဘယ်လိုစည်းကမ်းမျိုးပဲဖြစ်ဖြစ် အလွယ်တကူချိုးဖောက်တဲ့ သဘောမျိုးတွေကို နေ့တဓူဝပုံစံနဲ့တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း၊ ကျောင်းစည်းကမ်း၊ အလုပ်ခွင်စည်းကမ်း၊ ဝန်ထမ်းစည်းကမ်း၊ မီဒီယာစည်းကမ်း၊ ကုန်သွယ်မှုစည်းကမ်း၊ ဆရာဝန်စည်းကမ်း၊ ကူးသန်းရောင်းဝယ်ရေးစည်းကမ်း၊ ဝန်ထမ်းစည်းကမ်း၊ စစ်စည်းကမ်း စတာတွေနဲ့ ပတ်သက်ပြီး နယ်ပယ်အသီးသီးမှာ စည်းကမ်းကိုအရေးမစိုက်တာတွေဘယ်လောက်များများရှိနေပြီလဲဆိုတာ တကယ့်ကို စိတ်ဝင်စားစရာဖြစ်သလို စေ့စေ့တွေးရုံနဲ့ ရင်လေးစရာပဲဖြစ်ပါတယ်။

ဘယ်လိုပဲခေတ်တွေဖြတ်သန်းခဲ့တာပဲဖြစ်ဖြစ် လာမယ့် ရွေးကောက်ပွဲအပြီးမှာ ဘယ်ပါတီပဲနိုင်နိုင်၊ ဘယ်လိုအစိုးရမျိုးပဲပြောင်းပြောင်း အရေးအကြီးဆုံးက စည်းမဲ့ကမ်းမဲ့နိုင်လှတဲ့ အလေ့အထကြီးဟာ မြန်မာ့အကျင့်စရိုက်အဖြစ် အရိုးစွဲမသွားဖို့ သတိထားပြုပြင်ကြရမှာပဲဖြစ်တယ်လို့ ပြောချင်ပါတယ်။

**အယ်ဒီတာ (၃၁ - ၁၀ - ၂၀၂၀)**

# ပါတီမိတ်ဆက်

**ပါတီအမည်** - ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ
**ပါတီဥက္ကဋ္ဌ** - ဦးမင်းမင်းထွန်း
**ပါတီအတွင်းရေးမှူး** - ဦးဌေးလွင်
**ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့** - ၂၈ - ၄ - ၂၀၁၅
**ပါတီအမှတ်စဉ်** - ၈၂
**ပါတီနယ်မြေ** - ပြည်ထောင်စုတစ်ဝန်းလုံး
**ပါတီရုံးချုပ်** - တိုက် (၉)၊ အခန်း (၁၀၅)၊ ရွှေလင်ပန်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး။

**ပါတီမူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များ**



(၁) ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်။
(၂) ပါတီတွင်း/ ပါတီပြင်ပတွင် ဒီမိုကရေစီကျင့်စဉ်ဖြစ်သော အများဆန္ဒအရ ဆောင်ရွက်မည်ဖြစ်ပြီး အနည်းဆန္ဒအား အသိအမှတ်ပြုလက်ခံသည်။
(၃) အမျိုးသားရေးကို အမြဲဦးထိပ်ထားဆောင်ရွက်မည်။
(၄) ပါတီအားလုံးနှင့် တန်းတူရည်တူ ဆက်ဆံမည်။
(၅) ရည်ရွယ်ချက်၊ ယုံကြည်ချက်တူသော ပါတီများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
(၆) အခြားနိုင်ငံရေးပါတီများအား ကောင်းမွန်သော ယှဉ်ပြိုင်ခြင်းဖြင့် ယှဉ်ပြိုင်သွားမည်။
(၇) ပြည်သူလူထုအား မင်းမဲ့စရိုက်ဖြင့် အကြမ်းဖက်ခံရခြင်းမှ လုံခြုံမှု အာမခံချက် ရရှိနိုင်သည့် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှု လူနေမှုဘဝဖြစ်ပေါ်ရေးကို ဦးတည်သည်။
(၈) ပြည်သူတစ်ရပ်လုံး စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးလိုအပ်ချက်များ မရှိစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ဖြစ်ပေါ်အောင် ဆောင်ရွက်မည်။
(၉) ပါတီသည် တိုင်းပြည်နှင့် နိုင်ငံသားများအတွက်သာ ဖြစ်စေရမည်။ မည်သူ့အတွက်မှ မဖြစ်စေရ။
(၁၀) ပါတီတည်ထောင်ခြင်း၊ ဖွဲ့စည်းခြင်း၊ ပါတီအား မိတ်ဆက်ခြင်း၊ ပါတီဝင် စုဆောင်းရန် စည်းရုံးခြင်း၊ ရွေးကောက်ပွဲအဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်သွားမည်။
(၁၁) နိုင်ငံတော်ကကျင့်သုံးသော နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ ဥပဒေပြုရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်၊ ပညာရေးစနစ်၊ ကျန်းမာရေးစနစ်၊ မြေယာစနစ်တို့ကို လွတ်လပ်စွာ တိုးတက်ခေတ်မီနေစေရန် ဆောင်ရွက်မည်။
(၁၂) ပြည်သူလူထုများ၏ လွတ်လပ်ခွင့်များ အစဉ်အမြဲရှင်သန်နေစေရေးကို ရှေးရှုပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးနှင့် အားကစားတို့ကို လွတ်လပ်စွာဖွံ့စည်းထူထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်။

**ရွေးကောက်ပွဲ ဆောင်ပုဒ်**
**'ပြည်သူ့ဘဝ တိုးတက်မြင့်မားဖို့ ဒေါင်းဖြူကိုသာ မဲပေးစို့'**

**ပါတီအမည်** - လူ့ဘောင်သစ်ပါတီ (NSP)
**ပါတီဥက္ကဋ္ဌ** - ဦးဇေယျ
**ပါတီအတွင်းရေးမှူး** - ဦးအောင်ဇေယျ
**ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့** - ၃ - ၆ - ၂၀၁၅
**ပါတီအမှတ်စဉ်** - ၈၅
**ပါတီနယ်မြေ** - ပြည်ထောင်စုတစ်ဝန်းလုံး
**ပါတီရုံးချုပ်** - အမှတ် (၂၃၆။ ၂၃၈)၊အခန်း(၈)၊ မဟာဗောဓိလမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ရွေးကောက်ပွဲ ကြေညာစာတမ်း**





(၁) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူ၍ အပိုင်း(၃)ပိုင်း ကန့်သတ်ထားပြီး တစ်ပိုင်းစီသည် ဘာသာရပ်အလိုက် ရပ်တည်၍ တစ်ခုအပေါ် စွက်ဖက်လွှမ်းမိုးခြင်းမရှိစေရ။ မဏ္ဍိုင် (၃)ရပ်သည် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရမည်။
(၂) ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း စသော လောကပါလတရားတို့နှင့်အညီ ဖြစ်စေရမည်။
(၃) နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားသည် ပြည်သူလူထုအား ဖိနှိပ်သည့်ပုံစံမဖြစ်စေဘဲ ပြည်သူလူထု၏ အကျိုးစီးပွားကို သယ်ပိုးဖြည့်ဆည်းကာကွယ်ပေးမည့် စီမံခန့်ခွဲမှုပုံစံ ဖြစ်စေရမည်။ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားသည် ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကို ထိရောက်စွာကျင့်သုံးရမည်။
(၄) ကိုးကွယ်ရာဘာသာမရွေး၊ ယောကျ်ား၊ မိန်းမမရွေး၊ ရာထူးဌာနန္တရ မရွေး၊ လူမျိုး၊ ဇာတိမခွဲခြားဘဲ နိုင်ငံတော်တရားဥပဒေအရာတွင် အညီအမျှ ဖြစ်စေရမည်။
(၅) တရားစီရင်ရေးမဏ္ဍိုင်သည် ဒီမိုကရေစီသဘောတရား အခြေခံလူ့အခွင့်အရေးများနှင့် ကိုက်ညီ၍ ဥပဒေ ပြုရေးမဏ္ဍိုင်နှင့် တူညီသောအဆင့်အတန်းဖြင့် လွတ်လပ်စွာတည်ရှိစေရမည်။ တရားရုံးချုပ်သည် မိမိလက်အောက်ရှိ တရားရုံးများကိုလွတ်လပ်ပိုင်နိုင်စွာကွပ်ကဲနိုင်ခွင့်ရှိစေရမည်။ တရားစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်းများကို အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာဆောင်ရွက်ရမည်။
(၆) အစိုးရအုပ်ချုပ်မှုစနစ်ကို အထိန်းအကွပ်ပြုမည့် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းစနစ် အင်စတီကျူရှင်းများကို အားဖြည့်တည်ဆောက်မည်။ ဥပမာအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ သီးခြားလွတ်လပ်သည့် ရွေးကောက်ပွဲကော်မရှင်၊ လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့။
(၇) အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် လွတ်လပ်စွာဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်များကို လွတ်လပ်စွာခံစားကျင့်သုံးနိုင်စေရမည်။
(၈) နှစ်(၇၀)ကျော် ဖြစ်ပွားနေသော ပြည်တွင်းစစ် ရပ်ဆိုင်းစေရန် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသွားမည်။ ပြည်တွင်းငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အခြေခံကျသဖြင့် အမြန်ဆုံးဆောင်ရွက်သွားမည်။

**ရွေးကောက်ပွဲဆောင်ပုဒ်**
**'လူမှုဘဝမြှင့်တင်ဖို့ လူ့ဘောင်သစ်ပါတီကို မဲပေးစို့'**

**ပါတီအမည်** - ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ
**ပါတီဥက္ကဋ္ဌ** - ဒေါ်တင်တင်ချို
**ပါတီအတွင်းရေးမှူး** - ဦးတင်အေး
**ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့** - ၁၆ - ၆ - ၂၀၁၅
**ပါတီအမှတ်စဉ်** - ၈၇
**ပါတီနယ်မြေ** - ပြည်ထောင်စုတစ်ဝန်းလုံး
**ပါတီရုံးချုပ်** - အမှတ် (၁၃၃)၊ ငန်းတေးလမ်းမကြီး၊ မော်လမြိုင်မြို့ မွန်ပြည်နယ်။

**ပါတီရည်ရွယ်ချက်၊ မူဝါဒများ**




(၁) ပြည်သူလူထုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အားလုံးနှင့်အတူလက်တွဲပူးပေါင်းပါဝင်နိုင်ရေး။
(၂) ပါတီစုံစနစ် တည်တံ့ခိုင်မာရေးနှင့် အချုပ်အခြာအာဏာသည် ပြည်သူထံမှ ဆင်းသက်ရေး။
(၃) ပြည်သူ့ကိုယ်စားလှယ်များသည် လူတစ်ဦးတစ်ယောက် ထင်ပေါ်ကျော်ကြားမှုကြောင့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပေါ်နေခြင်းသည် လွှတ်တော်၏ ပုံရိပ်ကျဆင်းစေခြင်းနှင့် နိုင်ငံ၏ ပုံရိပ်ကျဆင်းစေခြင်းမျိုးကို ရှောင်ကွင်းလိုပြီး အမှန်တကယ် ဥပဒေများ၊ အတတ်ပညာများ၊ ပြည်သူ့လိုအပ်ချက်များကို တင်ပြနိုင်သော အရည်အချင်းပြည့် လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ပေါက်ရေး။
(၄) နိုင်ငံအတွက် လူမျိုးအတွက် ရည်ရွယ်ချက်တူပါတီများ စုပေါင်း၍ အမျိုးသားနိုင်ငံရေးနှင့် ပြည်သူများအကျိုးအတွက် တပ်ပေါင်းစုကြီးတစ်ရပ် ပေါ်ထွန်းလာရေး။
(၅) လက်နက်ကိုင် ပဋိပက္ခ အမြစ်ပြတ် ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး။
(၆) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး။
(၇) နိုင်ငံသားအားလုံးသည် လူမျိုးဘာသာမခွဲခြား၊ ကျား/မ မခွဲခြား၊ နိုင်ငံတစ်ခုဖွံ့ဖြိုးသာယာလှပရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ဒီမိုကရေစီစိတ်ဓာတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး။
(၈) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကျေးဇူးသစ္စာကို အမြဲစောင့်သိရိုသေပြီး နိုင်ငံတော်အာဏာသည်အမြဲတမ်း နိုင်ငံသားများထံမှ ဆင်းသက်စေရမည်။
(၉) နိုင်ငံတော်၏ အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူမည်။
(၁၀) နိုင်ငံသူ၊ နိုင်ငံသားတို့အပေါ် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ အသိအမှတ်ပြုမှု၊ ရိုးသားမှု၊ တန်းတူညီမျှမှု၊ သဘောထားကြီးမှု၊ သစ္စာရှိမှု၊ အထွေထွေနားလည် သဟဇာတဖြစ်မှုတို့ကို ဦးတည်သည်။
(၁၁) နိုင်ငံတော်ကို အဂတိလိုက်စားမှု ကင်းစင်သည့် နိုင်ငံတော်အဖြစ် စနစ်တကျ ကြိုးပမ်းသွားမည်။

**ပါတီအမည်** - မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ
**ပါတီဥက္ကဋ္ဌ** - ဦးအောင်မျိုးခိုင်
**ပါတီအတွင်းရေးမှူး** - ဒေါ်စန်းစန်းကျော့
**ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့** - ၉ - ၁၂ - ၂၀၁၄
**ပါတီအမှတ်စဉ်** - ၇၉
**ပါတီနယ်မြေ** - ပြည်ထောင်စုတစ်ဝန်းလုံး
**ပါတီရုံးချုပ်** - အမှတ် (၂)၊ တကောင်းဘုရားလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး။

**ပါတီရည်ရွယ်ချက်များ**





(၁) စည်းကမ်းနှင့် ပညာရည်ပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ပြည်သူ့ဗဟိုပြု၊ ပြည်သူ့စွမ်းအားဖြင့် တည်ဆောက်သွားရန်။
(၂)တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားသည် ဒီမိုကရေစီစနစ်၏ အသက်သွေးကြော၊ ပြည်သူတစ်ရပ်လုံး၏ စိတ်ဓာတ်မြင့်မားမှုနှင့် ပညာရည်ပြည့်ဝမှု၊ စည်းလုံးညီညွတ်မှုသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့်အတွက် ထိုတရားများလွှမ်းခြုံသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူလက်တွဲဆောင်ရွက်ရန်။
(၃) မြန်မာ့တပ်မတော်သည် ပြည်သူနှင့်လက်တွဲပြီးလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း၊ လွတ်လပ်ရေးဆုံးရှုံးမသွားရအောင် ပြည်တွင်း၊ ပြည်ပရန်ကို ကာကွယ်ခြင်း၊ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း သမိုင်းဂုဏ်ရှိသည်နှင့်အညီ ပြည်သူနှင့် တပ်မတော် လက်တွဲဆောင်ရွက်သွားရန်။
(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘက်စုံ၊ ထောင့်စုံ၊ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး အဟန့်အတားမရှိစေရန်အတွက် လိုအပ်သော နိုင်ငံတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများအကြား ညီညွတ်မှုတစ်စွာလက်တွဲဆောင်ရွက်သွားရန်။
(၅) တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ကျောင်းသားများ၊ တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ဖြစ်သော မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ဒီမိုကရေစီလူ့ဘောင်အတွင်းမှ တရားမျှတသော ဥပဒေများနှင့်အညီ တန်းတူညီတူ လူ့အခွင့်အရေးအပြည့်အဝရရှိအောင် ဆောင်ရွက်သွားရန်။
(၆) မြန်မာပြည်၏ ရာနှုန်းပြည့်နီးပါး အရေအတွက် ဖြစ်သောအခြေခံလူ့အဖွဲ့အစည်းနှစ်ရပ်ဖြစ်သည့် တောင်သူလယ်သမားနှင့် အလုပ်သမားအားလုံးတို့၏ လူမှုစီးပွားဘဝ၊ ပညာရေး၊ကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရန်။
(၇) လွတ်လပ်၍ တရားမျှတသည့် တရားစီရင်ရေးစနစ် အားကောင်းလာစေရေး တရားမျှတသည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ ပြဋ္ဌာန်းပြီးဖြစ်သည့် တရားမျှတသည့် ဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များသည် ပြည်သူလူထုတစ်ရပ်လုံး သောကကင်းစွာသာယာအေးချမ်းသည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည့်အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။
(၈) နိုင်ငံတော်အတွင်း အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံအကျိုးပြု လူ့အရင်းအမြစ်များ လွှမ်းခြုံနိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။
(၉) အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးစရိုက်လက္ခဏာများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်နှင့် မြတ်နိုးတန်ဖိုးထားတတ်စေရန်။

# ပုဂံဒေသတွင် စက်ယန္တရားကြီးများအသုံးပြုကာ မြေကျင်းတူး၍ သစ်ပင်စိုက်ခြင်းကို UNESCO က စုံစမ်းမှုများပြုလုပ်

**မန္တလေး၊ အောက်တိုဘာ ၃၁**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း စက်ယန္တရားကြီးများ အသုံးပြုကာ မြေကျင်းများတူး၍ သစ်ပင်စိုက်ပျိုးခြင်းများနှင့် ပတ်သက်၍ UNESCO က စုံစမ်းမှုများ ပြုလုပ်နေကြောင်း ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲထံမှ သိရသည်။

ပုဂံဒေသတွင် သစ်ပင် ၃၀၀၀ စိုက်ပျိုးရေးအပါအဝင် ပုဂံဒေသ သာယာလှပရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် သစ်ပင်များစိုက်ပျိုးနိုင်ရန် မြေတူးလုပ်ငန်းများကိုစက်ယန္တရားကြီးများဖြင့်ဆောင်ရွက်ခဲ့ရာ ထိခိုက်မှုများရှိသဖြင့် UNESCO က စုံစမ်းမှုများ ပြုလုပ်လာခြင်း ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြောကြားသည်။

"စက်ယန္တရားကြီးတွေသုံးပြီး လုပ်တဲ့အခါကျတော့ ထိခိုက်မှုတွေရှိလာတာပေါ့။ ဒါတွေကို ဘယ်လိုစီမံခန့်ခွဲမလဲပေါ့နော်။ ဒီအခြေအနေတွေကို တင်ပြဖို့ပြောတယ်။ ကျွန်တော်တို့က တစ်ခုတော့ အကြောင်းပြန်ထားတယ်။ ဇုန်ထဲမှာ စိုက်ပျိုးတာတွေ ဆက်ပြီး မလုပ်ခိုင်းဘူး။ နေရာရွှေ့ခိုင်းတယ်။ တူးပြီးသား ရှိနေတာတွေကိုလည်း ပြန်ဖို့ဖို့ ပြောပြထားတယ်။ ဒီတော့ ပြန်ဖို့တဲ့ ဟာတွေကို မှတ်တမ်းဓာတ်ပုံနဲ့ တင်ပြဖို့ ယူနက်စကိုက ပြောတယ်" ဟု ၎င်းက ရှင်းပြသည်။

ပုဂံဒေသ သာယာလှပရေးလုပ်ငန်းများကို ပုဂံဒေသဇုန်ဝင်ကြေးမှ ရရှိသည့် ကျပ်သန်း ၂၅၂၀ ဖြင့် ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ တရုတ်စံကား၊ ငုရွှေဝါ၊ စိန်ပန်း စသည့်အပင်များ အပါအဝင် ဒေသမျိုးရင်း အပင် ၃၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းများ အပါအဝင် လိုအပ်သည့် စက်ယန္တရားများ ဝယ်ယူခြင်း၊ ဂျင်း၊ မြေ (မြေသားလမ်း) လမ်းခင်းခြင်းများ၊ လမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်းများ၊ အမှိုက်မီးရှို့စက် ဝယ်ယူခြင်းများ ပါဝင်ကြောင်း ညောင်ဦးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။

လက်ရှိအချိန်တွင် အပင် ၁၅၀၀ ခန့် စိုက်ပျိုးထားပြီးဖြစ်ကာ အပင်စိုက်ပျိုးရန် တူးထားသည့် ကျင်း ၇၀၀ ခန့်ကို ပြန်ဖို့ရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်း၊ စိုက်ပျိုးရန် ကျန်ရှိသည့်အပင်များကို အနီရောင်ဇုန်နှင့် လွတ်ကင်းရာ အဝါရောင်ဇုန်အတွင်း စိုက်ပျိုးရန် ညွှန်ကြားထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲထံမှ ထပ်မံသိရသည်။

ပုဂံဒေသသည် မြန်မာမျိုးသားရေး လက္ခဏာတစ်ရပ်အနေဖြင့်လည်းကောင်း၊ များပြားလှသည့် ရှေးဟောင်းလက်ရာ စေတီပုထိုးများကြောင့်လည်းကောင်း ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရာ နေရာအဖြစ် ကမ္ဘာကျော်သည့်နေရာ တစ်ခု ဖြစ်သည်။



ဓာတ်ပုံ - ညောင်ဦးခရိုင်ထွေအုပ်

ပုဂံဒေသကဲ့သို့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နေရာများတွင် စီမံကိန်းများ လုပ်ဆောင်ရာ၌ အမွေအနှစ်ပေါ် မည်မျှ ထိခိုက်မှုရှိနိုင်သနည်းဆိုသည့် ဆန်းစစ်ချက်များ လုပ်ဆောင်ပြီးမှသာ လုပ်ဆောင်သင့်ကြောင်း၊ ရေရှည်ကိုကြည့်ပြီးမှသာ လုပ်ဆောင်သင့်ကြောင်း အမွေအနှစ်ကျွမ်းကျင်သူအချို့က မှတ်ချက်ပြု ပြောဆိုကြသည်။

ယူနက်စကိုက ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခုလုံးကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နေရာအဖြစ် သတ်မှတ်ခဲ့သည်။

❍ ရတီ

## POLITICAL PARTY

ပါတီမိတ်ဆက် ပါတီမိတ်ဆက် ပါတီမိတ်ဆက်






**ပါတီအမည်** - လမ်းပြကြယ်ပါတီ (GSP)
**ပါတီဥက္ကဋ္ဌ** - ဦးဇော်ဝင်းတင့်
**ပါတီအတွင်းရေးမှူး** - ဦးညိုလင်းမောင်
**ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့** - ၂၀ - ၅ - ၂၀၁
**ပါတီအမှတ်စဉ်** - ၈၃
**ပါတီနယ်မြေ** - ပြည်ထောင်စုတစ်ဝန်းလုံး
**ပါတီရုံးချုပ်** - အမှတ် (၁၅၃၆)၊ ၆ လမ်း၊ အလင်းရောင်(၁)ရပ်ကွက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး။

**ပါတီမူဝါဒသဘောထားနှင့်လုပ်ငန်းစဉ်များ**

(၁) နိုင်ငံတော်၏ ကြွယ်ဝသောသယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများလုံလောက်စွာ သုံးစွဲနိုင်စေရမည်။ စိုက်ပျိုးရေးကဏ္ဍတွင်သာမက စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေးအတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့ကို ပြည်သူများမှ အားဖြည့်ဆောင်ရွက်ပေးရန် တိုက်တွန်းကြိုးပမ်းသွားမည်။

(၂) ပြည်သူလူထု၏ဘဝနှင့်ကိုယ်ပိုင်ဆုံးဖြတ်ချက် တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားရေးကို ဦးစားပေးဆောင်ရွက်မည်။

(၃) တိုင်းရင်းသားလူမျိုးအားလုံး၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ပညာရေး၊ လူမှုရေး၊ ဘာသာစကားနှင့် တိုင်းရင်းသားလူမျိုးစုအားလုံး၏ ကိုးကွယ်သည့်ဘာသာများအား ဖွံ့ဖြိုးတိုးတက်အောင်ရွက်မည်။

(၄) မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများသည် တမြေတည်းပေါက် သွေးရင်းသားရင်းများဖြစ်ကြသည်ကို မငြင်းနိုင်ပေ။ နေထိုင်ရာဒေသကိုလိုက်၍ တစ်ဦးနှင့်တစ်ဦး အနေခြားသော်လည်း တိုင်းရင်းနွယ်ဖွားလူမျိုးအားလုံးနှင့် နိုင်ငံသားများအပါအဝင် ၎င်းတို့၏ လူမှုဘဝအဆင့်အတန်းမြှင့်တင်ကောင်းစားရေးကို ရည်မျှော်၍ စိတ်ဓာတ်ရေရှည်မြင့်မားတည်တံ့ရေးကို အမျိုးသားရေးပန်းတိုင်ဖြင့် စွဲမြဲစွာ သမိုင်းတစ်လျှောက်တွင် သွေးက ပြောသောစကားကို တန်ဖိုးထားကာ အရေးကြီးသွေးစည်းညီညွတ်ကြမည်ဟု ခံယူသွားမည် ဖြစ်ပါသည်။

(၅) ကိုးကွယ်သည့်ဘာသာတရား၊ စာပေစကား သုခုမအနုပညာလက်ရာများ၊ ဓလေ့ထုံးတမ်းများ လေ့လာသုံးသပ်၍ တိုင်းရင်းနွယ်ဖွားလူမျိုးစုတစ်ခုချင်း၏ တိုးတက်လာသောခေတ်နှင့်အညီ လူမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမျိုးစုမပပျောက်ရေးကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် ရည်ရွယ်သည်။

(၆) နိုင်ငံတစ်နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် (နိုင်ငံ၏ စီးပွားရေးခိုင်မာတောင့်တင်းမှု)က အဓိကျသည်ဟု ယုံကြည်လက်ခံထားသည်။ နိုင်ငံခြားငွေကို အားကိုးရသော စီးပွားရေးစနစ်ကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်မည်။

(၇) နိုင်ငံတကာအဆင့်မီ ပညာရေးစနစ် ဖြစ်ပေါ်ရေးအတွက် အမျိုးသားပညာရေးဥပဒေကို စဉ်ဆက်မပြတ် အကဲခတ်မွမ်းမံနေရမည်။ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု သဘောထားခံယူပါသည်။

(၈) ပြည်ထောင်စုနွယ်ဖွား တိုင်းရင်းသားများနှင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးဆောင်ရွက်ရာတွင် ပြည်ပအကူအညီများရယူ၍ ကျေးလက်နေပြည်သူများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို အစိုးရနှင့် ပုဂ္ဂလိကတို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး ဆေးပေးခန်းနှင့်ဒေသန္တရဆိုင်ရာ ကျေးလက်ဆေးပေးခန်းများကို ဖွင့်လှစ်သွားရန် ရည်ရွယ်သည်။

(၉) လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောမျိုးစေ့၊ ယန္တရား၊ မြေသြဇာ၊ စိုက်ပျိုးရေးအတွက် လုံလောက်သော စိုက်ပျိုးရေးစရိတ်ချေးငွေရရှိရန် ဆောင်ရွက်မည်။

(၁၀) နိုင်ငံသားဖြစ်ခွင့်ရပြီးသူများ နိုင်ငံသားအခွင့်အရေးတန်းတူအပြည့်အဝရရှိစေရန် ဆောင်ရွက်မည်။



**ပါတီအမည်** - အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ANDP)
**ပါတီဥက္ကဋ္ဌ** - ဦးထွန်းအောင်
**ပါတီအတွင်းရေးမှူး** - ဦးအားလယ်
**ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့** - ၈ - ၇ - ၂၀၁၅
**ပါတီအမှတ်စဉ်** - ၉၃
**ပါတီနယ်မြေ** - ရှမ်းပြည်နယ်အတွင်း
**ပါတီရုံးချုပ်** - အမှတ် (၂၀၁)၊အာခါဈေးလမ်း၊ ဝိန်းကျောက်ရပ်၊ တာချီလိတ်မြို့ ရှမ်းပြည်နယ်။

**ရည်ရွယ်ချက်၊ မူဝါဒသဘောထား**

(၁) ဒို့တာဝန် အရေးသုံးပါးကို အာခါတိုင်းရင်းသားများတစ်ရပ်လုံး သိရှိနားလည်ပြီး ခံယူစောင့်ထိန်းနိုင်ရန်။

(၂) ဒီမိုကရေစီ နိုင်ငံတော်သစ် ဖော်ဆောင်ရာတွင် အာခါတိုင်းရင်းသားများ၏ အခန်းကဏ္ဍ ပီပြင်စွာပါဝင်ရန်။

(၃) အာခါတိုင်းရင်းသားလူမျိုးတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့ကို ထိန်းသိမ်းမြှင့်တင်ရန်။

(၄) အာခါလူမျိုးစုတိုင်း နိုင်ငံသားအခွင့်အရေးတန်းတူရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ အခါတိုင်းရင်းသားများနေထိုင်ရာဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ စည်းရုံးဆောင်ရွက်ရန်။

(၅) ပြည်ထောင်စုဖွား ညီအစ်ကိုတိုင်းရင်းသားများ ရင်းနှီးချစ်ကြည်ခြင်း၊ အခြေခံလူမှုအခွင့်အရေးများ တန်းတူညီမျှမှုရှိခြင်း၊ လွတ်လပ်ခြင်း၊ အမျိုးသားယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ကို အခြေခံသော အမျိုးသားရေးဝါဒနှင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံရေးစနစ်ဖြင့်သာလျှင် စည်းလုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ခိုင်မာသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ထူထောင်နိုင်မည်ဟု ယုံကြည်လက်ခံသည်။

(၆) လွတ်လပ်မှု၊ တည်ငြိမ်မှုနှင့် လူမှုရေးတရားမျှတမှုတို့ ဟန်ချက်ညီပြီး ဥပဒေစိုးမိုးမှုကို အခြေခံသော ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံသည်။ စီးပွားရေးအာဏာများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဖြန့်ဝေပေးသော ချုပ်ကိုင်မှုလျှော့ချပြီး လွတ်လပ်မှုကို အားပေးသော ပုဂ္ဂလိကကဏ္ဍကို အားပေးသော စီးပွားရေးစနစ်ကို ယုံကြည်သည်။

(၇) နိုင်ငံသားများ၏ မတူညီသော ပါရမီ၊ အရည်အသွေးများကို ဖော်ထုတ်ပေးနိုင်သော ပညာရေးစနစ်ကို လက်ခံသည်။ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်နိုင်ရန် အတွက် တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ စာပေများ ပါဝင်သင်ကြားနိုင်သော ပညာရေးစနစ်ကို ယုံကြည်လက်ခံသည်။

(၈) ပြည်သူလူထုအတွက် အဓိကလိုအပ်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တပြေးညီဆောင်ရွက်သည့် ကျန်းမာရေးစနစ်ကိုလက်ခံသည်။ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပိုမိုတိုးတက်ခေတ်မီလာစေရန် နိုင်ငံတကာမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးသည့် ကျန်းမာရေးစနစ်ကို လက်ခံသည်။

(၉) ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ်၊ အမြော်အမြင် တူညီသည့် မည်သည့်ပါတီ၊ အဖွဲ့အစည်းနှင့်မဆိုတန်းတူရည်တူ ဆက်ဆံပြီး အခါအားလျော်စွာပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။

**ပါတီဆောင်ပုဒ်**

**'အာခါအမျိုးသားရေးဆောင်ရွက်ဖို့ 'ဒန်း' ပုံကို မဲပေးကြစို့'**

# COVID-19 ကူးစက်ခံရသည့်အရေအတွက်ထက် ဆေးရုံဆင်းခွင့်ရသူဦးရေက နှစ်ရက်ဆက်တိုက် ပိုများ

**ရန်ကုန်၊ အောက်တိုဘာ ၃၁**



ဓာတ်ပုံ-ရဲမြင့်ဇာနည်

မြန်မာနိုင်ငံတွင် နှစ်ရက်အတွင်း COVID-19 ကူးစက်ခံရသူ အရေအတွက် ထက် ဆေးရုံမှပြန်လည်ဆင်းခွင့်ရရှိသည့် အရေအတွက်မှာ ပိုမိုများပြားလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ အရသိရသည်။

အောက်တိုဘာလ ၂၉ ရက် ညရှစ်နာရီအချိန်က မြန်မာနိုင်ငံတွင် COVID-19 ဖြစ်ပွား၊ သေဆုံးမှုအခြေအနေကို ထုတ်ပြန်ခဲ့ရာ ၂၄ နာရီအတွင်း ဓာတ်ခွဲနမူနာပေါင်း ၁၄,၂၅၂ ခုကိုစစ်ဆေးခဲ့ရာ အတည်ပြုလူနာအသစ် ၁၃၃၁ ဦးကိုတွေ့ရှိခဲ့သလို ဆေးရုံဆင်းခွင့်ရရှိသည့်အရေအတွက်မှာ ၁၃၇၁ ဦးအထိရှိခဲ့သည်။

ယင်းအပြင် အောက်တိုဘာလ ၃၀ ရက် ညရှစ်နာရီအချိန်ထုတ်ပြန်ချက်အရ ဓာတ်ခွဲနမူနာပေါင်း ၁၃၄၉၀ ဦးကိုစစ်ဆေးခဲ့ရာ အတည်ပြုလူနာသစ် ၁၀၉၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ဆေးရုံမှဆင်းခွင့်ရရှိသူအရေအတွက်မှာလည်း ၁၃၂၃ ဦးအထိ ရှိခဲ့သည်။

ယင်းအတွက် မြန်မာနိုင်ငံတွင် COVID-19ဖြစ်ပွားသူအရေအတွက်မှာ ၅၁,၄၉၆ ဦးအထိ ရှိလာခဲ့သော်လည်း ဆေးရုံမှပြန်လည်ဆင်းခွင့်ရရှိသည့်အရေအတွက်မှာ ၃၁၃၃၀ ဦးရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ကာ နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ ၁၉၄၄ ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် COVID-19 ဖြင့် သေဆုံးခဲ့သူအရေအတွက်မှာလည်း အောက်တိုဘာလ ၂၄ ရက်မှစတင်ကာ အောက်တိုဘာလ ၃၀ ရက်အထိ ၃၀ ဦး အောက်အထိကျဆင်းမှုရှိလာခဲ့ပြီး အောက်တိုဘာလ ၃၀ ရက်နေ့၏ ထုတ်ပြန်ချက်အရ သေဆုံးအရေအတွက်မှာ ၂၀ ဦးသာ ရှိခဲ့သည်။

WHO ၏ အောက်တိုဘာ ၂၈ ရက်နေ့၏ ထုတ်ပြန်ချက်အရ COVID-19 ရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံ ၉၀ တွင် မြန်မာနိုင်ငံက အဆင့် ၇၅ တွင်ရပ်တည်နေသည်။ ❍ S-09

---

# အစပျိုးလုပ်ငန်းရှင်များနှင့် MSME များကို အခမဲ့အကြံဉာဏ်များပေးအပ်

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

အစပျိုး (Start - Up) လုပ်ငန်းရှင်များနှင့် MSME များကို ပြည်တွင်းရှိ ကျွမ်းကျင်ပညာရှင် (Expert) များထံမှ အကြံဉာဏ်များ အခမဲ့အကြံပေးဆွေးနွေးပေးလျက်ရှိကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ အစီအစဉ်အရ အစပျိုး (Start - Up) လုပ်ငန်းရှင်များနှင့် MSME များအနေနှင့် ပြည်တွင်းရှိ ကျွမ်းကျင်ပညာရှင် (Expert) များထံမှ မိမိလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံဉာဏ်များ တောင်းခံနိုင်ရန် အထောက်အပံ့ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ အောက်တိုဘာလ တတိယအပတ်က ဆရာကြီးဦးတင်လင်းနည်းပညာအကြံပေးက Food Science and Technology Association မှ စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးကို ကုန်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကုန်ပစ္စည်း Quality ပိုမိုကောင်းမွန်လာစေရန်နှင့် တာရှည်ခံစေရန်နည်းလမ်းများ၊ လိုအပ်သော ရေသန့်စင်မှုနည်းစနစ်များ၊ Humidity & Temperature ထိန်းညှိရန်နည်းလမ်းများ၊ Sterilization နည်းစဉ်များ၊ လိုအပ်သော Packaging & Labelling ပုံစံများ သိရှိစေရန်၊ ကုန်ကြမ်း၊ ကုန်ချောထားသိုထိန်းသိမ်းရန် နည်းစနစ်များနှင့် Food Safety ဆိုင်ရာ သိမှတ်ဖွယ်ရာများ စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြောင်း ယင်းဌာနထံမှ သိရသည်။

ကျွမ်းကျင်ပညာရှင်များထံမှ အကြံပြုချက်များရယူလိုသည့် လုပ်ငန်းရှင်များအနေနှင့် https://www.facebook.com/1597134087164727/posts/2387761848101943/ link ကို ဖတ်ရှု၍ ဆက်သွယ်တောင်းခံနိုင်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း ရန်ကုန်ပြင်ပ အခြားသောတိုင်း/ပြည်နယ်များမှ မေးမြန်းလိုသူများအနေနှင့် အွန်လိုင်းမှတစ်ဆင့် မေးမြန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်အနေနှင့် မိမိဖုန်း/ကွန်ပျူတာတွင် Zoom Application ထည့်သွင်းထားရန်၊ အီးမေးလိပ်စာတစ်ခုပိုင်ဆိုင်ထားရန်နှင့် အင်တာနက်သုံးစွဲနိုင်ရန်လိုအပ်ကာ ထိုသို့ Zoom မှတစ်ဆင့် ဆွေးနွေးလိုပါက consultancysme.20@gmail.com သို့ မေးလ်ပို့ ဆက်သွယ်နိုင်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။ ❍ S-07

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၄၀၃၉၆၀၀၀၆၊ ၀၉ ၄၀၃၉၆၀၀၀၇၊ ၀၉ ၄၀၃၉၆၀၀၀၈

---

# အလားအလာကောင်းသည့် ယာစပါးမျိုးများ အထွက်ယှဉ်ပြိုင်ခြင်း သုတေသနပြုလုပ်

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ နောင်မွန်စိုက်ပျိုးရေးသုတေသနခြံရှိ သုတေသနပညာရှင်များသည် ၂၀၂၀ ပြည့်နှစ်၊ မိုးရာသီတွင် အလားအလာကောင်း ယာစပါး ၁၄ မျိုးကို ဒေသစပါးမျိုးများနှင့် နှိုင်းယှဉ်၍ သုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနထံမှ သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နောင်မွန်စိုက်ပျိုးရေးသုတေသနခြံရှိသုတေသနပညာရှင်များသည် ယာစပါး၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းနှင့် မြေပဲသီးနှံသုတေသနများ ဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် လားရှိုးမြို့ စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ယာစပါးမျိုးများ ယှဉ်ပြိုင်သုတေသနစမ်းသပ်ခြင်း ကွင်းသရုပ်ပြပွဲကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ တတိယအပတ်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

COVID- 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လူစုလူဝေးမဖြစ်စေရန်အတွက် ကွင်းသရုပ်ပြပွဲအခမ်းအနားကို အချိန်သုံးချိန်ခွဲ၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လွယ်တောက်၊ ခါးသျှိ၊ မာန်ဖြိန်း၊ မန်ကောင်း၊ မန်ကတ်ကျေးရွာများမှ တောင်သူများ လာရောက်လေ့လာခဲ့ကြကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနထံမှ သိရသည်။

ကွင်းသရုပ်ပြပွဲသို့ လာရောက်ကြသည့် တောင်သူများကို ယာစပါးခင်းအတွင်း ပေါင်း၊ မြက်ကာကွယ်နှိမ်နင်းနည်းများ၊ ယာစပါးမျိုးသန့်စိုက်ပျိုးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ယာစပါးမျိုးသန့်များကို အခမဲ့ပေးဝေမည့် အစီအစဉ်များလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ယာစပါး ၃ မျိုးဖြစ်သည့် TP-30672 ၊ TP-30460 ၊ IR 82635-B-B-75-2 နှင့် ဒေသယာစပါး ၂ မျိုး ဖြစ်သည့် ခေါက်ဖိပန်၊ နှင်ခေါက်မဖွတ် စပါးမျိုးတို့ကို သရုပ်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

❍ S-07

# ကိုဗစ်ကြောင့် လာမည့်ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုကဏ္ဍာ ထိခိုက်မှုရှိနိုင်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

COVID-19 ကြောင့် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုကဏ္ဍာကို ထိခိုက်မှုရှိနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က ပြောကြားသည်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှုလိုငွေ ၅ ဒသမ ၅ ဘီလီယံခန့်ရှိရာမှ ပို့ကုန်တိုးတက်စေရန် ဆောင်ရွက်နိုင်သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၄ ဘီလီယံခန့်အထိ လျော့ကျခဲ့ပြီး ကိုဗစ်ကာလတွင်လည်း ကုန်သွယ်မှုကဏ္ဍာတွင် ထိခိုက်မှုနည်းပါးသည်ဟု ယူဆနိုင်သော်လည်း ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် ထိခိုက်မှုရှိလာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ကိုဗစ်အလွန် ကာလတွင် ကုန်သွယ်မှု တိုးမြှင့်နိုင်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

အောက်တိုဘာလ ၂၉ ရက်နေ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် Virtual စနစ်ဖြင့်ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စီးပွား/ကူးသန်းဝန်ကြီးဌာနအနေဖြင့် စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် (CERP) ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပို့ကုန်၊ သွင်းကုန်လိုင်စင်ထုတ်ပေးခြင်းကို အချိန်နှင့် ငွေကြေးကုန်ကျမှု သက်သာစေရေးအတွက် Fully Online စနစ်ဖော်ဆောင်ပေးခြင်း၊ လိုင်စင်ကြေးများ ဖြေလျှော့သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကာ Myanmar Tradenet 2.0 ကိုလည်း စတင်အသုံးပြုဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

ကုန်သွယ်မှုမြှင့်တင်နိုင်ရေးနှင့် ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးသံမှူး ၁၅ ဦးကို ပြည်ပနိုင်ငံ ၁၂ နိုင်ငံသို့ စေလွှတ်တာဝန်ပေးထားပြီး ကုန်သွယ်ဖက်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်စည်ပြပွဲများကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

ပို့ကုန်ပိုမိုတိုးမြှင့်နိုင်ရေးအတွက်လည်း နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့်အညီ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ ဈေးကွက်တစ်ခုတည်းကိုမမှီခိုပဲ ကျယ်ပြန့်သည့်ဈေးကွက်ရရှိစေရန်နှင့် ဈေးနှုန်းနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးတို့အတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။ ❍

**S-07**


ဓာတ်ပုံ - WCS

# ဧရာဝတီလင်းပိုင်ငယ်တစ်ကောင် ထပ်မံသေဆုံး

**မန္တလေး၊ အောက်တိုဘာ ၃၁**

မတ္တရာမြို့နယ် သူဌေးကုန်းကျေးရွာအနီးတွင် အောက်တိုဘာ ၂၉ ရက်နေ့က ဧရာဝတီလင်းပိုင်ငယ်တစ်ကောင် ထပ်မံသေဆုံးခဲ့ကြောင်း မတ္တရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

ဧရာဝတီလင်းပိုင်များသည်ဧရာဝတီမြစ်အတွင်း ငါးများရှိနိုင်သည့်ချောင်းရိုးများတွင် အစာရှာဖွေသည့် အလေ့အထရှိခြင်းကြောင့်ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုများနှင့်ရင်ဆိုင်ရပြီး ဧရာဝတီလင်းပိုင်ငယ်များ သေဆုံးရခြင်းဖြစ်ကြောင်း မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်ခိုင်က ပြောကြားသည်။

ယခုသေဆုံးသည့် ဧရာဝတီလင်းပိုင်ငယ်မှာ အမတစ်ကောင်ဖြစ်ကာ ခန္ဓာကိုယ်အလျား လေးပေငါးလက်မ၊ ခန္ဓာကိုယ်လုံးပတ်နှစ်ပေဆယ်လက်မ၊ အမြီးရွက်နှစ်ခုအစွန်းအကြား တစ်ပေနှစ်လက်မ၊ ရှေ့ရေယက် အလျား ၉ ဒသမ၅ လက်မ၊ ခန့်မှန်းအသက် တစ်နှစ်ကျော်ခန့်ရှိပြီး သွားမပေါက်သေးကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှတ်တမ်းအရ သိရသည်။

ယင်းဧရာဝတီလင်းပိုင်သေကို ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာနှင့် ရွာသစ်ကျေးရွာအကြားရှိ တောင်ခြေရင်းတွင် အမှတ်အသားပြုလုပ်၍ မြှုပ်နှံထားသည်ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ WCS က အသိပေးထားသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်အထိ ကောက်ယူခဲ့သောစာရင်းများအရ မန္တလေးမှကျောက်မြောင်းကြား (ဧရာဝတီ လင်းပိုင် ထိန်းသိမ်းရေးဇရိယာ-၁) တွင် ၂၈ ကောင်၊ ထီးချိုင့်-ကသာ-ရွှေကူ (ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး ဇရိယာ-၂) အပါအဝင် ကန့်ဘလူမြို့နယ် မလယ်နှင့် ကချင်ပြည်နယ် ရွှေကူမြို့ကြားတွင် ၃၇ ကောင်၊ ဗန်းမော်မြို့နယ်တွင် ၁၄ ကောင် စုစုပေါင်း ၇၉ ကောင်တွေ့ရကြောင်း WCS သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ) ထံမှ သိရသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ဇန်နဝါရီမှ လက်ရှိအချိန်အထိ ဧရာဝတီလင်းပိုင် ခြောက်ကောင်သေဆုံးခဲ့ပြီဖြစ်သည်။ ❍ **S-02**

# ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်ခနှုန်းထားများ ပြောင်းလဲကောက်ခံသွားမည်

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

Myanmar Tradenet 2.0 စနစ် စတင်မည့် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်ခ နှုန်းထားများကို ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနထံမှ သိရသည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် National Single Window အထောက်အကူပြုစနစ်ဖြစ်စေရန် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် ကုန်သွယ်မှုဆက်စပ်ဌာနများကြား တူညီသည့် အချက်များကို Single Entry အဖြစ် ဆောင်ရွက်နိုင်ရန်၊ ထောက်ခံချက်ပေးသည့်လုပ်ငန်းများအပါအဝင် လိုင်စင်စနစ်နှင့် ဆက်စပ်လုပ်ငန်းများကို အွန်လိုင်းအသုံးပြု၍ ဆောင်ရွက်နိုင်ရန်အတွက် Myanmar Tradenet 2.0 စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ အဆင့်လိုက် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

ပထမအဆင့်အနေဖြင့် Myanmar Tradenet Member လျှောက်ထားခြင်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် ဆက်စပ်လုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

သို့ဖြစ်၍ Myanmar Tradenet 2.0 စနစ်စတင်သည့်နေ့မှစ၍ Myanmar Tradenet 2.0 စနစ်အပါအဝင် အွန်လိုင်းစနစ်များအားလုံးတွင် ထောက်ခံလျက်ရှိသည့် ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်ခနှုန်းထားများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပေးသွင်းရမည်ဖြစ်ပြီး ကျန်ကုန်သွယ်မှုဆိုင်ရာ ကောက်ခံသည့် နှုန်းထားများနှင့်ပတ်သက်၍ ပြောင်းလဲမှုမရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာနထံမှ သိရသည်။

Myanmar Tradenet 2.0 စနစ်အသုံးပြုမှု နှစ်စဉ်ကြေးမှာ ၁၅,၀၀၀ ကျပ်၊ အွန်လိုင်းဝန်ဆောင်မှုမှာ ယခင် ၂၅၀၀ ကျပ်မှ ၃၀၀၀ ကျပ်၊ ပို့ကုန်လိုင်စင်/ပါမစ် သက်တမ်းတိုးခြင်း/ပြင်ဆင်ခြင်းဒဏ်ကြေးမှာ ၈ ရက်မှ ၁ လအတွင်း ၅၀၀၀ ကျပ်၊ ၁ လကျော်ပါက ၅၀၀၀ ကျပ် (သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ၁ လနှင့်အထက် ၁၀,၀၀၀ ကျပ်)၊ သွင်းကုန် လိုင်စင်/ပါမစ်သက်တမ်းတိုးခြင်း/ပြင်ဆင်ခြင်း။ ပြန်လည်အပ်နှံခြင်းဒဏ်ကြေးမှာ ၁ လကျော်ပါက ၅၀၀၀ ကျပ် (သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ၁ လနှင့်အထက် ၁၀,၀၀၀ ကျပ်) ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ❍

**S-07**

# “မြို့နယ်တစ်ခုလုံးနီးပါး သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခံနေရတာပါ”

## ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီ ကိုယ်စားလှယ်လောင်း စိုင်းဇင်မင်းအေးနှင့်တွေ့ဆုံခြင်း

— မောင်ရဲနွေ —

**မကြာမီ ရက်ပိုင်းအတွင်း ကျင်းပမည့်ရွေးကောက်ပွဲတွင် ကချင်ပြည်နယ် မံစီမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်တစ်နေရာအတွက် ဒုတိယအကြိမ် ယှဉ်ပြိုင်မည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီမှ ကိုယ်စားလှယ်လောင်း စိုင်းဇင်မင်းအေးကို The Voice Daily သတင်းစာက ဆက်သွယ်မေးမြန်းထားသည်များအား ကောက်နုတ်ဖော်ပြလိုက်ပါသည်။**


ဓာတ်ပုံ - စိုင်းဇင်မင်းအေး (Facebook Page)

**Voice ။ ကချင်ပြည်နယ် မံစီမြို့နယ်ကနေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တဲ့ အကြောင်းရင်းက။**

**SZMA** ။ မံစီမြို့နယ်ကနေ ပြည်သူ့လွှတ်တော်နေရာ ဝင်ပြိုင်ရတဲ့အကြောင်းပြောရရင် အကြောင်းအရာ ရှည်ပါတယ်။ အတိုချုပ်ပြောရရင် ၂၀၁၂-၂၀၁၃ လောက်ကတည်းက လူထုအရေး တစိုက်မတ်မတ်လုပ်ခဲ့ပါတယ်။ အထူးသဖြင့် မံစီအမှတ် ၂ မဲဆန္ဒနယ်မှာပေါ့။ အဲဒီတုန်းက စစ်ပွဲတွေရဲ့ဒဏ်ကို ဒေသခံတွေခံစားနေရတဲ့အချိန်မှာပေါ့။ ၂၀၁၅ အရောက်မှာတော့ မံစီမြို့နယ်ကနေပဲ ပြည်သူ့လွှတ်တော်နေရာအတွက် SNLD ကနေ ဝင်ပြိုင်ဖြစ်ခဲ့ပါတယ်။ ဒေသအကျိုးပိုပြီးထိရောက်အောင်လုပ်ချင်လို့ပါ။ မံစီမြို့နယ်မှာ တတိယမဲအများဆုံးရခဲ့ပါတယ်။ အမှတ် ၂ နယ်မြေမှာတော့ SNLD က မဲအပြတ်အသတ်ပါ။ ထောင်ဂဏန်းနဲ့ ကျန်တဲ့ပါတီက ရာဂဏန်းပါ။ ဒါကြောင့် ၂၀၂၀ မှာ SNLD ရဲ့ ပုံရိပ်ကြောင့်ရော အနိုင်ရခဲ့တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့ စွမ်းဆောင်ရည်ကြောင့်ပါ။ ပြည်သူရော ပြည်နယ်ရော နှစ်နေရာစလုံး အနိုင်ရမယ်လို့ထင်ပါတယ်။

**Voice ။ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်း ခြောက်ဦးမှာ ပြိုင်ဘက်ပါတီက ဘယ်သူဖြစ်မလဲ။**

**SZMA** ။ အဓိက ကတော့ NLDပဲဖြစ်လိမ့်မယ်။

**Voice ။ တိုင်းရင်းသားပါတီက ကိုယ်စားလှယ်လောင်းတစ်ယောက်လည်းဖြစ်တယ်။ ပြီးတော့ တိုင်းရင်းသားတစ်ယောက်လည်းဖြစ်တယ်ဆိုတော့ ၂၀၂၀ ရွေးကောက်ပွဲမှာ တိုင်းရင်းသားနယ်မြေတချို့ မဲပေးခွင့်မရတာနဲ့ပတ်သက်လို့ ဘာများပြောချင်မလဲ။**

**SZMA** ။ တိုင်းရင်းသားနယ်မြေရယ်လို့မှ မဟုတ်ပါဘူး။ ပြည်ထောင်စုနယ်မြေရဲ့ ဘယ်အပိုင်းပဲဖြစ်ဖြစ် မဲပေးခွင့်မရရင် ဒီမိုကရေစီ မပီပြင်သလို နိုင်ငံသားအခွင့်အရေးဆုံးရှုံးတာပါပဲ။

**Voice ။ လက်ရှိအခြေအနေမှာ တိုင်းရင်းသားတွေ တန်းတူညီမျှမှုရထားတယ်လို့ ထင်မိသလား။**

**SZMA** ။ လွတ်လပ်ရေးရပြီကတည်းကပါပဲ တန်းတူညီမျှရေးဆိုတာ စာထဲမှာပဲရှိတာပါ။

**Voice ။ နမူနာတစ်ခု ပြပါဆိုရင်။**

**SZMA** ။ အကောင်းဆုံးဥပမာကတော့ လူနည်းစုတိုင်းရင်းသားတွေ လျော့နည်းသွားတာကြည့်ရင် သိနိုင်ပါတယ်။ အခုဆို မံစီမြို့နယ်ထဲမှာ ပြောလေ့ရှိတယ်။ အဖေရှမ်း၊ အမေရှမ်း အေး ငါတို့တော့ မပြောတတ်တော့ဘူးဆိုတာမျိုးက လူမျိုးတစ်မျိုးရဲ့ဖြစ်တည်မှုကို ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုခံရတဲ့ အချက်ပဲ။ အဲဒီတော့ တန်းတူရေးဆိုတာ လူမျိုးတစ်မျိုးတည်းဖြစ်အောင် တန်းညှိသလိုဖြစ်နေတယ်။

**Voice ။ တန်းတူညီမျှမှုရဖို့ ဘယ်လိုအကြောင်းအချက်တွေ ပြင်ချင်တာရှိလဲ။ တန်းတူညီမျှပြီလား၊ မညီမျှသေးဘူးလား၊ ဘာတွေ လိုအပ်နေသလဲ။**

**SZMA** ။ ဆရာဦးဝင်းတင်ပြောတာ ရှင်းပါတယ်။ ပြည်ထောင်စုဖြစ်ဖို့ လာပေါင်းကြတဲ့ တိုင်းရင်းသားတွေ လိုချင်တာ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ဖက်ဒရယ်ပါပဲ။ ဒါတွေဖော်ဆောင်လိုက်ရင် ပြီးပါတယ်။

**Voice ။ တိုင်းရင်းသားပါတီတွေအနေနဲ့ရော လွှတ်တော်ထဲက ၂၅ ရာခိုင်နှုန်းကိစ္စကို ဘာပြောချင်တာ ရှိသလဲ။**

**SZMA** ။ ဒါကတော့ ရှင်းပါတယ်။ ခွာစစ်ကစားတယ်ပဲ ယူဆပါတယ်။ အင်ဒိုနီးရှားဥပမာနဲ့ ကွာတာကတော့ အချိန်အကန့်အသတ်မထားတာက တိုင်းပြည်နာပါတယ်။

**Voice ။ လက်ရှိ လွှတ်တော်နဲ့အစိုးရငါးနှစ်သက်တမ်းအပေါ်မှာရော တိုင်းရင်းသားတစ်ယောက်အနေနဲ့ ဘာပြောချင်လဲ။ ဘာမှတ်ချက်ပေးချင်လဲ။**

**SZMA** ။ လွှတ်တော်နဲ့အစိုးရ တစ်သားတည်းဖြစ်တဲ့တိုင်းပြည်က ဘာနဲ့တူသလဲဆိုရင် စာရင်းစစ်လည်း သူပဲ။ ငွေထိန်းလည်းသူပဲ။ လုပ်ငန်းဖော်ဆောင်တာလည်း သူပဲဆိုတာမျိုးပေါ့။ ပြည်သူတွေရဲ့အသံ ပျောက်နေတတ်ပါတယ်။

**Voice ။ တိုင်းရင်းသားကိုယ်စားလှယ်လောင်းလည်းဖြစ်တယ် တိုင်းရင်းသားတစ်ယောက်လည်းဖြစ်တာဆိုတော့ ငြိမ်းချမ်းရေးအပေါ်ရော ဘယ်လိုမြင်သလဲ။ ငြိမ်းချမ်းရေးအလားအလာကရော ဘယ်လိုရှိနိုင်လဲ။**

**SZMA** ။ ကျွန်တော့်အမြင်ကတော့ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တော်လှန်ခဲ့ကြတယ်။ တော်လှန်ရေး ရှည်ကြာလာတာနဲ့အမျှ ဒီဖြစ်စဉ်အပေါ်မှာ အခွင့်ကောင်းယူချင်တဲ့သူတွေများလာတော့ ငြိမ်းချမ်းရေးက ဝေးနေတယ်လို့မြင်ပါတယ်။ နောက်ကွယ်က အကျိုးစီးပွားတွေကို ဘက်ပေါင်းစုံကနေ ဖော်ထုတ်နိုင်ရင် ငြိမ်းချမ်းရေးက မဝေးပါဘူး။ နိုင်ငံရေးအကျိုးအမြတ်တွေရောပေါ့။

**Voice ။ ဖက်ဒရယ်ပြည်ထောင်စုကရော အလုပ်ဖြစ်ပါ့မလား။ တိုင်းရင်းသားတစ်ယောက်အနေနဲ့ ဘာမှတ်ချက်ပေးချင်သလဲ။**

**SZMA** ။ ဖက်ဒရယ်စနစ်အပေါ်မှာ ကျွန်တော် သံသယမရှိပါဘူး။ ဖော်ဆောင်တဲ့သူတွေပေါ်မှာပဲ မူတည်ပါတယ် အလုပ်ဖြစ်မယ် မဖြစ်ဘူးဆိုတာလေ။

**Voice ။ မံစီဒေသမှာ အဓိကလိုအပ်ချက်က ဘာဖြစ်မလဲ။ အဲဒီလိုအပ်ချက်ကို ကိုယ်စားလှယ်လောင်းတစ်ယောက်အနေနဲ့ ဘယ်လိုဖြည့်ဆည်းဆောင်ရွက်ပေးချင်တာရှိလဲ။**

**SZMA** ။ မံစီမြို့နယ်အတွက် အဓိကလိုအပ်ချက်လို့ပြောရင် များပါတယ်။ အဓိကမြင်တာကတော့ မြေယာပြဿနာပါ။ အရင်ခေတ်တွေက တပ်သိမ်းမြေကိုကြောက်ရတဲ့ခေတ်ပါ။ မံစီမြို့နယ်က သစ်တောသိမ်း နယ်မြေကို ထပ်ကြောက်နေရပါတယ်။ မြို့နယ်တစ်ခုလုံးနီးပါး သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခံနေရတာပါ။ အဲ့ဒါကို ပြည်သူတွေစိုးရိမ်မှုအကြီးဆုံးပဲလို့ မြင်ပါတယ်။ ပြည်နယ်အစိုးရနဲ့ ပြည်ထောင်စုအစိုးရက ပြည်သူ့အသံကို တကယ်နားထောင်ရင် ဖြေရှင်းရ လွယ်ပါလိမ့်မယ်။ အဲ့ဒီကိစ္စ အရင်လုပ်မယ်။

**Voice ။ ခုလက်ရှိ မဲဆွယ်စည်းရုံးနေတဲ့ အခြေအနေကရော ဘယ်လိုရှိလဲ။**

**SZMA** ။ ဒီမေးခွန်းက စိတ်ဝင်စားစရာကောင်းပါတယ်။ ၂၀၁၅ တုန်းက တစ်ဖက်ကို မကြိုက်လို့ တစ်ဖက်ထဲကိုဖိပြီး မဲထည့်ခဲ့ကြတယ်။ ၂၀၂၀ မှာလည်း အဲဒီအသံတွေကြားနေရတယ်ဗျ။ အဲဒီတော့ နောင်လာမယ်ပါတီတိုင်းက သတိထားရမယ့်အချက်ပဲ။ ကျွန်တော်တို့ SNLD အနေနဲ့ကတော့ မူဝါဒကိုကြိုက်လို့ ထည့်မယ့်လူရှိသလို ခုနကပြောတဲ့နည်းနဲ့ ထည့်မယ့်မဲတွေလည်း ရလိမ့်မယ်ထင်ပါတယ်။ ရွေးခံရမယ်လို့လည်း ယုံကြည်ပါတယ်။

**Voice ။ အခုလက်ရှိ ကြိုတင်မဲပေးနေမှုနဲ့ပတ်သက်ပြီး ရွေးကောက်ပွဲကော်မရှင်ရဲ့ အားနည်းချက်၊ အားသာချက်တွေကိုရော ဘာထောက်ပြစရာရှိလဲ။**

**SZMA** ။ ခုချိန်အထိ အမိန့်ကြော်ငြာစာတွေ ထုတ်နေရတုန်းပါ။ လုပ်ထုံးလုပ်နည်းတွေလည်း မငြိမ်သေးပါဘူး။ ဖြစ်လာမှ လုပ်ထုံးလုပ်နည်းတွေ ထပ်ထုတ်တယ်လို့မြင်ပါတယ်။ အားနည်းချက်က အများကြီးပါ။ မူကြိုကတည်းက မသင်ခဲ့ရတဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအနုပညာ အားနည်းလို့ပါပဲ။

**Voice ။ ဒီဒေသက မဲဆန္ဒရှင်တွေကိုရော ဘာကတိတွေပေးချင်လဲ။**

**SZMA** ။ ကတိဆိုတာထက် ယုံယုံကြည်ကြည်နဲ့ ရွေးချယ်မယ်ဆိုရင် ပြည်သူတွေရဲ့ပြဿနာတွေကို ဖြေရှင်းပြချင်ပါတယ်။ လုပ်နိုင်ကိုင်နိုင်တဲ့နည်းလမ်းတွေ ပညာရှင်တွေနဲ့လည်း အမြဲမပြတ် ဆည်းပူး သင်ယူနေပါတယ်။

**Voice ။ ဖြည့်စွက် ပြောချင်တာရှိရင် ပြောလို့ရပါတယ်။**

**SZMA** ။ ကျွန်တော့်ကို မဲထည့်ပေးပါ။ SNLD ပါတီကိုမဲထည့်ပေးပါ။ ကျေးဇူးတင်ပါတယ်။ ❍

# ချောက်မြို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မဲရုံများကို လိုက်လံစစ်ဆေး

**ချောက်၊ အောက်တိုဘာ ၃၁**

ချောက်မြို့နယ်မှ လက်ရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးသည် အောက်တိုဘာလ ၃၁ ရက်နေ့က မြို့ပေါ်ရှိ ကြိုတင်မဲရုံများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

"ဒီနေ့ အနေအထားက အားလုံး အဆင်ပြေကြပါတယ်။ ထူးခြားမှုမရှိပါဘူး။ အထဲအထိတော့ ကျွန်တော်ဝင်မကြည့်ဘူး။ အထဲအနေအထားကိုတော့ ကျွန်တော်မသိဘူး။ ကျွန်တော်က ကိုယ့်မြို့နယ်အတွက် မဲရုံတွေမှာ ဘာအဆင်မပြေတာရှိလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ဆွေးနွေးတာပေါ့။ အားလုံး အဆင်ပြေပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးက ပြောဆိုသည်။

ဦးဘိုကြီးနှင့်အတူ ချောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ကျော်တို့ လိုက်လံကြည့်ရှုခဲ့ခြင်းဖြစ်သည်။


ဓာတ်ပုံ - နေနိုင်

ကြိုတင်မဲ လာရောက်ပေးသော အသက် ၆၀ နှစ်အထက် သက်ကြီး ဘိုးဘွားများသည် ဆန္ဒမဲပေးရာ၌ တံဆိပ်တုံး ထုနှိပ်ရာတွင် အခက်အခဲရှိ၍ ဆန္ဒမဲပေးမည့်၎င်းတို့ယုံကြည်စိတ်ချရသော ဆွေမျိုး သားချင်းတစ်ဦးကိုလိုက်ပါလာစေပြီး ဆန္ဒမဲပေးစေခဲ့သည်ဟု အမှတ် ၁၅ ရပ်ကွက် မဲရုံတာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

ချောက်မြို့ပေါ်ရှိ ကြိုတင်ဆန္ဒမဲရုံများတွင် ကျန်းမာရေးစည်းကမ်းနှင့်အညီ နှာခေါင်းစည်းတပ်ဆင်စေပြီး တစ်ဦးနှင့်တစ်ဦး ခြောက်ပေခန့်အကွာမှ ဆန္ဒမဲပေးလျက်ရှိကာ ပါတီများ၏ မဲရုံကိုယ်စားလှယ်များကလည်း စောင့်ကြည့်ခဲ့ကြသည်။

ချောက်မြို့နယ်အတွင်း နိုင်ငံရေးပါတီခြောက်ခုမှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တစ်မြို့နယ်လုံး၌ မဲရုံစုစုပေါင်း ၁၅၈ ရုံ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်သိန်းခြောက်သောင်းလေးထောင်ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အသိပေးထားသည်။ ❍

R-11

# ကယားပြည်နယ်မှ ပထမဆုံးပိုးတွေ့လူနာ ဆေးရုံဆင်းခွင့်ရ

**တောင်ငူ၊ အောက်တိုဘာ ၃၁**

ကယားပြည်နယ်အတွင်းမှ ပထမဆုံး ကိုဗစ်-၁၉ ပိုးတွေ့လူနာ အောက်တိုဘာ ၃၁ ရက်နေ့တွင် ဆေးရုံဆင်းခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း လွိုင်ကော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

ဆေးကုသမှုခံယူနေသည့် ပိုးတွေ့လူနာ သူနာပြုဆရာမ ဆေးရုံဆင်းခွင့်ရပြီဖြစ်၍ လွိုင်ကော်ဆေးရုံတွင် အတည်ပြုလူနာခြောက်ဦးသာ ကျန်ရှိတော့သည်ဟု လွိုင်ကော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းနေဝင်းက ပြောကြားသည်။

"ပြည်နယ်ထဲမှာ အခုလ ၁၅ ရက်ကနေ လက်ရှိအချိန်အထိ ပိုးတွေ့လူနာ ရှစ်ဦးရှိတယ်။ အဲဒီထဲက တစ်ဦးက တပ်နဲ့ဆိုင်တာကြောင့် အောင်ပန်းကိုရွှေ့ပြောင်းကုသပေးရတာဆိုတော့ လွိုင်ကော်မှာ လက်ကျန်လူနာ ခြောက်ဦးပဲ ရှိတော့တယ်။ ပထမဦးဆုံးပိုးတွေ့လူနာဖြစ်တဲ့ သူနာပြုဆရာမကြီးက ဒီနေ့ (အောက်တိုဘာ ၃၁ ) ပဲ ဆေးရုံဆင်းသွားပါပြီ" ဟု ၎င်းကရှင်းပြသည်။

ဆေးရုံဆင်းခွင့်ရရှိခဲ့သည့် ကယားပြည်နယ်အတွင်းမှ ပထမဆုံးသောပိုးတွေ့လူနာ သူနာပြုဆရာမသည် ရန်ကုန်တွင် သင်တန်းတက်ပြီး ပြန်လာချိန်ကပင် Quarantine ဝင်ခဲ့သူဖြစ်ပြီး အောက်တိုဘာ ၁၅ ရက်နေ့က ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းကိုကားဂိတ်မှကြိုခဲ့သည့် ယာဉ်မောင်းနှင့် အမျိုးသားတစ်ဦးတို့တွင်မူ ရောဂါပိုးမတွေ့ကြောင်း လွိုင်ကော်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက အသိပေးထားပြီးဖြစ်သည်။

သူနာပြုဆရာမ ရောဂါပိုးစတင်တွေ့ရှိခဲ့ပြီး တစ်ပတ်အကြာတွင် ရန်ကုန်မှ ပြန်လာသူ အမျိုးသမီးတစ်ဦး ရောဂါပိုးထပ်မံတွေ့ရှိခဲ့ကာ ၎င်းနှင့် ထိတွေ့ထားသူ ၁၅ ဦးကို နှာခေါင်းနှင့်အာခေါင်တို့ဖတ်ယူစစ်ဆေးခဲ့ရာ အောက်တိုဘာ ၂၄ ရက်နေ့တွင် အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦး၊ အောက်တိုဘာ ၂၆ ရက်နေ့က ကုန်တင်ယာဉ်မောင်းနှစ်ဦး၊ အောက်တိုဘာ ၂၇ ရက်နေ့က ယာဉ်နောက်လိုက်တစ်ဦးတို့တွင် ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။


ဓာတ်ပုံ - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး

အဆိုပါလူနာရှစ်ဦးအနက် ကုန်တင်နှစ်ဦးနှင့် ယာဉ်အကူတစ်ဦးသည် နက်ဂတစ်တစ်ကြိမ်စီ စစ်ဆေးတွေ့ရှိပြီးနောက် နောက်တစ်ကြိမ် ထပ်မံစစ်ဆေးချိန်တွင် ကိုဗစ်-၁၉ ရောဂါပိုး ပြန်လည်တွေ့ရှိခဲ့ရသည့်အတွက် မပေါ့ဆရန် ပြည်နယ်ကျန်းမာရေးဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့ရသည်။ ❍

R-02

# စာအိတ်မပါဘဲထည့်မိသည့် ကြိုတင်မဲလက်မှတ်များကို ပယ်မဲမသတ်မှတ်ဟု ရွေးကောက်ပွဲတာဝန်ရှိသူပြော

တောင်ငူ၊ အောက်တိုဘာ ၃၁

မွန်ပြည်နယ် သထုံမြို့နယ် ကြက်တူရွေးသောင်ကျေးရွာအုပ်စု ဝါးခုတ်တောမဲရုံတွင် အောက်တိုဘာ ၂၉ ရက်နေ့က အသက် ၆၀ နှစ်အထက်ကြိုတင်ဆန္ဒမဲပေးသူများက မဲလက်မှတ်များကို စာအိတ်မပါဘဲ မဲပုံးအတွင်း ထည့်သွင်းခဲ့သည့်ကိစ္စ ပယ်မဲဟုမသတ်မှတ်ကြောင်း သထုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒေါ်ခင်သန်းနွဲ့က ပြောကြားသည်။

"ပထမဆုံးနေ့ဆိုတော့ ရပ်ကျေးကော်မရှင်တာဝန်ရှိသူတွေ အလွဲမှားရှိသွားခဲ့တဲ့သဘောပါ။ ဘယ်ပါတီမှ မဲမဆုံးရှုံးဖို့ ဒီနေ့ (အောက်တိုဘာ ၃၁) အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ခိုင်လုံမဲလို့သတ်မှတ်ပါမယ်။ စာအိတ်ပါပေမယ့် ခိုင်လုံမဲမဖြစ်နိုင်တဲ့ တခြားအကြောင်းရာတွေပါလာရင်တော့ပယ် မဲဖြစ်မှာပါ" ဟု ၎င်းကရှင်းပြသည်။

သထုံမြို့နယ် ဝါးခုတ်တောကျေးရွာမဲရုံတွင် အောက်တိုဘာ ၂၉ ရက်နေ့နံနက် ၈ နာရီခန့်က အသက် ၆၀ နှစ်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်မဲလက်မှတ်များကို စာအိတ်မထုတ်ပေးသဖြင့် မဲပေးသူများက ချိပ်ပိတ်ထားသည့်မဲပုံးအတွင်း စာအိတ်မပါဘဲ ထည့်သွင်းခဲ့ကြခြင်းသာဖြစ်သည်ဟု သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီထံမှသိရသည်။

"သတင်းရလို့ ကျွန်တော်ကိုယ်တိုင်လိုက်သွားတဲ့အခါ ကော်မရှင်က နေအိမ်ကိုလိုက်ထည့်ခိုင်းမှ စာအိတ် ပေးမယ်လို့ပြောတယ်။ ဒါကြောင့် မြို့နယ်ကော်မရှင်ကိုအသိပေးခဲ့တာ" ဟု သထုံမြို့နယ်မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း စောမျိုးမင်းဌေးက ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မဲရုံတာဝန်ရှိများနှင့်ရပ်ကျေးတာဝန်ရှိသူများထံ စုံစမ်းမေးမြန်းခဲ့ရာ စာအိတ်မပေးမိကြောင်းနှင့် ကြိုတင်မဲလက်မှတ်ကို မဲပုံးအတွင်း တိုက်ရိုက်ထည့်ခိုင်းမိခဲ့သည်ဟု အသိပေး ဝန်ခံခဲ့ကြောင်း၊ ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းချက်တွင် စာအိတ်နှင့် ပတ်သက်သည့် ညွှန်ကြားချက်မရှိသည့်အတွက် ခိုင်လုံမဲသတ်မှတ်ခဲ့ကြောင်း သထုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံမှသိရသည်။

သထုံမြို့နယ်အတွင်း တပ်မတော်သားများအတွက် ဖွင့်လှစ်ထားသည့်မဲရုံများအပါအဝင် မဲရုံ ၉၀ ကျော်ရှိမည်ဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နှစ်သိန်းခြောက်သောင်းကျော်အနက် အသက် ၆၀ နှစ်အထက်ကြိုတင်မဲပေးပိုင်ခွင့်ရှိသူ ၂၆,၃၈၃ ဦးရှိကြောင်း၊ ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများသည် ယခုလ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ မဲပေးနိုင်ကြောင်း သထုံမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်က အသိပေးထားသည်။

❍

R-02



ဓာတ်ပုံ - T.N.D.P

တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ မိုးကောင်းမြို့တွင် အင်အားပြလှည့်လည်နေစဉ်

# တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ စည်းရုံးရေးမှူးတစ်ဦးကို ပြည်သူ့ဝန်ထမ်းအယောင်ဆောင်မှုဖြင့် ဖမ်းဆီး

တောင်ငူ၊ အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် မန်မော်ကျေးရွာရှိ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ စည်းရုံးရေးမှူးကို အောက်တိုဘာ ၂၉ ရက်က ပြည်သူ့ဝန်ထမ်းအယောင်ဆောင်မှုဖြင့်အမှုဖွင့်ဖမ်းဆီးထားသည်ဟု ဟုမ္မလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမျိုးက ပြောကြားသည်။

"ပြီးခဲ့တဲ့ ၂၇ ရက်နေ့က သူ့ရဲ့အိမ်ကို တပ်မတော်ကရှာဖွေတဲ့အခါ တပ်ယူနီဖောင်းတွေ သိမ်းဆည်း ရမိတယ်။ နောက်နေ့မှာ တပ်က မိုင်းကိုင်နယ်မြေရဲစခန်းကို လာအပ်ပြီး အမှုဖွင့်လို့ ပြည်သူ့ဝန်ထမ်းအယောင်ဆောင်မှုနဲ့ အမှုဖွင့်ခဲ့တာပါ" ဟု ၎င်းကဆက်လက်ပြောဆိုသည်။

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် မန်မော်ကျေးရွာဒေသခံ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ စည်းရုံးရေးမှူး ဦးမောင်သိန်းဆိုသူ၏ နေအိမ်ကို အောက်တိုဘာ ၂၇ ရက်နေ့ည ၈ နာရီခန့်က နယ်မြေခံတပ်ရင်းတစ်ခုက ဝင်ရောက်စစ်ဆေးရှာဖွေရာ ၎င်း၏ နေအိမ်တွင် တပ်မတော်သားယူနီဖောင်းနှင့်ဆက်စက်ပစ္စည်းအချို့ စစ်ဆေးတွေ့ရှိခဲ့၍ တပ်မတော်အရာရှိတစ်ဦးက တရားလိုပြုလုပ်ပြီး မိုင်းကိုင်နယ်မြေရဲစခန်းတွင် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်ဟု ဟုမ္မလင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ဦးမောင်သိန်းဆိုသူကို မိုင်းကိုင်နယ်မြေရဲစခန်းမှု(ပ)၅၉/၂၀၂၀ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၀ အရ အမှုဖွင့်ဖမ်းဆီးထားပြီး စစ်ဆေးနေသည်ဟု အဆိုပါရဲစခန်းထံမှ သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မန္တလေးမြို့ပေါ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားသည့် တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ တာဝန်ရှိသူများထံ အောက်တိုဘာ ၃၀ ရက်နေ့နံနက်ပိုင်းကစ၍ အောက်တိုဘာလ ၃၁ ရက်နေ့ နံနက်ပိုင်းအထိ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းရန် ကြိုးစားခဲ့သော်လည်း ဆက်သွယ်၍မရခဲ့ပေ။

ပါတီစည်းရုံးရေးမှူးဦးမောင်သိန်းဖမ်းဆီးခံရမှုနှင့်ပတ်သက်၍ တိုင်းလိုင် (ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ပါတီစည်းရုံးရေး တာဝန်များထမ်းဆောင်နေသူတစ်ဦးကို အမြန်ဆုံးပြန်လွှတ်ပေးရန်နှင့် ကျူးလွန်သူ တပ်မတော်သားများက ရပ်ရွာလူထုအပေါ် ဝန်ချတောင်းပန်ရန် အောက်တိုဘာ ၂၉ ရက်နေ့က စာရေးသားထုတ်ပြန်တောင်းဆိုခဲ့သည်။ ❍

R-02

# ဧရာဝတီတိုင်းတွင် ကိုဗစ်ရောဂါဖြင့် လူတစ်ဦးသေဆုံး

ပုသိမ်၊ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများအနက် အောက်တိုဘာ ၂၉ ရက်နေ့ညက လူနာတစ်ဦးသေဆုံးခဲ့ကြောင်း တိုင်းကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါလူနာသည် ဧရာဝတီတိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ပထမဆုံး သေဆုံးသည့် လူနာဖြစ်လာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါရှိကြောင်း ဓာတ်ခွဲအတည်ပြုလူနာသေဆုံးခြင်းမှာ ဇန်နဝါရီလမှ အောက်တိုဘာ ၂၉ ရက်နေ့အတွင်း ပထမဆုံးဖြစ်ပြီး သေဆုံးသူသည် မူလရောဂါအခံရှိသူ အသက် ၇၂ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာသီဟအောင်က ပြောကြားသည်။

"လူအုပ်စုချင်းတူပေမယ့် အချို့က ရောဂါပိုပြင်းထန်တယ်၊ အချို့က မပြင်းထန်ဘူး။ အချို့က ရောဂါလက္ခဏာမပြတာလည်းရှိတယ်။ အဲဒါပေါ့ဆလို့မရဘူး။ ရောဂါပြင်းထန်ခြင်း မပြင်းထန်ခြင်းဆိုတာ လူတစ်ဦးချင်းပေါ်မှာ မူတည်တယ်။ ဆေးရုံကတော့ အစွမ်းကုန်ကုသပေးပါတယ်။ ရောဂါအခံရှိတယ်ဆိုရင် အခြေအနေဆိုးနိုင်တယ်ပေါ့။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်တွေကိုလိုက်နာပြီး ကာကွယ်တာ အကောင်းဆုံးပါ" ဟု ၎င်းကဆက်လက်ပြောဆိုသည်။

သေဆုံးသူလူနာသည် အောက်တိုဘာလ ၂၄ ရက်နေ့က မြောင်းမြဆေးရုံသို့ ဖျားနာရောဂါဖြစ်၍ ဆေးလာကုရာမှ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အတူနေမိသားစုတွင်လည်း ကိုဗစ်-၁၉ ရောဂါပိုးရှိနေကြောင်း ဓာတ်ခွဲအတည်ပြုချက် ရရှိပြီးဖြစ်၍ မြောင်းမြခရိုင်ဆေးရုံကြီး၏ သီးသန့်ကုသဆောင်တွင် ထားရှိကုသပေးနေကြောင်း မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာနှစ်ဆန်းဦးက ပြောကြားသည်။

ဧရာဝတီတိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အောက်တိုဘာ ၂၉ ရက်နေ့ အထိမှတ်တမ်းအရ တိုင်းအတွင်း ကိုဗစ်ရောဂါအတည်ပြုလူနာ ၁၀၀၁ ဦးရှိခဲ့ပြီး ၆၇၉ ဦးမှာ ရောဂါပျောက်ကင်းသဖြင့် သက်ဆိုင်ရာဆေးရုံများမှ ဆင်းသွားပြီးဖြစ်၍ ပိုးတွေ့လူနာ ၄၂၂ ဦးမှာ သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုခံယူနေဆဲဖြစ်ကြောင်းသိရသည်။ ❍ R-04



ဓာတ်ပုံ-လင်းလင်း

# အဖေဆိုတာ တစ်ခါတုန်းကသားပါ

မောင်စည်သူ (အဖျောက်

**ကျွန်တော်တို့ တတ်မြောက်ခဲ့သည့်အရာများသည် အဖေ၊ အမေတို့၏ ကျေးဇူးတရားနှင့်မကင်းခဲ့ပေ။ သို့သော် ကျွန်တော်တို့သည် အဖေ၊ အမေတို့ကို ကျေးဇူးတင်ကြောင်း၊ ချစ်ခင်ကြောင်း၊ သတိရကြောင်း ဖွင့်ဟ မပြောဆိုကြ။ စိတ်ထဲတွင်တော့ ရှိကြသည်။ သို့သော် ဖွင့်ပြောရမည်ကို ဝန်လေးနေကြသည်။ ထို့ကြောင့်လည်း ထပ်ခါထပ်ခါ ကျွန်တော်စဉ်းစားကြည့်သည်။**

(၁)

လူ။ တစ်ဦးတစ်ယောက်တည်း နေထိုင်၍မရ၊ အသင်းအဖွဲ့ အပေါင်းအသင်းနှင့် လိုက်လျောညီထွေ၊ သင့်တင့်မျှတစွာ နေထိုင်ကြရသည်။ ထိုသို့နေထိုင်တတ်မှသာ လူဆိုသည့်အဓိပ္ပာယ် ပြည့်ဝမည်ထင်သည်။ ကျွန်တော်ကတော့ လူဆိုသည်မှာ မိမိဖြစ်ချင်သည်ထက် မိမိပတ်ဝန်းကျင်တွင် ဖြစ်သင့်သည်ကို မိမိနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ယူရမည်ဟု လက်ခံထားရသည်။ ထိုနည်းတူ လူတိုင်းကိုလည်း မတူကွဲပြားမှုများအကြား တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နှင့် ညှိနှိုင်းနေထိုင်တတ်စေချင်သည်။ ဤသည်မှာ ကျွန်တော့်ဆန္ဒသာဖြစ်သည်။

လူတစ်ကိုယ်စိတ်တစ်မျိုးဟု အဆိုရှိသည်။ ထို့ကြောင့် မတူညီ ကွဲပြားသောလူများအကြား တစ်မျိုးတည်း၊ တစ်စိတ်တည်းဖြစ်ရန်ဆိုသည်မှာ မလွယ်ကူပေ။ လွယ်ကူမည်ဆိုလျှင်လည်း ယနေ့ကမ္ဘာတွင် ရင်ဆိုင်နေရသော ပြဿနာများ ဖြစ်လာမည်မဟုတ်ပေ။ သို့သော် လူတိုင်းလူတိုင်းတွင်တော့ ငြိမ်းချမ်းချင်သောစိတ်ဆန္ဒများ ရှိကြသည်။ ယုံကြည်ချက်များ ရှိကြသည်။ ခံယူချက်များ ရှိကြသည်။ ထို့ကြောင့်လည်း မိမိတို့ခံယူချက်၊ မိမိတို့ယုံကြည်ချက်များအတိုင်း မိမိတို့ဘာသာ ငြိမ်းချမ်းမှုကို ရှာနေကြခြင်းဖြစ်သည်။ ငြိမ်းချမ်းခြင်းကား ရှာရင်းပျောက်နေကြသည်။ ယခုလည်း ကျွန်တော်ကိုယ်တိုင် ရှာဖွေနေမိသည်။ တိတိကျကျပြောရလျှင် ကျွန်တော်ရှာနေသည်က ကျွန်တော်ဖြစ်တည်နေသောဘဝကို ရှာဖွေနေခြင်း ဖြစ်သည်။

ပထမ။ တွေ့ရသည်က သားတစ်ယောက်ဖြစ်သော ကျွန်တော်။ အဖေ အမေတို့၏ မိသားစုကမ္ဘာငယ်လေးထဲတွင် အထွေးဆုံးဆိုသော သားတစ်ယောက်အဖြစ်။ သားတစ်ယောက်ဖြစ်သော ကျွန်တော်သည် အဖေ အမေတို့ထံမှ မိမိအလိုရှိသည်ကို အလိုရှိသည့်အတိုင်း ရခဲ့သည်။ အဖေ အမေတို့ကလည်း မိမိအလိုရှိသည့်အရာတိုင်းကို နည်းနည်းတစ်ဖုံ၊ များများတစ်မျိုး မရိုးရအောင် ဖန်တီးပေးသည်။ ဤတွင် အဖေနှင့်အမေပေးလိုက်သော အတတ်ပညာသည်ကား ကျွန်တော့်ဘဝအတွက် တန်ဖိုးဖြတ်မရသော အကြီးမားဆုံးအမွေဖြစ်သည်။

အဖေသည် သူရရှိသော ကျောင်းစောင့်လစာမလောက်မငြဖြင့် ကျွန်တော်တို့မောင်နှမ ငါးယောက်ကို ပညာအမွေပေးခဲ့သည်။ ပညာတန်ဖိုးကို နားလည်သောအဖေသည် ပညာမတတ်လျှင် သူ့ဝန်ထမ်းရမည့်အရေးမှ ရှောင်ကွင်းနိုင်ရန် သူကိုယ်တိုင် သူများမလုပ်ချင်သော ကျောင်းစောင့်အလုပ်ကိုလုပ်ရင်း ပခုံးတင်ထမ်းပေးခဲ့သည်။ ကျွန်တော်တို့ကား အဖေ့ပခုံးပေါ်မှာနေရင်း ပညာရပ်များကို အလွယ်တကူ ရှာဖွေခဲ့ရသည်။

အဖေသည် ကျွန်တော်တို့ပညာရှာသည့်ပုံစံကို ကြည့်ပြီး တစ်ခါတလေ သူ့ငယ်ဘဝကို လွမ်းမောတတ်သည်။ တစ်ခါက သားအဖတစ်တွေ စကားပြောနေကြရင်း အဖေငယ်ငယ်က ပညာရှာခဲ့ရပုံများကို ပြောပြနေတတ်သည်။ အဖေပြောပြနေသည်မှာ အိပ်ရာဝင်ပုံပြင်မဟုတ်။ သူငယ်ငယ်တုန်းက ကြုံခဲ့ရသော သူ့ဘဝ၊ သူ့ဒုက္ခ အမာရွတ်များဖြစ်သည်။ အဖေက ထိုဒုက္ခတရားကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ကိုယ့်လမ်းကိုယ်လျှောက်ခဲ့သည်။ မောင်နှမတွေအကြား ဒုက္ခအခံရဆုံးသောအဖေသည် ပညာသင်အရွယ်မှာတင် ဘဝဆိုသည်ကို နားလည်ခဲ့သည်ထင်ပ။သူနားလည်ခဲ့သော ဘဝအကြောင်းများကိုလည်း ယခုလက်ရှိကျွန်တော်တို့ဘဝနှင့်ယှဉ်၍ သွန်သင်သည်။ ဆုံးမသည်။ လမ်းပြသည်။ ကျွန်တော်တို့ကား အဖေပြောသမျှကို နားထောင်ကောင်း၍ နားထောင်ခဲ့သည်ရှိသကဲ့သို့တစ်ခါတလေတော့လည်း ခေတ်ပြားဟောင်းကြီးဖွင့်ပြနေသကဲ့သို့ စိတ်မပါ။ (အဖေ့ကို ဒီနေရာကနေ တောင်းပန်ပါတယ် အဖေ)သို့သော် အဖေက သူ့သားသူ့သမီးများကို သူ့ဘဝကဲ့သို့ မဖြစ်စေချင်။ သူ့ထက်တစ်ဆင့်၊ နှစ်ဆင့်၊ သုံးလေးဆင့်မြင့်သူများ ဖြစ်စေချင်သည်။ ထို့ကြောင့်လည်း အဖေက သူဆုံးမသည့်အခါတိုင်း စကားတစ်ခွန်းကို အမြဲပြောသည်။ ယခုအချိန်ထိ ကျွန်တော်မှတ်မိနေသည်။ အဖေအမြဲပြောသောစကားက ‘ဆရာဝန်ရဲ့သား ဆရာဝန်ဖြစ်တာမဆန်းပေမယ့် ကျောင်းစောင့်ရဲ့သား ကျောင်းစောင့်ဖြစ်တာဆန်းတယ်” ဟူ၍ ဖြစ်သည်။

(၂)

ကျွန်တော့်ဘဝတွင် လူရယ်လို့ဖြစ်လာကတည်းက အကြောက်ဆုံးပုဂ္ဂိုလ်မှာ အဖေဖြစ်သည်။ အဖေသည် သားသမီးတိုင်းကို ချစ်သည်။ အလိုတော့ မလိုက်။ ယနေ့ခေတ်စကားနှင့်ပြောလျှင် “ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး” ဆိုသကဲ့သို့ပင်။အဖေသည် ထိုနည်းတူ ကျွန်တော်တို့မောင်နှမတွေကို ချစ်သည်။ ကျွန်တော်တို့ဖြစ်ချင်သည့်အရာကို ရအောင်လုပ်ပေးသည်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့လိုချင်သည့်အရာရှိလျှင် အမေ့ကိုသာပြောကြသည်။ အဖေ့ကို တိုက်ရိုက်မပြောရဲ။ အမေကတစ်ဆင့် အဖေ့ကို ပြောရသည်။ တစ်ခါတလေ အမေက ကျွန်တော်တို့တောင်းဆိုသည့်အရာကို မလိုက်လျောချင်ပါက “ နင့်အဖေကိုသွားပြော” ဟူ၍ လမ်းကြောင်းလွှဲပေးတတ်သည်။ ထိုအခါ ကျွန်တော်တို့တောင်းဆိုမှုသည် သဲကန္တာရအတွင်း ချောင်းဆက်မစီးနိုင်သကဲ့သို့ အမေ့ဆီမှာတင် ရပ်တန့်သွားသည်။ အဖေကတော့ သူလုပ်စရာရှိသည်ကိုအဆက်မပြတ် လုပ်ဆောင်တတ်သည်။ ကျွန်တော်တို့ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ရင်း အဖေနှင့်အမေကို ကြောက်ချစ်ရိုသေခဲ့ရသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့မောင်နှမတစ်တွေသည် တက္ကသိုလ်ဝင်တန်းဆိုသည်ကို မောင်နှမငါးယောက်စလုံး အောင်မြင်ခဲ့ကြသည်။

အဖေနှင့်အမေကတော့ သူ့သား၊ သူ့သမီးများအတွက် ဂုဏ်ယူမဆုံး တပြုံးပြုံးဖြစ်ခဲ့သည်။အဖေတို့မောင်နှမတွေထဲတွင် အဖေသည်သာ သားသမီးပညာရေးကိုဦးစားပေးသည်။ သားသမီးများကလည်း အဖေဖြစ်စေချင်သော ပညာတတ်၊ အဖေပေးချင်သော ပညာအမွေကို အရယူနိုင်ခဲ့ကြသည်။ဤသည်ကပဲ အဖေ့ကို ဂုဏ်ယူစေခြင်း ဖြစ်လိမ့်မည်။ အဖေကတော့ အခြေခံပညာရေးဌာန၏ လစာအနည်းဆုံးဖြစ်သော ကျောင်းစောင့်တာဝန်ကို အသက် ၆၀ ပြည့်သည့်အထိ တာဝန်ထမ်းဆောင်ရင်း မိဘတာဝန်ကျေပွန်ခဲ့သည်။ အမေကလည်း အဖေရှာသမျှ စီးသည့်ရေ ဆည်သည့်ကန်သင်းကဲ့သို့ အိမ်ထောင်မှုနိုင်နိုင်နင်းနင်းဖြင့် မိသားစုပဲ့ကို လိုရာတည့်ပေးနိုင်ခဲ့သည်။ ကျွန်တော်တို့ကား အဖေနှင့်အမေ၏ တည့်မတ်မှု၊ ထိန်းကျောင်းမှု၊ သွန်သင်မှု၊ လမ်းပြမှုအောက်တွင် ဘဝဆိုသည်ကို နားလည်တတ်မြောက်အောင် သင်ယူခဲ့ကြသည်။

ကျွန်တော်တို့ တတ်မြောက်ခဲ့သည့်အရာများသည် အဖေ၊အမေတို့၏ကျေးဇူးတရားနှင့်မကင်းခဲ့ပေ။ သို့သော် ကျွန်တော်တို့သည် အဖေ၊ အမေတို့ကို ကျေးဇူးတင်ကြောင်း၊ ချစ်ခင်ကြောင်း၊ သတိရကြောင်း ဖွင့်ဟမပြောဆိုကြ။ စိတ်ထဲတွင်တော့ ရှိကြသည်။ သို့သော် ဖွင့်ပြောရမည်ကို ဝန်လေးနေကြသည်။ ထို့ကြောင့်လည်း ထပ်ခါထပ်ခါ ကျွန်တော်စဉ်းစားကြည့်သည်။

ကျွန်တော်တို့တစ်တွေသည် ကိုယ်ချစ်သည့် သူငယ်ချင်း၊ ချစ်သူ၊ သားသမီးများကိုတော့ ‘ကျေးဇူးတင်တယ်၊ သတိရတယ်၊ ကျန်းမာရေးဂရုစိုက်’ ပါဟု ပြောနေကြပြီး ကိုယ့်ကို မွေးထုတ်ပေး၊ ပျိုးထောင်ပေး၊ ဂရုစိုက်ပေးခဲ့သော မိဘများကို အဘယ်အတွက်ကြောင့် ကျေးဇူးတင်ကြောင်း၊ သတိရကြောင်း၊ ချစ်ခင်ကြောင်း၊ ကျန်းမာရေးဂရုစိုက်ရန်အကြောင်း မပြောမိတာပါလိမ့်။

ကျွန်တော့်အဖြေမရပါ။ စဉ်းစားတိုင်း စဉ်းစားတိုင်း အတွေးထဲတွင် ‘ကိုယ့်မိဘတွေပဲ၊ သူစိမ်းတွေမှ မဟုတ်တာ’ ဟူသော အဖြေကိုသာ ရရှိလာသည်။ အမှန်တော့ မိဘဆိုသည်မှာ သူစိမ်းမဟုတ်သောကြောင့်သာ သားသမီးများကို ခွင့်လွှတ်ထားခြင်းဖြစ်သည်။ ထိုခွင့်လွှတ်စိတ်ကြောင့် မပြောသော်လည်း မိဘများစိတ်တွင် ‘ငါ့သားလေးက ငါ့ကို ဂရုစိုက်ပါလား၊ ငါ့သမီးလေးက ငါ့ကို ဂရုစိုက်ပါလား’ ဟူသောခံစားမှုကို ခံစားချင်ကြသည်။ ကျွန်တော်တို့ကိုယ်တိုင်တောင်မှ မိဘက ချစ်သည်၊ ဂရုစိုက်သည်ဆိုလျှင် မိဘဆိုသည့် နွေးထွေးသောခံစားမှုကို ခံစားရသည်။ ဤသို့ဆိုလျှင် မိဘများအနေနှင့် သားသမီးများ၏ ဂရုစိုက်မှု၊ ယုယမှု၊ ပြုစုမှုကိုခံရလျှင် မည်သို့ရှိမည်နည်း။

ကျွန်တော် ထပ်ခါတလဲလဲ မေးကြည့်ဖြစ်သော အမေးဖြစ်သည်။ အဖြေကိုကား ကျေနပ်လောက်အောင် မရရှိခဲ့ပေ။ သို့သော် ကျွန်တော်လိုအပ်သော အဖြေကို ရရှိခဲ့သည်။ တိုက်ရိုက်သက်ဆိုင်ချင်လည်း သက်ဆိုင်မည်။ မသက်ဆိုင်ချင်လည်း သက်ဆိုင်မည်မဟုတ်ပေ။ သို့သော် ကျွန်တော်ရရှိလိုက်သော အဖြေအတွက် ကျေနပ်သည်။

(၃)

“ဖေဖေ နေကောင်းရဲ့လား””

ဖုန်းထဲက ကြားလိုက်ရသော သားသား၏ စကားသံ။ သားဖြစ်သူနှင့် ဝေးနေရသောကာလ ကြားလိုက်ရသောစကားက အလွမ်းပြေစေသည်။ သုံးနှစ်ကျော်ကျော်သာရှိသေးသော သားသားသည် ကျွန်တော့်ဆီကို ဖုန်းဆက်ဆက်ချင်းပြောလာသည်။ သားသားအမေကတော့ “မနာလိုတော့ဘူးနော်” ဟူ၍ အနားကပြောနေသံကို ကြားရသည်။ ထို့နောက် သားသားက သူလိုချင်သည့်အရာများကို ခရားရေလွှတ် ပူဆာတော့သည်။ ကျွန်တော့်ဆီဖုန်းဆက်တိုင်း သားသား၏ပြောနေကြစကားများဖြစ်သည်။ သားသားသည် ငယ်ငယ်လေးကတည်းက ကျွန်တော့်ကို အပျောက်မခံ။ ကျွန်တော်ကလည်း သားသားမွေးကတည်းက သင်တန်းတက်လိုက်၊ ခရီးသွားလိုက်နှင့်။ သားသားဘေးတွင် ညအိပ်ချိန်မှလွဲပြီး သိပ်မနေနိုင်။ ထို့ကြောင့်လည်း ကျွန်တော်က သားသားနှင့် အတူရှိနေသော အချိန်များတွင်သားသားအလိုကျဆော့ကစားပေးသည်။ သားသားက ကျွန်တော်ဆိုလျှင် သူလုပ်ချင်တိုင်းလုပ်၍ရသောကြောင့် ကျွန်တော့်ကို အခင်အတွယ်များသည်။ မနက်အိပ်ရာနိုး၍ ကျွန်တော့်ကိုမတွေ့လျှင် ကျွန်တော့်ကိုမေးပြီး ငိုတတ်သည်။ ထိုအခါ သားသားအမေက ချော့မော့ထားရသည်။

သည်နေ့မနက်လည်း ကျွန်တော် အနှစ်နှစ်အလလ မရခဲ့သောအဖြေကို သားသားက ပေးလိုက်သည်။ တစ်နည်းပြောရလျှင် ကျွန်တော်တို့ မေ့နေသောအကြောင်းကို အသိပေးလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်တို့သည် အရာအားလုံးကို သတိရပါလျက် တစ်ခုခုကိုတော့ မေ့နေတတ်ကြသည်။ ဤသည်မှာ အဖေနှင့်အမေပင်ဖြစ်သည်။အဖေနှင့်အမေသည် ကျွန်တော်တို့နှင့် အတူနေသည်ဖြစ်စေ၊ အတူမနေသည်ဖြစ်စေ ကျွန်တော်တို့အတွက်ဆိုလျှင် အမြဲတွေးနေတတ်သည်။ သူတို့စိတ်ထဲတွင် တစ်မျိုးမျိုးကိုခံစားရပါက ‘ငါ့သားလေး နေကောင်းရဲ့လား၊ ငါ့သမီးလေး နေကောင်းရဲ့လား’ စသဖြင့် လားပေါင်းများစွာသောမေးခွန်းတို့ဖြင့် ဦးနှောက်ခြောက်နေတတ်သည်။ သို့သော် ကျွန်တော်တို့ကား အဖေနှင့်အမေကို အဖေများနေ့၊ အမေများနေ့ရောက်မှသာ သတိရတတ်သည်။ Post တွေတင်ပြီး ‘အမေကျန်းပါစေ၊ အဖေကျန်းမာပါစေ’ ဆိုပြီး လုပ်ကြသည်။ကျွန်တော့်သူငယ်ချင်းကတော့ ‘အဖေနှင့်အမေကို အမြဲသတိရနေရင် နေ့တိုင်းက အဖေများနေ့၊ အမေများနေ့ပဲ’ ဟုပြောဖူးသည်။

ဟုတ်သည်။ အဖေနှင့်အမေသည် ကျွန်တော်တို့အတွက် အမြဲသတိရနေသင့်သော ကျေးဇူးရှင်များဖြစ်သည်။ သို့သော် ကျွန်တော်တို့က အဖေနှင့်အမေကို ‘ငါတို့မိဘတွေပဲ၊ ကျေးဇူးတင်တဲ့အကြောင်း ပြောဖို့မှမလိုတာ’ ဟူ၍ သူစိမ်းဆန်ဆန် တွေးနေကြသည်။ အမှန်တကယ်လည်း တွေးခဲ့ကြသည်။ လက်တွေ့မှာလည်း ကျေးဇူးတင်ကြောင်း၊ သတိရကြောင်းပြောရန် သတိမေ့နေကြသည်။ အဖေနှင့်အမေတို့ကား ကျွန်တော်တို့ကို မမေ့မလျော့။ သတိရကြသည်။

စာမျက်နှာ - 13 သို့

# ယောက်ျားမှာ ဆီး ဆိုသော်ငြား

မုဒိတာ (တောင်သာ)

**ဆီးကျောက်တည်ခြင်းဝေဒနာမဖြစ်မီ ခံစားရသောလက္ခဏာအချို့ကိုလည်း မျှဝေပေးလိုသည်။ နောက်ဘက်ခါးအောက်ပိုင်းနာနေတတ်ခြင်း၊ ဆီးသွားလျှင်နာကျင်တတ်ခြင်း၊ ဆီးမကြာခဏသွားလိုခြင်း၊ ဆီးထဲတွင် သွေးပါခြင်း၊ ဆီးအရောင် နောက်နေတတ်ခြင်း၊ ဆီးကျန်သကဲ့သို့ ခံစားရတတ်ခြင်းတို့သည် ဆီးကျောက်တည်နေပြီဆိုသည့် အကြောင်းကို သိစေနိုင်သောလက္ခဏာများပင်ဖြစ်သည်။**

**ယနေ့ခေတ်**၏ ဖြစ်ပွားမှုများနေသော ရောဂါများတွင် ဆီးလမ်းကြောင်းဆိုင်ရာဝေဒနာများလည်း ပါဝင်သည်။ ယောက်ျားမှာဆီး၊ မိန်းမမှာမီးဆိုသော စကားပုံရှိသော်ငြား အမျိုးသမီးများတွင်လည်း ဆီးကျောက်တည်ခြင်းဆိုသော ဝေဒနာကို ခံစားနေကြရသည်။

ဆီးလမ်းကြောင်းပြဿနာများမှ ကင်းဝေးလိုလျှင် ရေများများသောက်ပေးရန် လိုအပ်သည်။ ရေများများ သောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ဗက်တီးရီးယားပိုးမွှားများသည် ဆီးနှင့်အတူပါသွားခြင်းဖြင့် ဝေဒနာများ လျော့ပါးသက်သာသွားစေမှာဖြစ်သည်။ ဆီးလမ်းကြောင်းဆိုင်ရာပြဿနာများမှ ကင်းဝေးစေဖို့ ကိုယ်ခံအားကောင်းနေဖို့လည်း လိုအပ်လှသည်။

မိမိတို့၏ ဆီးလမ်းကြောင်းတွင် ပြဿနာတစ်ခုခုဖြစ်သည်ဆိုလျှင် ခံစားရမည့်ဝေဒနာအချို့မျှဝေပေးလိုသည်။ ဆီးသွားသည့်အခါ နာကျင်ခြင်း၊ အနံ့ပြင်းပြင်းရှိခြင်း၊ ဆီးတစ်ခါသွားလျှင် ပင်ပန်းနွမ်းနယ်ခြင်း၊ ဝမ်းဗိုက်တစ်ဝိုက် နာကျင်ခြင်း၊ ဆီးများများသွားရာမှ နည်းသွားခြင်း၊ ဆီးတစ်စက်စက်ကျခြင်းတို့ဖြစ်သည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါလက္ခဏာတစ်ခုခုခံစားရပြီဆိုလျှင် ဆီးလမ်းကြောင်းပြဿနာတစ်ခုခုရှိပြီဟု သိရှိထားသင့်သည်။ တစ်ဆက်တည်း ယနေ့ခေတ်ရေစီးကြောင်းအရ ကွမ်းစားခြင်းအပြင် အသင့်သောက်အချိုရည်များသောက်ခြင်း၊ အမြန်စာများစားသုံးခြင်းတို့နှင့်အတူ အခြားအကြောင်းအရာများစွာကြောင့်ဖြစ်ပွားမှုများနေသော ဆီးကျောက်တည်ရောဂါအကြောင်း မျှဝေပေးလိုသည်။

ဆီးကျောက်တည်ရောဂါကို ပါဠိဝေါဟာရအရ အသ္မရီဟုခေါ်တွင်နိုင်သည်။ ဆီးကျောက်တည်ရောဂါဆိုသည်မှာ ဆီးအိမ်၊ ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းတစ်လျှောက်အညစ်အကြေးများ၊ အနည်အနှစ်များ စုဝေး၍ အနည်ထိုင်ကာ အစိုင်အခဲဖြစ်တည်လာခြင်းပင်ဖြစ်သည်။

ဒေသနာဆေးပညာအရ ဆီးကျောက်တည်ရောဂါဆိုသည်မှာ ဥဏှတေဇောအကြောင်းခံ၍ တေဇောဝါယော နှစ်ပါးသည် ဆီးအိမ်အတွင်းအကျဉ်းကျ၍ အာပေါအာဗန္ဓနပတ်ဖွဲ့ထားရာမှ ဆီးသည် တဖြည်းဖြည်းပျစ်ခဲလာခြင်း၊ ကျောက်သဖွယ်ဖြစ်နေခြင်း၊ ဆီးလမ်းကြောင်း၌ပိတ်ဆို့ပြီး ဆီးသွားရခက်ခဲခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ဆီးသွေးပါခြင်း၊ ဆီးအောင့်ခြင်းတို့ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဆီးကျောက်တည်ရောဂါဖြစ်ခြင်း၏ အကြောင်းတွင် ဆီးသွားလိုသောအဟုန်ကို ချုပ်တည်းအောင့်အည်းမှုများလာခြင်းဟူသော အကြောင်းအရာတစ်ခုလည်းပါဝင်လျက်ရှိသည်။ ယင်းသို့ချုပ်တည်းပါများလာခြင်းကြောင့် ဆီးအိမ်အတွင်းရှိလေနှင့်သည်းခြေပျက်စီးကာ သုက်နှင့်ရောသောဆီး၊ သလိပ်နှင့်ရောသောဆီးတို့သည် အနည်ထိုင်ကာ တဖြည်းဖြည်းပျစ်ခွဲခြောက်သွေ့သွားသည်။ အချိန်ကြာလာသောအခါ ယင်းအနည်တို့သည် ကျောက်သဖွယ်မာကျောကာ ဆီးလမ်းကြောင်းပိတ်ဆို့ခြင်း၊ ဆီးသွားခက်ခဲခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ဆီးအောင့်၊ ဆီးချုပ်ခြင်း၊ ဆီးသွေးပါခြင်းတို့နှင့်တကွ ဆီးကျောက်တည်ရောဂါဖြစ်လာခြင်းဖြစ်သည်။

ဆီးကျောက်တည်ခြင်း၏ အခြားအကြောင်းရင်းများမှာ ပူစပ်သောအစားအစာများကို အစားများခြင်း၊ ယာဉ်ရထား အမျိုးမျိုးတို့ကို ကြာရှည်စွာစီးနင်းခြင်း၊ ပူသောဥတုမှလာ၍ အေးသောဥတု၌နေထိုင်ခြင်း၊ ကွမ်းစားများခြင်း၊ ထုံးဓာတ်ပါသောရေများအသောက်များခြင်း၊ မှျစ်၊ တည်ငင်းသီးကဲ့သို့သော ယူရစ်အက်စစ်များသောအစားအစာများ အစားများခြင်း၊ အရက်သေစာများအသောက်များခြင်းတို့ဖြစ်သည်။

ဆီးကျောက်တည်ခြင်း၏ ရှေ့ပြေးလက္ခဏာအရ ဆီးသွားရခက်ခဲခြင်း၊ ဆီးတွင်အနည်မှုန်များပါလာခြင်း၊ ဆီးသွားလျှင်နာကျင်ခြင်းတို့ ခံစားရနိုင်သည်။ ဖြစ်ဆဲလက္ခဏာများမှာ ဆီးအိမ်ရောင်တင်းခြင်း၊ ဆီးသည်တစ်စက်တစ်စက်နှင့်အကြိမ်များစွာသွားခြင်း၊ ဆီးသွားသည့်အခါ လွန်စွာနာကျင်ခြင်း၊ ဆီးသွေးပါခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးချုပ်ခြင်းတို့ဖြစ်သည်။ ထို့အတူ ဆီးအနံ့ဆိုးခြင်း၊ ကျင်ငယ်သည် ဖြောင့်တန်းစွာမသွားဘဲ နှစ်ဖြာကွဲ၍သွားတတ်ခြင်း၊ ဆီးအိမ်ပတ်ဝန်းကျင်တွင် နာကျင်ခြင်းတို့ပါ ခံစားရနိုင်သည်။

ဆီးကျောက်တည်ရောဂါကိုသက်သာစေရန်အတွက် မြန်မာ့တိုင်းရင်းဆေးပညာဖြင့်ဆေးတိုက်ကျွေးမည်ဆိုလျှင် ဆေးခန်းသုံးဆေးနံပါတ် (၂၁)၊ ဆေးနံပါတ်(၁၃)၊ ရုက္ခမူဆားပေါင်း၊ ဆေးနံပါတ် (၁၀) တို့ကိုတိုက်ကျွေးနိုင်သည်။ ဆေးများသုံးစွဲရာတွင် နီးစပ်ရာတိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးခန်းများမှတိုင်းရင်းဆေးပညာရှင်များ၏လမ်းညွှန်မှုဖြင့်သာ သုံးစွဲစေလိုသည်။

ဆီးကျောက်တည်ရောဂါတွင် ဆီးရွှင်၍ဆီးကျောက်ပျော်ကျစေရန်အတွက် ကျောက်ဖရုံသီးအသားကို ရှာလကာရည်နှင့်ရောစပ်ကာ (လက်ဖက်ရည်ကြမ်းပန်းကန်တစ်လုံးခန့် တစ်နေ့ ၂ကြိမ်)တိုက်ပေးနိုင်သည်။ ထို့အတူ ရေများများသောက်ပေးရန်လည်းလိုအပ်လှသည်။ အရည်ရွှမ်းသောဟင်းသီးဟင်းရွက်များကိုစားပေးသင့်သည်။

အဆီများသောအစားအစာများ၊ အငန်လွန်ကဲသောအစားအစာများစားခြင်းကိုလည်း ရှောင်ကြဉ်သင့်သည်။ ဆီးကျောက်တည်သူများသည် ကွမ်းယာစားခြင်းကိုလည်း အထူးရှောင်ကြဉ်သင့်သည်။ ဆေးလိပ်သောက်ခြင်း၊ အရက်၊ ဘီယာများသောက်ခြင်းကိုလည်း ရှောင်ကြဉ်သင့်သည်။ အသား၊ ငါးများလွန်ကဲစွာစားခြင်း၊ ဒူးရင်းသီး၊ တည်ငင်းသီး၊ မှျစ်ကဲ့သို့သော အစားအစာများ၊ အစပ်လွန်ကဲသည့်အစားအစာများစားခြင်းမှလည်းရှောင်ကြဉ်သင့်သည်။ အသင့်သောက်ဖျော်ရည်များ၊ စည်သွတ်ဘူးများ၊ လက်လုပ်ချဉ်များ၊ အမြန်စား၊ အသင့်စားအစားအစာများကိုစားခြင်းမှလည်းရှောင်ကြဉ်သင့်သည်။ ပူလွန်း၊ အေးလွန်းသောအစားအစာများ တစ်ပြိုင်နက်စားခြင်းမှလည်းရှောင်ကြဉ်သင့်သည်။

ဆီးကျောက်တည်သူများအနေဖြင့် သင့်တော်သောကိုယ်လက်လှုပ်ရှားမှုများကိုလည်း ပြုလုပ်သင့်သည်။ သွေးပေါင်ချိန်မှန်ကန်မှုရှိမရှိ မကြာခဏစစ်ဆေးမှုခံယူသင့်သည်။ ဆီးကျောက်တည်သူများအနေဖြင့် သံပရာသီး၊ စပျစ်သီး၊ပန်းသီးတို့ကိုစားပေးသင့်သည်။

ဆီးကျောက်တည်ခြင်းဝေဒနာမဖြစ်မီခံစားရသောလက္ခဏာအချို့ကိုလည်း မျှဝေပေးလိုသည်။ နောက်ဘက်ခါးအောက်ပိုင်းနာနေတတ်ခြင်း၊ ဆီးသွားလျှင်နာကျင်တတ်ခြင်း၊ ဆီးမကြာခဏသွားလိုခြင်း၊ ဆီးထဲတွင် သွေးပါခြင်း၊ ဆီးအရောင် နောက်နေတတ်ခြင်း၊ ဆီးကျန်သကဲ့သို့ ခံစားရတတ်ခြင်းတို့သည် ဆီးကျောက်တည်နေပြီဆိုသည့် အကြောင်းကို သိစေနိုင်သောလက္ခဏာများပင်ဖြစ်သည်။

ဆီးကျောက်တည်ခြင်းသည် အမျိုးသားများတွင်သာမက အမျိုးသမီးများတွင်ပါဖြစ်ပွားနိုင်သောဝေဒနာတစ်ခုဖြစ်သည်။ ဆီးကျောက်တည်ခြင်းဆိုသောဝေါဟာရကိုကြားလိုက်သည်နှင့် အများက ကွမ်းစားခြင်းဆိုသော အကြောင်းအရာတစ်ခုကို ပြေးမြင်လေ့ရှိကြသည်။ အမှန်တော့ ဆီးကျောက်တည်ခြင်းဆိုသည်မှာ ကျွန်ုပ်မတို့နေ့စဉ်စားသောက်သော အစာ၊ အာဟာရ၊ အပြုအမူများပေါ်တွင်လည်း မူတည်နေကြောင်း သိရှိစေလိုသည်။ ဆီးကျောက်တည်ခြင်းဝေဒနာသည် စောလျှင်စွာကုသမှုခံယူဖို့လိုအပ်သည်။ အကြောင်းမှာ ဆီးကျောက်တည်ရာမှနာကျင်မှုပြင်းထန်လာသည့်အခါ သတိလစ်မေ့မြောခြင်းအထိဖြစ်နိုင်သကဲ့သို့ ဆီးလမ်းကြောင်းတစ်လျှောက်ပေါက်ကွဲတတ်သည်အထိ ခံစားရနိုင်သောကြောင့်ဖြစ်သည်။ သို့ဖြစ်ပါ၍ အမျိုးသားများတွင်သာမက၊ အမျိုးသမီးများတွင်ပါ ခံစားရနိုင်သောဆီးကျောက်တည်ရောဂါအကြောင်း မျှဝေလိုက်ရပါသည်။

❍ **မုဒိတာ (တောင်သာ)**

---

**စာမျက်နှာ - 12 အဖေဆိုတာ တစ်ခါတုန်းကသားပါ မှ အဆက်**

ဂရုစိုက်ကြသည်။ ကျွန်တော်တို့ကား ကိုယ့်ကိုယ်ကိုယ်နှင့် ကိုယ့်ပတ်ဝန်းကျင်ကိုသာ ဂရုတစိုက်ပြုပြီး ကိုယ့်ကို မွေးထုတ်ပေးခဲ့သော၊ လူလားမြောက်အောင် ဂရုစိုက်ခဲ့သော အဖေနှင့်အမေကို သတိမေ့နေသည်။ အထူးသဖြင့် အဖေ့ကို မေ့နေတတ်သည်။

အဖေသည် ကျွန်တော်တို့အတွက် အနေအေးပြီး စကားနည်းသည်။ လုပ်စရာရှိသောအလုပ်ကိုသာ လုပ်နေတတ်သည်။ အလုပ်မလုပ်လျှင်လည်း ကုလားထိုင်ပေါ်တွင် ဆေးလိပ်တစ်လိပ်ကို အဖော်ပြုလျက်နေတတ်သည်။ ရံဖန်ရံခါတွင်တော့ မိသားစု စုံစုံလင်လင်ထိုင်ပြီး သူ့ဘဝအကြောင်း တစေ့တစောင်းပြောပြသည်။ ထိုအခါမျိုးဆိုလျှင် ကျွန်တော့်အတွက် အပျော်ရဆုံးအချိန် ဖြစ်သည်။ အကြောင်းမူကား အဖေပြောသောအကြောင်းအရာများသည် မည်သည့်စာအုပ်မှာမှ မရှိသောအကြောင်းများ ဖြစ်သည်။ အများဆုံးက အဖေ့ ငယ်ဘဝအကြောင်းဖြစ်သည်။ အဖေသည် သူ့ငယ်ဘဝအကြောင်း ပြောပြသည့်အခါတွင် မျက်လုံးများက အရောင်တောက်နေတတ်သည်။ ဝမ်းနည်းစရာပင် ဖြစ်လင့်ကစား မျက်နှာညှိုးမသွားပေ။ အစတုန်းက နားမလည်ခဲ့ပေ။ နောက်ပိုင်းတွင်တော့ နားလည်ခဲ့သည်။

အဖေသည် သူ့ဘဝတွင် ကြုံခဲ့ရသောအခက်အခဲများကို စိတ်ပျက်အားငယ်မနေဘဲ ထိုအကြောင်းအရာကို အခြေခံပြီး မခံချင်စိတ်ကို မွေးယူခဲ့သည်။ ထိုမခံစိတ်မှတစ်ဆင့် ကြိုးစားသည်။ မဖြစ်ဖြစ်အောင် လုပ်သည်။ အဖေနှင့်အသက်တူသော အဖေ့သူငယ်ချင်းများပင် အဖေနှင့်ပတ်သက်ပြီး "အစ်ကိုက သိပ်ဇွဲကြီးတာ။ စာမေးပွဲဆိုလည်း တစ်နှစ်ကျရင် နောက်တစ်နှစ်ဖြေတာပဲ။ အိမ်ထောင်ကျသွားတာတောင် စာမေးပွဲဖြေတုန်း" ဟု ပြောဖူးသည်။

ကျွန်တော်ကတော့ အဖေနှင့်ပတ်သက်ပြီး သိပ်မသိ။ ထို့ကြောင့် အဖေတစ်ယောက်၏ ခံစားချက်ကိုလည်း သိပ်နားမလည်ခဲ့။ ကျွန်တော်သိသည်က အဖေသည် ကျွန်တော်တို့အတွက် စံပြပုဂ္ဂိုလ်။အတုယူရသော ဖခင်ကောင်းတစ်ယောက်။ ကျွန်တော် မှတ်မိနေသေးသည်။ အဲဒီနေ့က အဖေ့မျက်နှာ၊ အဖေ့အပြုံး။ ဒီတစ်သက် ဘယ်တော့မှာမေ့မှာမဟုတ်ဘူး။ ကျွန်တော့်တစ်သက်တွင် တွေ့ရခဲ့သော အပြုံးတစ်ခုဖြစ်သည်။

ထိုနေ့က ကျွန်တော့်ဦးလေး(အဖေ့ယောက်ဖ) တစ်ယောက်က အဖေ့ကို အရက်အတူသောက်ရန် ပြောလာခြင်းဖြစ်သည်။ အဖေပြန်ပြောလိုက်သည်က 'ငါ အရက်ပြတ်သွားပြီ' ဟုဆိုကာ ယောက်ဖဖြစ်သူကို ငြင်းလိုက်သည့်အကြောင်း အမေနှင့် ကျွန်တော်တို့ကို ဂုဏ်ယူစွာနှင့် ရယ်ရယ်ပြုံးပြုံး ပြန်ပြောပြသည်။ထိုအချိန်တုန်းက အဖေ့ညာဘက်ပါးပေါ်က အချိုင့်လေးပင် ကြည့်၍ကောင်းနေသည်။ ဟုတ်သည်။ အဖေသည် အရက်ဆိုသောအရာနှင့် ကင်းကွာသည်မှာ ကြာခဲ့ပြီ။ သို့သော် ကျွန်တော်တို့ မေ့နေကြသည်။

(၄)

မနက်က အကြောင်းကိစ္စတစ်ခုနှင့် သားသားတို့ သားအမိကို အဖေတို့အိမ် သွားပို့လိုက်သည်။ အဖေတို့ဆီရောက်သည်နှင့် သားသားတို့သားအမိကို နှုတ်ဆက်ပြီး အိမ်ကအထွက် ဆိုင်ကယ်ပေါ်အတက်တွင် သားသားက "ဖေဖေ ဆိုင်ကယ် အကျယ်ကြီး(အမြန်) မမောင်းနဲ့နော်" ဟူ၍ လှမ်းပြောလေသည်။သားသား ပြောလိုက်သောစကားက ကျွန်တော့်ရင့်ကို မြားအစင်းပေါင်းများစွာ ထိုးစိုက်သလို ခံစားလိုက်ရသည်။

ဟုတ်သည်။ ကျွန်တော့်ဘဝတွင် အဖေတို့အတွက် ကျေးဇူးတင်ကြောင်း၊ ကျန်းမာရေးဂရုစိုက်ရန်အကြောင်း တစ်ခါမှ မပြောဖူးခဲ့။ ယခုမူ သားသားက ကျွန်တော့်ကို ဆိုင်ကယ်ကို အမြန်မမောင်းရန် သူသိသောအသိဖြင့် သတိပေးလာသည်။ ထိုအခိုက်အတန့်လေးမှာပင် ကျွန်တော့်ရင်ထဲ ခံစားလိုက်ရသော ပီတိက ဘယ်အရာနှင့်မျှ နှိုင်းယှဉ်၍ရမည်မထင်။

❍ **မောင်စည်သူ (အဖျောက်)**

# "ကျွန်တော်လည်း ငွေထပ်စုနေတယ် လှူပေးစရာတွေ ရှိသေးတယ်"

## တိုင်ရွှန် နှင့် တွေ့ဆုံခြင်း

နွယ်နီ

**တိုင်ရွှန်နဲ့ တွေ့ဆုံ၍ ကိုဗစ်ကာလမှာ ကူညီလှူဒါန်းမှုတွေ လိုက်လုပ်ဖြစ်နေတဲ့အကြောင်းနဲ့ လှူဒါန်းမှုလုပ်ခဲ့တဲ့နေရာတွေ အကြောင်းကို တွေ့ဆုံမေးမြန်းထားတာပဲ ဖြစ်ပါတယ်။**



**Voice : ဒီကာလမှာ လှူဒါန်းမှုတွေ ပြုလုပ်ဖြစ်တဲ့အကြောင်း ပြောပြပေးပါဦး။**

**TR :** ကျွန်တော်က ပရဟိတလုပ်တာ မဟုတ်ပါဘူး။ လူမှုရေးလုပ်တာပါ။ ဘယ်လိုစလုပ်ဖြစ်လဲ ဆိုတော့ ကျွန်တော့်သူငယ်ချင်းက လူမှုရေးတွေ လုပ်ဖြစ်တယ်ဆိုတော့ သူနဲ့ တောက်လျှောက်ပေါင်း ဖြစ်တယ်။ ဒီ Second Wave မှာ ကျွန်တော်လည်း အိမ်မှာ နေရမယ့် အတူတူ အကျိုးရှိတာလေး လုပ်ချင်တယ်။ သူများတွေကူညီပေးချင်တယ်။ အဲဒီ စိတ်ကူးပေါက်တာနဲ့ သူတို့နဲ့ လိုက်လုပ်ဖြစ်တာပါ။

**Voice : ဘယ်လိုမျိုးတွေ ကူညီဖြစ်လဲ။**

**TR :** အဓိက ကူညီဖြစ်တာက Positive ဖြစ်တဲ့အိမ်တွေကို Lock Down ချတာတွေ၊ ပိုးသတ်ဆေးဖျန်းပါတယ်။ အကူအညီတောင်းခံတဲ့ မြို့နယ်တွေရဲ့ လမ်းတွေ၊ အိမ်တွေကို ပိုးသတ်ဆေးဖျန်းပါတယ်။ သူများကို ကူညီပေးတာဆိုတော့ ပီတိဖြစ်မိပါတယ်။ ပထမက ဆေးပဲ ဖျန်းတယ်။ လူနာတစ်ယောက်က အောက်ဆီဂျင်လိုအပ်တယ်ဆိုတော့ အောက်ဆီဂျင်ကူညီပေးနိုင်မယ့်အဖွဲ့နဲ့ ချိတ်ပြီး အောက်ဆီဂျင်သွားယူပြီးတော့ Positive လူနာကို အောက်ဆီဂျင်အိုးသွားလဲပေးတယ်။ အောက်ဆီဂျင်လိုအပ်တဲ့သူတွေက အများကြီးရှိတာဆိုတော့ အောက်ဆီဂျင် ၁၀ အိုး လှူဒါန်းပေးဖြစ်ခဲ့တယ်။ အလုံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှာ။ အောက်ဆီဂျင်အိုးတွေ လိုအပ်ရင်လည်း အလကားကူညီပေးပါတယ်။

**Voice : တခြားဘယ်နေရာတွေ သွားလှူဖြစ်သေးလဲ။**

**TR :** ရိုးမ Q စင်တာကို Mask တွေ၊ PPE ဝတ်စုံတွေ၊ အလှူငွေကျပ်သိန်း ၄၀ ကို သွားလှူဖြစ်ခဲ့တယ်။ အများကြီးမတတ်နိုင်ရင်တောင် ရှိတဲ့ငွေနဲ့ပဲ လှူဖြစ်တယ်။ အဓိက ကတော့ Q စင်တာ ၅ ခုရှိသွားပြီ။ ရွာသာကြီး Q စင်တာဆိုရင်လည်း လိုအပ်ချက်တွေ အများကြီးရှိတယ်။ အကူအညီလာတောင်းတယ်။ လူနာတွေအတွက် စောင်တွေ လိုအပ်တယ်။ စောင်လှူပေးဖြစ်ခဲ့တယ်။ ကျွန်တော်အကြံပေးချင်တာက မပြည့်စုံတဲ့ Q စင်တာတွေ အများကြီးရှိတယ်။ အဲဒီနေရာတွေဆို ခက်ခက်ခဲခဲနဲ့ နေထိုင်နေရတာတွေရှိတယ်။ လှူမယ်ဆိုရင် အဲဒီနေရာတွေကို လှူပေးစေချင်တယ်။ ကျွန်တော်လည်း ငွေထပ်စုနေတယ်။ လှူပေးစရာတွေရှိသေးတယ်။

**Voice : ကိုဗစ်ဖြစ်နေတဲ့အပေါ်မှာရော စိတ်ဓာတ်ကျတာမျိုးရှိလား။**

**TR :** ကျွန်တော်က စိတ်ဓာတ်တော့ မကျပါဘူး။ စိတ်ဓာတ်ကျနေရင် ပြီးသွားမယ့်ကိစ္စမဟုတ်ပါဘူး။ ကိုယ်လုပ်စရာရှိတဲ့အလုပ်တွေကို စဉ်းစဉ်းစားစားနဲ့ ကြိုပြင်လို့ရတဲ့အရာတွေကို အခွင့်အရေးပေးထားတယ်လို့ပဲ မြင်တယ်။ ဖြစ်နေတာတွေကို ငြီးတွားလို့မရဘူး။ ကျွန်တော်တို့ထက် ဒုက္ခအများကြီးရောက်တဲ့သူတွေရှိတယ်ဆိုတော့ ရှေ့ဆက်ပြီး ဘယ်လိုအကောင်းဆုံးလုပ်သွားမလဲဆိုတာပဲ တွေးမိတယ်။

**Voice : ဒီရက်ပိုင်းတွေမှာ Gym ဆော့ဖြစ်သေးလား။**

**TR :** မဆော့ဖြစ်ပါဘူး။ လူမှုရေးတွေလုပ်တော့ အိမ်နဲ့လည်း ခွဲနေဖြစ်တယ်ဆိုတော့ သိပ်လည်း မဆော့ဖြစ်ဘူး။ သူငယ်ချင်းနဲ့ပဲ နေတယ်။ Gym လည်း မသွားဘူး။ ဒီအလုပ်ပဲ လိုက်လုပ်ဖြစ်နေတယ်။

❍ နွယ်နီ



# သံဃာတော်တွေကို အစားအသောက်နဲ့ အလှူငွေတွေလှူဒါန်းခဲ့တဲ့ ခိုင်သင်းကြည်

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

သရုပ်ဆောင်ခိုင်သင်းကြည်က သံဃာတော်တွေကို အစားအသောက်နဲ့ အလှူငွေတွေ လိုက်လံလှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

"ဒီနေ့တော့ လက်ဆောင်ရတဲ့ အစားအသောက်တွေကို ကားပေါ်တင်ပြီး ကိုယ်တစ်ခါမှ မရောက်ဖူးတဲ့ကျောင်းတွေကို လိုက်လှူပါတယ်။ ဆွမ်းနဲ့ ဆွမ်းဟင်းအလှူအတွက် တစ်ကျောင်း ၅ သောင်းစီ ကပ်လှူခဲ့ပါတယ်" လို့ ခိုင်သင်းကြည်က ဆိုပါတယ်။

သေချာစီစဉ်မထားဘဲ စိတ်ကူးပေါက်ပြီး အိမ်နေရင်းအဝတ်အစားနဲ့ လိုက်လံလှူဒါန်းဖြစ်တာလို့လည်း သူက ဆိုပါတယ်။

❍ နွယ်နီ

# Live Sale မှာ ကျပ်သိန်း ၇၀၀၀ ကျော်တန်အိမ် ၄ လုံး ရောင်းရတယ်ဆိုတဲ့ ထက်ထက်မိုးဦး

**ရန်ကုန်၊ အောက်တိုဘာ ၃၁**



တစ်ချိန်က ကြော်ငြာဘုရင်မ တစ်ဦးဖြစ်တဲ့ ထက်ထက်မိုးဦးက သူမ ရောင်းချတဲ့ ပန်းလှိုင်အိမ်ရာ Live Sale မှာ ကျပ်သိန်း ၇၀၀၀ ကျော်တန် အိမ်လေးလုံး ရောင်းချရတယ်လို့ ဆိုပါတယ်။

"Lotus Place သိန်း ၇၂၅၀ တန် နောက်ထပ်ရောင်းရပြန်ပြီ။ ထက် Live ကို ကြည့်ပြီးပဲ သိန်း ၇၀၀၀ ကျော်တန်တွေချည်း ၄ လုံးရောင်းရပြီမို့ ပိုပြီး ဂုဏ်ယူရတယ်။ မထင်မှတ်လောက်အောင် အားပေးကြတာမို့ ဘာပြောရမှန်း မသိအောင် ပျော်လို့ စာတောင် မရေးတတ်တော့ဘူး" လို့ ထက်ထက်မိုးဦးက ဆိုပါတယ်။

ပရိသတ်တွေကိုလည်း အမြဲ မေတ္တာပို့ပေးနေပြီးတော့ ဒီထက်ကောင်းအောင် ပိုပိုပြီး ကြိုးစားနေတယ်လို့လည်း ဆိုပါတယ်။

လက်ရှိမှာလည်း ထက်ထက်မိုးဦးက အွန်လိုင်းကတစ်ဆင့် Live Sale ရောင်းချရင်း ပရိသတ်တွေရဲ့ချစ်ခင်အားပေးမှုကို ပြန်လည်ရရှိလာတာပဲ ဖြစ်ပါတယ်။

❍ နွယ်နီ

# ကျောက်မဲမြို့တွင် မူးယစ်တရားခံပြေးက ပြန်လည်ခုခံသဖြင့် အသေပစ်ဖမ်း

ရန်ကုန်၊ အောက်တိုဘာ ၃၁


ဓာတ်ပုံ - ရဲတပ်ဖွဲ့

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းက မူးယစ်အမှုကွင်းဆက်မှ တရားခံပြေးဖြစ်သူကို ဖမ်းဆီးစဉ် ပြန်လည်ခုခံသောကြောင့် သေနတ်ဖြင့် အသေပစ်ခတ် ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသော တရားခံပြေး ကွမ်းဖုန်း (၅၂)နှစ်မှာ ၂၀၁၈ ခုနှစ်က ကျောက်မဲမြို့မ ရဲစခန်းက မူး/စိတ်ပုဒ်မ ၁၉(က)/၂၀/ကျင့်၅၁၂ အမှု၏ မူးယစ်ကွင်းဆက်တွင် ပါဝင်ခဲ့သူဖြစ်သည်။

ယင်းအမျိုးသားမှာ ၂ နှစ်နီးပါးကြာ တရားခံပြေးအဖြစ် ထွက်ပြေးတိမ်းရှောင်နေရာမှ ကျောက်မဲမြို့၊ (၈)ရပ်ကွက်ရှိ၎င်း၏နေအိမ်သို့ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ ယင်းနေအိမ်ကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။

ယင်းသို့ ရှာဖွေစဉ် ကွမ်းဖုန်းက ဓားမဖြင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ဦးခေါင်းကို ခုတ်ခဲ့ပြီး အဆိုပါ နေအိမ်သို့ ရောက်ရှိနေသူ ကျော်မင်း(၃၁)နှစ်က ပစ္စတိုသေနတ်ဖြင့် ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်သောကြောင့် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ကွမ်းဖုန်းနှင့် ကျော်မင်းတို့နှစ်ဦးမှာ ကျည်မှန်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

အခင်းဖြစ်နေအိမ်ကို ဆက်လက်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၈ ခွက်(အလေးချိန် ၈၀ ဂရမ်ခန့်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ပြား၊ ဓားမ တစ်လက်၊ ဓားမြှောင်တစ်ချောင်း၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ၉ မမ ကျည် ကိုးတောင့်တို့ကို တွေ့ရှိသည့်အပြင် မူးယစ်ဆေးဝါးဝယ်ယူသုံးစွဲရန် ရောက်ရှိနေသော အိုက်စိုင်း(ခ) အောင်သိန်း(၃၀)နှစ်၊ ထက်သူပိုင်(၂၅)နှစ် နှင့် ကျော်မင်းနောင်(ခ) အိုက်နောင့်(၃၆)နှစ်တို့ကို တွေ့ရှိသဖြင့် ဖမ်းဆီး အရေးယူထားကြောင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံမှ သိရသည်။

❍
S-03

# မူးယစ်ဂိုဏ်းအဖွဲ့မှ တရားခံပြေးနှစ်ဦးကို ကျပ် ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းမိ

ရန်ကုန်၊ အောက်တိုဘာ ၃၁


ဓာတ်ပုံ - ရဲတပ်ဖွဲ့

တင်ဆန်းဦး၊ စိုင်းရွှေ နှင့် သက်သေခံပစ္စည်းများ

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းတွင် ကုန်တင်ယာဉ်တစ်စီးကို စစ်ဆေးရာမှ မူးယစ်ဂိုဏ်းအဖွဲ့ဝင် တရားခံပြေးနှစ်ဦးကို ကျပ် ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ် မူးယစ်ဆေးဝါးများ အလုံးအရင်းဖြင့် ဖမ်းဆီးရမိခဲ့သော အမှုဖြစ်စဉ်များမှ ထွက်ပြေးလွတ်မြောက်နေသောတရားခံပြေးနှစ်ဦးမှာ အောက်တိုဘာလ ၂၆ ရက်နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းအတိုင်း Nissan Diesel အမျိုးအစားကုန်တင်ယာဉ်တစ်စီးကို မောင်းနှင်လာကြောင်း သတင်းရရှိခဲ့သည်။

ယင်းသတင်းအရ ရဲတပ်ဖွဲ့က အဆိုပါယာဉ်ကို အမှတ်(၃)လမ်းရှိ မိုင်တိုင်အမှတ် ၆ အနီး၌ တားဆီးစစ်ဆေးရှာဖွေရာ ကျပ် ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

စိတ်ကြွဆေးပြားများ သယ်ဆောင်လာသော ယာဉ်ပေါ်တွင် စိုင်းသိန်းနိုင်(ခ) စိုင်းရွှေနှင့် တင်ဆန်းဦးတို့နှစ်ဦးကို တွေ့ရှိခဲ့ပြီး ဖမ်းဆီးစစ်ဆေးမေးမြန်းရာ စိုင်းသိန်းနိုင်(ခ)စိုင်းရွှေမှာ ၂၀၁၈ ခုနှစ်နိုဝင်ဘာလက အင်းစိန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်းပြားကျော် ဖမ်းမိမှုနှင့် ၂၀၁၉ ခုနှစ်၊ မတ်လက မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၈၇ သိန်းပြားကျော် ဖမ်းမိမှုတို့တွင် ပါဝင်ခဲ့သော အမှုကွင်းဆက်တရားခံပြေးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းအပြင် ဖမ်းမိသူ တင်ဆန်းဦးမှာလည်း ၂၀၁၉ ခုနှစ် မတ်လက ကော့သောင်းမြို့နယ် အနောက်ဘက်ပင်လယ်ပြင်တွင် အိုက် ၁၇၃၇ ကီလို ဖမ်းမိမှုမှ ကွင်းဆက်တရားခံပြေးတစ်ဦးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

❍
S-03

# ကျိုင်းတုံတွင် အမျိုးသမီးတစ်ဦး ဓားဖြင့် ခုတ်သတ်ခံရ

ရန်ကုန်၊ အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် အမျိုးသမီးတစ်ဦးကို ကင်ဒိုဓားဖြင့် ဆင့်ခုတ်သတ်ခဲ့သော အမျိုးသားအား ဖမ်းဆီးအရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

လူသတ်မှုကျူးလွန်သူ ကျော်ကျော်စိုးမှာ ရပ်ကွက်(၄) တွင် နေထိုင်သူဖြစ်ပြီး အောက်တိုဘာလ ၂၉ ရက်က အာခါဈေးလမ်း၌ လူမြင်ကွင်းတွင် အမျိုးသမီးတစ်ဦးကို ကင်ဒိုဓားဖြင့် ၎င်းက ဆင့်ခုတ်သတ်ခဲ့ခြင်းဖြစ်သည်။

ဓားခုတ်ခံရသည့် ဒဏ်ရာများဖြင့် အမျိုးသမီးမှာ မှောက်လျက် သေဆုံးခဲ့ပြီး ကျော်ကျော်စိုးကို ဆက်မလုပ်ရန် ဝင်ဆွဲသည့် ၎င်း၏ မိခင်ဖြစ်သူမှာလည်း လက်တွင် ပြတ်ရှဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်ကိုအနီးပတ်ဝန်းကျင်က ကျိုင်းတုံမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် အခင်းဖြစ်နေရာသို့ လာရောက်စစ်ဆေးရာ သေဆုံးသူမဌေးဌေးဝင်းမှာ ခန္ဓာကိုယ်အနှံ့ ထိုးသွင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးကာ ကျိုင်းတုံမြို့မစခန်းက (ပ)၃၇၈/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်၍ လူသတ်မှုကျူးလွန်ရသည့် အကြောင်းအရာကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

❍
S-03

သတင်းကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# အမေရိကန်တွင် Covid-19 လူနာ ကိုးသန်းကျော်ဖြစ်လာ

ဝါရှင်တန် ဒီစီ၊ အောက်တိုဘာ ၃၁

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့လူနာ ကိုးသန်းကျော်ရှိလာပြီဖြစ်သည်ဟု John Hopkins တက္ကသိုလ်က ထုတ်ပြန်ခဲ့ကြောင်းကို CNA သတင်းဌာနတွင် ဖော်ပြသည်။

ပိုးတွေ့လူနာ ၈ သန်းမှ ၉ သန်းရောက်ရန် နှစ်ပတ်သာကြာခဲ့ပြီး အမြန်ဆုံးကူးစက်သည့် တစ်သန်းဟုဆိုနိုင်သည်။ ပိုးတွေ့လူနာ ၇ သန်းမှ ၈ သန်းသို့ရောက်ရန် သုံးပတ်ကျော်ကြာခဲ့သည်။

သေဆုံးမှုနှုန်းမှာလည်း နှစ်ပတ်အတွင်း ၁၄ ရာခိုင်နှုန်း အထိမြင့်တက်ခဲ့ပြီး တစ်ရက်လျှင် လူဦးရေ ရှစ်ရာထက်မနည်းရှိသည်ဟု သိရသည်။

နှစ်ရက်ဆက်တိုက် စံချိန်တင်ကူးစက်မှုလည်းဖြစ်ပွားခဲ့သည်။

အောက်တိုဘာလ ၃၀ ရက်နေ့တွင် ၂၄ နာရီအတွင်း ကူးစက်သူဦးရေ ၉၄,၀၀၀ အထိရှိခဲ့သည်ဟု Johns Hopkins တက္ကသိုလ်မှထုတ်ပြန်ခဲ့သည်။

အောက်တိုဘာလလယ်မှစ၍ Covid 19 ပြန်လည်ကူးစက်ဖြစ်ပွားလျက်ရှိသော အမေရိကန်နိုင်ငံတွင် အောက်တိုဘာလ ၃၀ ရက်နေ့ည ရှစ်နာရီ သုံးဆယ်အချိန်အထိ စစ်တမ်းအရ ၂၄ နာရီအတွင်း ကူးစက်သူဦးရေ ၉၄,၁၂၅ ဦးတွေ့ရှိခဲ့သည်ဟု အချိန်နှင့် တစ်ပြေးညီ စစ်တမ်းကောက်သော ဘယ်လ်တီမောမြို့ရှိကျောင်းမှထုတ်ပြန်ခဲ့သည်။

ယင်းတွေ့ရှိမှု စံချိန်သည် အောက်တိုဘာလ ၂၉ ရက်နေ့တွင် စံချိန်တင်တွေ့ရှိခဲ့သော ကူးစက်သူ ၉၁,၀၀၀ စံချိန်ကိုချိုးဖျက်ခဲ့သည်ဟု သိရသည်။

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၉ ဒသမ ၀၃ သန်းဖြစ်ပြီး သေဆုံးသူဦးရေမှာ ၂၂၉,၅၉၄ ဦးဖြစ်သည်ဟု John Hopkins တက္ကသိုလ်မှ ထုတ်ပြန်သည်။

ဖလော်ရီဒါပြည်နယ်တွင်မူ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့လူနာ ၅၅၀၀ ကျော် ရှိခဲ့သည်ဟု ထုတ်ပြန်သည်။




အီလီနွိုက်၊ အင်ဒီယားနား၊ မိန်း၊ မီရှီဂန်၊ မီနီဆိုတာ၊ နယူးမက္ကဆီကို၊ မြောက်ကယ်ရိုလိုင်းနား၊ မြောက်ဒါကိုတာနှင့် အိုဟိုင်းယိုး အစရှိသော ပြည်နယ်များလည်း တစ်ရက်အတွင်း စံချိန်တင်တွေ့ရှိသော ပိုးတွေ့လူနာစာရင်းများကို ထုတ်ပြန်ခဲ့ကြသည်ဟု John Hopkins တက္ကသိုလ်အရ သိရသည်။

"တစ်စက္ကန့်မှာ လူတစ်ဦးနှုန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံနေရပါတယ်" ဟု ဘယ်လ်တီမောပြည်နယ် ကျန်းမာရေးကော်မရှင်အဖွဲ့ဝင်ဟောင်း ဒေါက်တာလီနာဝမ်က ဆိုသည်။

"နှစ်မိနစ်မှာ အမေရိကန်ပြည်သူတစ်ယောက် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသက်ဆုံးရှုံးနေရပြီးတော့ သေဆုံးသူဦးရေကလည်း ရပ်နေမှာမဟုတ်ဘူး၊ တစ်နေ့ထက်တစ်နေ့ ပိုပိုတိုးလာနေတယ်" ဟု ဒေါက်တာလီနာဝမ်က ဖြည့်စွက်ပြောကြားခဲ့သည်။ ❍ F-05

# ဂရိနှင့် တူရကီတွင် ငလျင်ဒဏ်ကြောင့် အသေအပျောက်များ

အေသင်၊ အောက်တိုဘာ ၃၁

တူရကီနိုင်ငံ အေဂျင်ကမ်းရိုးတမ်းတစ်လျှောက်နှင့် ဂရိကမ်းခြေ ဆာမို့စ်တောင်ပိုင်းသို့ အားပြင်းသော ငလျင်ဝင်ရောက်ခဲ့သဖြင့် သေဆုံးသူဦးရေ ၂၂ဦးထက်မနည်းရှိခဲ့ပြီး အိမ်များစွာပျက်စီးခဲ့သည် BBC သတင်းဌာနတွင် ဖော်ပြထားသည်။

ပြင်းအား ၇ ရှိသော ငလျင်သည် တူရကီနိုင်ငံ အဇ်မာစီရင်စုတွင် ဗဟိုချက်အဖြစ်စတင်ခဲ့သည်ဟု အမေရိကန် ဘူမိတိုင်းတာရေးအဖွဲ့ (USGS) မှ ထုတ်ပြန်ခဲ့သည်။

တူရကီနိုင်ငံထုတ်ပြန်ချက်တွင်မူ ပြင်းအား ၆ ဒသမ ၆ သာရှိသည်ဟု ထုတ်ပြန်ခဲ့ပြီး အဇ်မာစီရင်စုတွင် သေဆုံးသူ ၂၀ ဦး နှင့် ၇၈၆ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ထုတ်ပြန်သည်။ ဆာမို့စ်ကမ်းခြေတွင် လူငယ်နှစ်ဦး သေဆုံးခဲ့သည်။



ငလျင်ကြောင့် ဆူနာမီ အသေးစားဖြစ်ခဲ့ပြီး ဆာမိုစ် ကမ်းခြေနှင့် အဇ်မာစီရင်စုတို့တွင် ရေကြီးရေလျှံခြင်းများဖြစ်ခဲ့သည်။

အဇ်မာစီရင်စု အာဏာပိုင်များက အခြား အဆောက်အအုံများ ထပ်မံထိခိုက်မည်စိုးရိမ်သဖြင့် လူဦးရေ ၂၀၀၀ ခန့် ခိုလှုံနိုင်သည့် ယာယီတဲများထိုးကာ ပြည်သူများကို ညတွင်းချင်း ပြောင်းရွှေ့ခဲ့သည်။

အဆောက်အအုံအပြိုများအောက် ပိနေသူ ၇၀ ကို ကယ်ဆယ်နိုင်ခဲ့သည်ဟု အာဏာပိုင်များ ထုတ်ပြန်ခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များက အခြားကျန်ရစ်သူများရှာဖွေရန် ကွန်ကရစ်များကို ဆက်လက်တူးဖော်လျက်ရှိသည်ဟု သိရသည်။



အေသင်မြို့နှင့် အစ္စတန်ဘူလ်မြို့နှစ်မြို့လုံးနီးပါး သက်ရောက်ခဲ့သည့် ငလျင်၏အနက်သည် ၁၀ ကီလိုမီတာ (၆ မိုင်) အနက်ရှိခဲ့သည်ဟု USGS အဖွဲ့မှ ထုတ်ပြန်ခဲ့ပြီး တူရကီအာဏာပိုင်များက ၁၆ ကီလိုမီတာရှိသည်ဟု ထုတ်ပြန်ခဲ့သည်။

တူရကီနှင့်ဂရိ နှစ်နိုင်ငံလုံး ငလျင်ကြောပေါ်တွင် တည်ရှိနေပြီး မကြာခဏ ငလျင်ဒဏ်ခံရသည်။

တူရကီနိုင်ငံ၏ တတိယအကြီးဆုံးမြို့တော်ဖြစ်သည့် အဇ်မေးရ်မြို့တော်တွင် လူဦးရေ သုံးသန်းနီးပါး နေထိုင်သည်။

ငလျင်လှုပ်ခတ်ပြီးသည့်အချိန်တွင် ပြည်သူများကြောက်ရွံ့ပြီး လမ်းမပေါ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည့်မြင်ကွင်းကို လူမှုကွန်ရက်ပေါ်တွင် တွေ့ရသည်။

အဇ်မေးရ်မြို့တွင် အဆောက်အအုံ ၂၀ ထက်မနည်း ပြိုကျပျက်စီးခဲ့သည်ဟု သိရသည်။

❍ F-05

# ပုလင်းအပြင်က ဂျီးနီ

နေလင်းဦး



အာရေဗျပုံပြင်တွေထဲက ဂျီးနီဆိုတဲ့ ဒဏ္ဍာရီလာသတ္တဝါကို အားလုံး ရင်းနှီးဖူးပြီးသားဖြစ်မှာပါ။ ပုလင်း၊ ဘူး၊ မီးအိမ်ဟောင်းတွေမှာ ခိုကပ်နေတတ်ပြီး သခင်ရဲ့လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးတယ်လို့ ဆိုပါတယ်။ အာလာဒင်ရဲ့မီးခွက်စောင့်နတ်ဟာလည်း ဂျီးနီတစ်ကောင်ပဲ ဖြစ်ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး အင်္ဂလိပ်စကားမှာ 'ဂျီးနီပုလင်းအပြင်ရောက်တယ်' (the genie is out of the bottle) ဆိုတဲ့ အသုံး တစ်ခုရှိပါတယ်။ လွယ်လွယ်ပြောရရင် မကောင်းတာတစ်ခုခု တားမရ ဆီးမရဖြစ်လာတဲ့ သဘောကိုပြောတာပါ။

ဆက်သွယ်ရေးနည်းပညာ ဆန်းသစ်လာမှုနဲ့အတူ ခုနေအခါမှာ လူတိုင်းဟာ အရင်ကလို အချိန်၊ နေရာ အကန့်အသတ်တွေမရှိတော့ဘဲ ကိုယ်ပိုင်လူမှုကွန်ရက်တွေကနေ အချင်းချင်း အချိန်မဆိုင်း ဆက်သွယ်လာနိုင်ပါတယ်။ ရပ်နီး၊ ရပ်ဝေးက လူပေါင်းများစွာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆက်ဆံရေးထူထောင်လာနိုင်ကြပါတယ်။ ဒီလိုလူမှုဆက်ဆံရေး အပြောင်းအလဲဟာ လူမှုစီးပွားနယ်ပယ်တွေမှာ ကြီးမားတဲ့ကောင်းကျိုး ချမ်းသာ တိုးပွားလာစေပါတယ်။

ဒါပေမဲ့ ဘေးထွက်ဆိုးကျိုးကလည်း ရှိနေပါတယ်။ အရင်က ကိုယ့်အသိုင်းအဝိုင်းကျဉ်းကျဉ်းလေးထဲမှာ လွတ်လွတ်လပ်လပ်ပြော ချင်တာပြောတာဟာ ပြင်ပရောက်ခဲ့ပါတယ်။ ပြင်ပရောက်ဖို့လည်း အချိန်ယူရပါတယ်။ အခု ကမ္ဘာတစ်လွှား ကျယ်ပြောတဲ့ လူမှုကွန်ရက်တွေမှာ တစ်ခုခုပြောလိုက်ရင် စက္ကန့်၊ မိနစ်ပိုင်းအတွင်းမှာ ကမ္ဘာပတ်နိုင်ပါတယ်။ အထူးသဖြင့် အမုန်းစကားလို စကားမျိုးတွေဟာ မူလအာနိသင်ကိုက သွေးကွဲ၊ အမုန်းပွားစေပါတယ်။ ဒီစကားမျိုးတွေ အွန်လိုင်းအပေါ်ရောက် လာတဲ့အခါမှာ သူတို့ရဲ့အဖျက်စွမ်းအားက ပိုကြီးမားလာတတ်ပါတယ်။

လူမှုကွန်ရက်တွေမှာ အမုန်းစကားယဉ်ကျေးမှု ထွန်းကားလာတာကို "ဂျီးနီ ပုလင်းအပြင် ရောက်လာတာ" နဲ့ ဥပမာပေးလို့ရမယ်ထင်ပါတယ်။ ပွင့်လင်းတဲ့ လစ်ဘရယ်လူ့အဖွဲ့အစည်းတစ်ရပ်အနေနဲ့ တန်ဖိုးထား ကာကွယ်ရမယ့် လွတ်လပ်စွာပြောဆိုခွင့်နဲ့ လူမှုဘဝသာတူညီမျှရေး၊ ငြိမ်းချမ်းရေး စတာတွေကို အထိန်းအကွပ်မဲ့ ပရမ်းပတာဖြစ်လာစေ တာကြောင့်ပါ။

သက်တမ်းနုဒီမိုကရေစီဖြစ်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံကို ဥပမာပေးပြောရရင် တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်ဖို့လိုပါတယ်။ လူမျိုး၊ ဘာသာ၊ ကျားမ မခွဲခြားဘဲ နိုင်ငံသားအားလုံး တန်းတူရည်တူရှိတယ်လို့ ခံစားမိကြဖို့လိုပါတယ်။ အမြင်၊ သဘောထား လွတ်လပ်စွာကွဲလွဲပြီး ပိုကောင်းမွန်တဲ့ ရလဒ်အတွက် ငြိမ်းငြိမ်းချမ်းချမ်းညှိနှိုင်း အဖြေရှာကြဖို့လိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ မျှော်မှန်းတဲ့ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီနိုင်ငံ ဖြစ်လာနိုင်မှာပါ။ ဒါပေမဲ့ အခုလက်ရှိ လူမှုကွန်ရက်တွေမှာတွေ့နေရတဲ့ အမုန်းစကားယဉ်ကျေးမှုဟာ ကျွန်တော်တို့အားလုံးရဲ့ မျှော်လင့်ချက်ကို မေးမှိန်ဆိတ်သုဉ်းစေ နိုင်ပါတယ်။

ဒီလို အန္တရာယ်ကြီးတဲ့အမုန်းစကားဆိုတာကို ဥပဒေကြောင်း အရတော့ နိုင်ငံတကာမှာ အများသဘောတူ အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပါဘူး။ Britannica မှာ ဖွင့်ဆိုထားတာက "လူမျိုးရေး၊ လိင် (စိတ်)၊ ဘာသာရေး၊ အသက်အရွယ်၊ ရုပ်ပိုင်း (သို့) စိတ်ပိုင်းချို့တဲ့မှု စတာတွေကို အခြေခံပြီး လူတစ်ယောက် (သို့) လူအများကို တစ်ဖက် စောင်းနင်းကဲ့ရဲ့ဝေဖန်တဲ့စကား (သို့) ဖော်ပြချက်တစ်ခုခု"လို့ ဖြစ်ပါ တယ်။ ကုလသမဂ္ဂအဖွဲ့ရဲ့ အဆိုကတော့ "ဘာသာ၊ လူမျိုး၊ နိုင်ငံသား၊ အသားအရောင်၊ မျိုးရိုး၊ လိင် (စိတ်) (သို့) ဘယ်သူဘယ်ဝါဖြစ်တယ် ဆိုတဲ့အပေါ် အခြေခံပြီး မလိုတမာ (သို့) အဆင့်အတန်းခွဲ တိုက်ခိုက်တဲ့ အပြောအဆို၊ အရေးအသား (သို့) အပြုအမူ" ဟာ အမုန်းစကားပဲ ဖြစ်ပါတယ်တဲ့။ အမုန်းစကားနဲ့ပတ်သက်ပြီး ဒီလိုအဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးရှိနေပေမယ့် လူမျိုး၊ ဘာသာ၊ လိင်(စိတ်)၊ အသွင်အပြင် တို့နဲ့ပတ်သက်ပြီး ဝေဖန်၊ တိုက်ခိုက်၊ ပြောဆို၊ ရေးသာမှုတွေကို ယေဘုယျအားဖြင့် အမုန်းစကားလို့ နားလည်ရမှာပါ။

အမုန်းစကားဆိုတာ ကပ်ရောဂါလိုပါပဲ။ တစ်နေရာကစလိုက်တာနဲ့ ကိုယ်နဲ့ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်ကို ရိုက်ခတ်ပျံ့နှံ့တတ်ပါတယ်။ ဥပမာ–လူတွေမှာ အနည်းနဲ့အများဆိုသလို လူမျိုး၊ ဘာသာ (သို့) လိင် တစ်ခုခုနဲ့ပတ်သက်ပြီး မမျှမတ ဘက်လိုက်တဲ့ ခံစားမှုအချို့ရှိတတ်ကြပါ တယ်။ လူတွေရဲ့စိတ္တဇဗေဒအရလည်း ကိုယ်နဲ့ အသွင်အပြင်၊ အယူအဆ မတူတဲ့၊ ကိုယ့်အုပ်စုဝင်မဟုတ်တဲ့သူတွေ အပေါ်မှာ ခွဲခြားတဲ့အမြင်ရှိတတ် ပါတယ်။ ဒီစိတ်ခံစားမှုတွေကို အမုန်းစကားက ဆပွားပေးပါတယ်။ အမုန်းစကား ခဏခဏကြားလာ မြင်လာရတာနဲ့အမျှ ရှိပြီးသားခွဲခြား စိတ်တွေဟာ မိမိစိတ်သန္တာန်မှာ ပိုပြီးနက်ရှိုင်းအမြစ်တွယ်လာတတ်ပါ တယ်။ ခြွင်းချက်အနေနဲ့တော့ ကိုယ့်မှာ မူလက တစ်ခုခုအပေါ် ခွဲခြား စိတ်အခံမရှိရင် အမုန်းစကားကြားနေရလည်း အမုန်းမပွား တတ်ကြဘူး လို့ သုတေသနစစ်တမ်းတစ်ခုက ဆိုပါတယ်။

ဒီလိုခြွင်းချက်ရှိတယ်ဆိုပေမယ့်လည်း အမုန်းစကားကိုလက်ခံတဲ့ လူ့အသိုင်းအဝိုင်းမှာ တစ်ဖက်စောင်းနင်း စွပ်စွဲပြောဆိုမှုတွေဟာ ကြာလာတာရင် ထုံးစံတစ်ခုလို ဖြစ်လာတတ်ပါတယ်။ ပင်ကိုခွဲခြား စိတ်မရှိသူတွေ၊ စာနာစိတ်ရှိသူတွေတောင် အမုန်းစကားကို မသိမသာ လက်ခံလာတတ်ကြပါတယ်။ တစ်ဖက်သားအပေါ် ညှာတာသနားစိတ် တွေဟာ ထုံလာတတ်ပါတယ်။ ဒါကြောင့် လူတစ်ဦးချင်းစီရဲ့စိတ်အခြေ အနေဟာ ဘယ်လိုပဲရှိရှိ အမုန်းစကားဟာ ရေရှည်မှာ ပြောသူနဲ့ သူ့ အသိုင်းအဝိုင်းမှာ ကပ်ရောဂါလိုပဲ အတိုင်းမသိ ပျံ့နှံ့ဒုက္ခပေးတတ်ပါတယ်။

အမုန်းစကားကိုယ်၌ကတော့ တိုက်ရိုက်ဒုက္ခပေးတာတော့မဟုတ် ပါဘူး။ မီးပွားတစ်ခုလို ရှိပြီးသားလောင်စာတွေကို မီးထတောက် စေတာမျိုးဖြစ်ပါတယ်။ ဒီမီးကြောင့် တစ်ဦးချင်း၊ တစ်ယောက်ချင်း မလိုမုန်းတီးမှုတွေကစပြီး လူအုပ်စု၊ လူ့အလွှာ၊ လူမျိုးစုတွေကြားမှာ ရင်ကြားစေ့ မရလောက်အောင် အာဃာတတရားတွေ ကြီးထွားလာနိုင် ပါတယ်။ လူမျိုးစုပဋိပက္ခတွေ၊ ဘာသာ ရေးပဋိပက္ခတွေရဲ့စမှတ်ကိုကြည့်ရင် အမုန်းစကားဟာ အဓိကကျတဲ့ အင်အားစုတစ်ခုအနေနဲ့ ပါဝင်ပတ်သက် နေပါတယ်။

ဘာကြောင့်လဲဆိုတော့ အမုန်းစကားနဲ့ ပစ်မှတ်ထားခံရသူတွေ ဟာ စိတ်ပိုင်း၊ ရုပ်ပိုင်းထိခိုက်နာကျင်ကြရပါတယ်။ အပြောခံရတာကို လွယ်လွယ်နဲ့ မေ့မသွားတတ်ဘဲ စိတ်မှာ အမာရွတ်၊ အစိုင်အခဲတစ်ခု အနေနဲ့ကျန်ရစ်တယ်လို့ ဆိုပါတယ်။ နောက်ပြီး အမုန်းစကားဟာ စကား သက်သက်တင် မဟုတ်ဘဲ မကြာခဏဆိုသလို ခွဲခြားဆက်ဆံမှု၊ အကြမ်း ဖက်မှုတွေပါ တွဲပါလာတတ်တာကြောင့် ခံရသူတွေဘက်ကလည်း အလားတူ တုံ့ပြန်မှုတွေရှိလာတတ်ပါတယ်။ အမုန်းစကားကြောင့်ရတဲ့ နာကြည်းမှု၊ မလုံခြုံမှုကတစ်ဆင့် တန်းတူညီမျှရေး၊ အဲဒီကနေ သူ့အသာ၊ ကိုယ်အသာရဖို့ ဗိုလ်ကျစိုးမိုးရေးတွေအထိ အကြမ်းဖက်ပွတ်တိုက်မှု တွေဖြစ်လာနိုင်ပါတယ်။

ယနေ့ခေတ်မှာ အမုန်းစကားတွေကြောင့်ဖြစ်တဲ့ ပဋိပက္ခအနုအရင့် ပုံစံမျိုးစုံကိုတွေ့ နိုင်ပါတယ်။ အထူးသဖြင့် လူမျိုးရေး၊ ဘာသာရေးကို အခြေခံတဲ့ အမုန်းစကားတွေက အများဆုံး ဖြစ်လိမ့်မယ်ထင်ပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုမှာ လူမျိုး၊ ဘာသာ စသည်ဖြင့် ကွဲပြားခြားနားမှု တွေဟာ သဘာဝပဲဖြစ်ပါတယ်။ အဲဒါကို တစ်ဖက်စောင်းနင်း အမြင်နဲ့ ဝေဖန်ပြစ်တင်တာဟာ မတူကွဲပြားသူတွေကြားမှာ စည်းလုံးညီညွတ်မှု ပျက်ပြားဖို့ပဲရှိပါတယ်။ စည်းလုံးညီညွတ်မှု ဆိတ်သုဉ်းရင် မတူကွဲပြား သူတွေချင်း သမူဟဖြစ်ရေး၊ တန်တူညီမျှရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးစည်ပင် ရေးတွေအတွက် အနှောင့်အယှက်အရံအတား ဖြစ်လာမှာပါ။ ဒါကြောင့် အမုန်းစကားကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတွေမှာ တားမြစ်ဖို့ ကြိုးပမ်းလာတာဖြစ်ပါတယ်။

အစိုးရရဲ့ ကြားဝင်မှုနဲ့ပတ်သက်ပြီး သဘောထားက နှစ်ပိုင်းကွဲ ပါတယ်။ တစ်ပိုင်းက ထောက်ခံတဲ့အပိုင်းဖြစ်ပါတယ်။ ဥပဒေတစ်စုံ တစ်ရာပြဋ္ဌာန်းသတ်မှတ်ပြီး တားမြစ်တာမျိုးဖြစ်ပါတယ်။ တစ်ပိုင်းကတော့ အစိုးရကြားဝင်ရင် လစ်ဘရယ်ဒီမိုကရေစီစနစ်ရဲ့ ပင်မအစိပ်အပိုင်း တစ်ခုဖြစ်တဲ့ လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ကို ထိခိုက်နိုင်ပြီး အစိုးရရဲ့စောင့်ကြည့်မှုအောက်မှာ ပြည်သူတွေဟာ ကျီးလန့်စာစား နေကြရမယ်လို့ဆိုပါတယ်။ ဒါကြောင့် အမုန်းစကားကို အချက်အလက် အမှန်နဲ့ မှားကြောင်း သက်သေပြရမယ်လို့ဆိုပါတယ်။ အမေရိကန် ပုံစံဖြစ်ပါတယ်။ လွတ်လပ်စွာပြောဆိုရေးသားခွင့်ကို အစွမ်းကုန်ကာကွယ် တဲ့ အမေရိကန်မှာ အမုန်းစကားကို ဥပဒေကြောင်းအရ တရားဝင် တားမြစ်ထားတာမရှိပါဘူး။

အထက်က အယူအဆနှစ်ရပ်အနက်မှာ အစိုးရကြားဝင်တာဟာ ခေတ်နဲ့လျော်ညီမယ်ထင်ပါတယ်။ လက်ရှိအွန်လိုင်းလူ့အဖွဲ့အစည်းမှာ အမှန်၊ အမှားကြားမှာ ခွဲခြားထားတဲ့ နယ်နိမိတ်စည်းဟာ ဝေဝါးစပြုနေပါပြီ။ ဓမ္မဓိဋ္ဌာန်ထက် ပုဂ္ဂလဓိဋ္ဌာန်အမှန်တရားတွေကသာ တွင်ကျယ်လာနေ ပါတယ်။ ဒါကို အမှန်တရားလွန်ခေတ်လို့လည်းခေါ်ကြပါတယ်။ နောက်ပြီး မလိုတမာမုန်းတီးမှုကိုအခြေခံတဲ့ အစွန်းရောက်အမုန်းစကားတွေဟာ စိတ်လှုပ်ရှားစရာကောင်းလို့ လူတွေကို ပိုပြီးဆွဲဆောင်နိုင်ပါတယ်။ ဒါဟာ ဂျီးနီ ပုလင်းအပြင်ရောက်နေတဲ့ အခြေအနေပဲဖြစ်ပါတယ်။

ဒါကြောင့် ဂျီးနီကို ပုလင်းထဲ ပြန်ထည့်ဖို့လိုပါတယ်။ ဒီအတွက် သက်ဆိုင်ရာအစိုးရအာဏာပိုင်အဖွဲ့အစည်းက ဥပဒေနဲ့ စနစ်တကျ တားမြစ်တာဟာ သင့်တော်တဲ့နည်းလမ်းတစ်ခုပဲဖြစ်ပါတယ်။ အင်္ဂလိပ် စကားမှာ "ဂျီးနီပုလင်းထဲပြန်ထည့်" (put the genie back in the bottle) တယ်ဆိုတဲ့စကားရပ်ဟာ မဖြစ်နိုင်မှန်းသိပေမယ့် နဂိုအခြေအနေ ပြန်ဖြစ်အောင်လုပ်ဖို့ ပြောတာပါ။ လစ်ဘရယ်ဒီမိုကရက်တစ်လူ့အဖွဲ့ အစည်းမှာ လွတ်လပ်စွာပြောဆိုရေးသားခွင့်ကိုငဲ့ပြီး အမုန်းစကားကို လုံးလုံးလျားလျားကွပ်ညှပ်ဖို့ဟာမဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အမုန်းစကားကို သိသိသာသာ ထိန်းချုပ်နိုင်ဖို့ အများထောက်ခံတဲ့ အရံအတားတစ်ခုရှိ ဖို့တော့လိုပါတယ်။ ။

❍ နေလင်းဦး

**ကိုးကား -** Michał Bilewicz (June 19, 2020). Hate Speech Epidemic. The Dynamic Effects of Derogatory Language on Intergroup Relations and Political Radicalization.

# မသန်စွမ်းသူများနှင့် ရွေးကောက်ပွဲ

ကျော်ဖြိုး

**ရွေးကောက်ပွဲ** ကျင်းပန်ရန် ၆ရက်သာ လိုတော့သည်။ မဲပေးခွင့်ရှိသူ မသန်စွမ်းသူဦးရေ တစ်နိုင်ငံလုံးတွင် ရှစ်သောင်းကျော်ရှိသည်။ ရွေးကောက်ပွဲ သတင်းစကားရရှိမှု၊ ကပ်ရောဂါကြားမှမဲပေးရမည့် ၎င်းတို့၏ စိုးရိမ်မှုနှင့် အစိုးရသစ်အပေါ် မျှော်လင့်ချက်များကို စာဖတ်သူများအတွက် စုစည်းဖော်ပြလိုက်ပါသည်။

## “၁၅ယောက်မှာ တစ်ယောက်မဲပေးရတဲ့ အခြေအနေဖြစ်နေတယ်”

### ဦးမောင်အေး

(ဥက္ကဋ္ဌ၊ ကိုယ်အင်္ဂါမသန်စွမ်းသူအသင်း၊ စစ်ကိုင်းတိုင်း)

ရွေးကောက်ပွဲနဲ့ဆိုင်တဲ့သတင်းစကားတွေ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိမှုက ကွဲပြားတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဘက်မှာ ကျယ်ကျယ်ပြန့်ပြန့် မရောက်ဘူး။ အဓိက ကိုဗစ်-၁၉ ရောဂါကြောင့်ပါ။ ပုံမှန်ဒီအချိန်ဆို မသန်စွမ်းတွေအတွက် ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုကူညီရမလဲ ဆိုတဲ့ သင်တန်းတွေပေးတယ်။ ရန်ကုန်ဘက်တွေမှာ ပေးတယ်။ အွန်လိုင်းကနေ အစည်းအဝေးတွေ ထိုင်ရတယ်။ ဒီဘက်မှာတော့ ဒါမျိုးတွေ မလုပ်ပေးဘူး။ စစ်ကိုင်းတိုင်းမှာ မသန်စွမ်းအားလုံးပေါင်း ၈၀၀၀ ကျော်ရှိတယ်။ ကျွန်တော်တို့မသန်စွမ်းတွေ မဲပေးနိုင်ခွင့်က တော်တော်လေးဆုံးရှုံးပါတယ်။ ၁၅ဒသမ၁၊ ၁၅ယောက်မှာ တစ်ယောက်မဲပေးရတဲ့အခြေအနေ ဖြစ်နေတယ်။ မဲပေးမယ့်အချိန်မှာ စိုးရိမ်မှုတော့ရှိတာပေါ့။ ဒါပေမဲ့ ကူညီပေးတဲ့လူတွေလည်း ရှိတော့ နည်းနည်းတော့ တော်ပါသေးတယ်။ နောက်တက်မယ့်အစိုးရသစ်အနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ မသန်စွမ်းတွေအတွက် အမှီအခိုကင်းကင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေချင်တယ်။ တန်းတူအခွင့်အရေးလည်း ရစေချင်ပါတယ်။ လက်ရှိ မသန်စွမ်းမူဝါဒတွေကို တစ်နိုင်ငံလုံးအနေနဲ့အားရတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းအနေနဲ့တော့ အားမရဘူး။ လက်တွေ့မှာ အကောင်အထည်မဖော်ပေးနေတာတွေရှိတယ်။ မသန်စွမ်းတွေအတွက် တရားဝင်ထုတ်ထားတဲ့ ဥပဒေတွေက စာအုပ်ထဲမှာပဲရှိသေးတယ်။ တစ်နှစ်တစ်ကြိမ်မှ ထောက်ပံ့တဲ့ ပိုက်ဆံ ၃သောင်းဟာ ဘာမှအကျိုးမဖြစ်ထွန်းပါဘူး။ ❍

## “တိုက်ပွဲတွေကြောင့် မသန်စွမ်းတွေ ပိုဖြစ်လာနိုင်ပါတယ်”

### ဦးအောင်ကိုဦး

(အလုပ်အမှုဆောင်၊ အမြင်အာရုံမသန်စွမ်းသူအသင်းရွှေပြည်သာ)

ကျွန်တော်တို့က ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ သတင်းတွေကို ရေဒီယိုတို့၊ ရုပ်မြင်သံကြားလိုင်းတို့ဆီကပဲ နားထောင်ရတာပေါ့။ သတင်းတွေပြည့်ပြည့်စုံစုံတော့ မရဘူးပေါ့။ အခက်အခဲ သိပ်မရှိပါဘူး။ သူတို့ထုတ်လွှင့်တဲ့အချိန်မှာ အချိန်ပေးပြီး နားထောင်ဖို့ပဲပေါ့။ မသန်စွမ်းအသင်းအဖွဲ့တွေကတစ်ဆင့် စီစဉ်ပေးမယ်ဆိုရင် ပိုပြီးထိရောက်မှာပေါ့။ ကျွန်တော်တို့ကျတော့ မျက်မမြင်တစ်ယောက်ဆိုတော့ မဲပေးတဲ့အချိန်မှာ အကူတစ်ယောက်သုံးခွင့် ရှိပါတယ်။ မိသားစုထဲကဖြစ်ဖြစ်၊ ယုံကြည်ရတဲ့ လူတစ်ယောက်ဖြစ်ဖြစ် ကူညီမယ်ဆိုတော့ အဆင်ပြေပါတယ်။ အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်မှုရှိပါတယ်။ အားလုံးက ရွေးကောက်ပွဲအချိန်မှာ မဲပေးချင်တာဆိုတော့ ကပ်ရောဂါအတွက် နှာခေါင်းစည်းတို့၊ လက်သန့်ဆေးရည်တို့ဆောင်ပြီး သွားရမှာပေါ့။ နောက်တက်လာမယ့် အစိုးရအသစ်အနေနဲ့ ကျန်းမာရေး၊ ပညာရေး၊ မသန်စွမ်းတွေအတွက် အလုပ်အကိုင် အခွင့်အရေးရရှိရေး၊ အရေးကြီးတာကတော့ ငြိမ်းချမ်းရေးပါပဲ။ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်ဖြစ်စေချင်ပါတယ်။ မငြိမ်းချမ်းဘူးဆိုရင် တိုက်ပွဲတွေကြောင့် မသန်စွမ်းတွေ ပိုဖြစ်လာနိုင်ပါတယ်။ လက်ရှိအစိုးရက မသန်စွမ်းတွေအတွက် ကြိုးစားပြီးတော့ လုပ်ပေးနေတာပါပဲ။ ဒါပေမဲ့ သွားရေးလာရေး အခက်အခဲတွေ၊ နယ်ပယ်အသီးသီးမှာ မသန်စွမ်းတွေအနေနဲ့ ပါဝင်ခွင့်ဆွေးနွေးခွင့် ရစေချင်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ဘယ်သူမှမကျန်ခဲ့စေဘဲ အားလုံးတန်းတူ အခွင့်အရေးရရှိစေဖို့ လုပ်ဆောင်ပေးဖို့ တိုက်တွန်းချင်ပါတယ်။ ❍

## “ကိုယ်တိုင် မဲပေးတဲ့အချိန်မှသိမှာပေါ့”

### ဦးမျိုးအောင်

(အလုပ်အမှုဆောင်၊ အမြင်အာရုံမသန်စွမ်းသူအသင်း၊ လှိုင်သာယာ)

ရွေးကောက်ပွဲသတင်းတွေက အွန်လိုင်းသုံးတဲ့ လူတွေအတွက်တော့ အဆင်ပြေပါတယ်။ အရမ်းကြီး ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိတာမျိုးတော့ မရှိဘူး။ ကိုဗစ်လည်းဖြစ်နေတယ်ဆိုတော့ မဲပေးဖို့ပြင်ဆင်ထားတဲ့အပေါ်မှာ လောလောဆယ် ကိုယ်တိုင်မတွေ့ရသေးတော့ သေချာမသိသေးဘူး။ ဘယ်လိုအခက်အခဲတွေ ပေါ်လာမလဲမသိသေးဘူး။ ကိုယ်တိုင်မဲပေးတဲ့အချိန်မှသိမှာပေါ့။ ကိုဗစ်ကလည်း ဖြစ်နေတယ်ဆိုတော့ စိုးရိမ်မှုတွေ ကတော့ ရှိပါတယ်။ ဒါပေမဲ့လည်း နိုင်ငံသားတစ်ယောက်ရဲ့အခွင့်အရေးဆိုတော့ မဖြစ်မနေ သွားပေးရမှာပေါ့။ သွားပေးရင်လည်း နှာခေါင်းစည်းတွေ တပ်ထားရမှာပေါ့။ ကျွန်တော့်အနေနဲ့က အရမ်းကြီး မစိုးရိမ်ပါဘူး။ ကိုယ်သာ စနစ်တကျကာကွယ်ထားရင် အဆင်ပြေမယ်လို့ ယုံကြည်ပါတယ်။ လက်ရှိအစိုးရလည်း မသန်စွမ်းတွေအတွက် ကြိုးစားဆောင်ရွက်သလို နောက်တက်လာမယ့်အစိုးရလည်း ကြိုးစားဆောင်ရွက်ပေးမယ်ဆို ကောင်းပါတယ်။ မသန်စွမ်းတွေရဲ့ အခွင့်အရေးက အရမ်းနည်းပါးနေတယ်ဆိုတော့ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းတွေ အရမ်းနည်းပါးနေတာတွေ ရှိပါတယ်။ အဲ့တာတွေကို ဦးစားပေး ဆောင်ရွက်ပေးရင် အဆင်ပြေပါတယ်။ လက်ရှိမသန်စွမ်းမူဝါဒတွေနဲ့ပတ်သက်ရင် နည်းဥပဒေ ထွက်လာတာလည်း အားရစရာပါ။ နောက်တစ်ခုက ဒီအစိုးရလက်ထက်ရောက်မှ ထောက်ပံ့ကြေးတွေ ရကြတယ်။ ဒါလေးတွေကတော့ အားရစရာလေးတွေပါ။ မသန်စွမ်းနဲ့ပတ်သက်တဲ့ ဥပဒေတွေကို ထိထိရောက်ရောက်အကောင်အထည်ဖော်ပေးနိုင်ရင်အဆင်ပြေပါတယ်။ ❍

## “သတင်းအချက်အလက် ရပိုင်ခွင့်ကနည်းတယ်”

### ဦးမြင့်ကို

(ဒုဥက္ကဋ္ဌ၊ ကိုယ်အင်္ဂါမသန်စွမ်းသူအသင်း၊ ဇေယျာသီရိ၊ နေပြည်တော်)

ရွေးကောက်ပွဲသတင်းတွေက တကယ် ပြည့်ပြည့်ဝဝ မရောက်ရှိဘူး။ မသန်စွမ်းတွေဆိုတာ နည်းပညာ မကျွမ်းကျင်တာလည်းပါတယ်။ တချို့ဆို ဖုန်းတွေ၊ ဘာတွေ ဝယ်မကိုင်နိုင်ဘူး။ အဲ့လိုအခက်အခဲတွေကြောင့် ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ သတင်းစကားတွေ မရဘူးပေါ့။ ကျွန်တော်တို့ နေပြည်တော်မှာတော့ လက်လှမ်းမီသလောက် လိုက်ပြောတာတွေ၊ ဆော်ဩတာတွေပဲရှိတယ်။ အင်းတိုက်အားတိုက်မရှိဘူး။ ထင်သလောက်တော့ ကျေနပ်အားရမှုမရှိဘူးဗျ။ မသန်စွမ်းတွေက တောဘက်တွေမှာ ပိုများတယ်။ အဲဒီတော့ သတင်းအချက်အလက် ရပိုင်ခွင့်က နည်းတယ်။ အခက်အခဲမျိုးစုံကြောင့် ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့သတင်းစကားတွေက ထင်သလောက်မရဘူးပေါ့။ မသန်စွမ်းတွေ မဲပေးဖို့အတွက် သွားလာနိုင်အောင် စီစဉ်ထားတာတွေရှိတယ်။ မသွားမလာနိုင်တဲ့ မသန်စွမ်းတွေ အတွက်လည်း အိမ်တိုင်ရာရောက် ကြိုတင်မဲတွေ ကောက်ပေးဖို့ ရှိပါတယ်။ အခုကပ် ရောဂါဖြစ်နေတော့ မသန်စွမ်းတွေအတွက် စိုးရိမ်တယ်။ မသန်စွမ်းဆိုတာ ထိခိုက်လွယ်အုပ်စုထဲမှာ ပါပါတယ်။ သူတို့အတွက် ဒီလိုကာလမှာ မဲပေးရတာ သိပ်တော့ အဆင်မပြေပါဘူး။ လက်ရှိအစိုးရလက်ထက်မှာ မသန်စွမ်းတွေအတွက် အားရစရာ တွေတွေ့ရပါတယ်။ မြို့ပေါ်လူတွေကပိုပြီး လက်လှမ်းမီတာပေါ့။ တောဘက်က လူတွေကြတော့ လက်လှမ်းမမီသေးဘူး။ အစိုးရပိုင်းအနေနဲ့ ပိုပြီးဆောင်ရွက်ပေးရင် ပိုကောင်းမယ်လို့ မြင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းမွန်လာရင် အနာဂတ်မှာ ပိုပြီးကောင်းမယ်လို့မျှော်လင့်ပါတယ်။ နောက်တက်မယ့် အစိုးရအနေနဲ့ မသန်စွမ်းတွေနဲ့ပတ်သက်တဲ့အလုပ်အကိုင်ပဲဖြစ်ဖြစ်၊ အသက်မွေးဝမ်းကျောင်း အနေနဲ့ပဲဖြစ်ဖြစ် တကယ့်ကိုထိထိရောက်ရောက်လုပ်ပေးဖို့ မျှော်လင့်ပါတယ်။ ❍

## “လာမကောက်ရင်လည်း ပေးဖြစ်မှာမဟုတ်တော့ဘူး”

### ဦးကျော်ထွေး

(အတွင်းရေးမှူး၊ ကိုယ်အင်္ဂါမသန်စွမ်းသူအသင်း၊ မကွေးတိုင်း)

ကျွန်တော်တို့ နယ်မြို့ဖြစ်နေတော့ ရွေးကောက်ပွဲသတင်းတွေက ရောက်တော့ ရောက်တယ်။ ကျယ်ကျယ်ပြန့်ပြန့် မဟုတ်ဘူး။ ကျေနပ်မှုရှိမရှိကတော့ စိတ်ဝင်စားမှုအပေါ်မှာ မူတည်တယ်။ ကျွန်တော့်အမြင် သတင်းအချက်အလက်ပိုင်းအားနည်းတယ်လို့ မြင်ပါတယ်။ ကျွန်တော့်မကွေးတိုင်းအနေနဲ့ ပြောရရင် မဲပေးရမယ့် နေရာမှာကျေနပ်အားရမှု မရှိဘူး။ မသန်စွမ်းတွေအတွက် အများတန်းတူမဲပေးနိုင်ဖို့ လုပ်ငန်းဆောင်ရွက်ချက်တွေမှာ အားနည်းတယ်။ ကိုဗစ်ကလည်း ဖြစ်နေတော့ ကျွန်တော်အထင် တချို့ ခက်ခဲတဲ့ မသန်စွမ်းတွေအတွက်ကတော့ အိမ်မှာပဲနေမယ်။ ကြိုတင်မဲလာကောက်မှ မဲပေးနိုင်မယ်။ လာမကောက်ရင်လည်း ပေးဖြစ်မှာမဟုတ်တော့ဘူး။ မသန်စွမ်းတွေအတွက် လက်ရှိအစိုးရ လုပ်ဆောင်ချက်တွေမှာ အထက်ပိုင်းတွေ လုပ်တာမဆိုးပေမယ့် အောက်ခြေမှာ အားနည်းတာတွေ ရှိတယ်။ ထောက်ပံ့မှု အပိုင်းတွေမှာလည်း မဆိုးဘူး။ သတ်မှတ်ထားတဲ့ ဘတ်ဂျက်တွေ ချပေးတာ တွေ့ရတယ်။ ရလည်း ရရှိပါတယ်။ တခြားအလုပ်အကိုင်၊ အခွင့်အလမ်းနဲ့ သတင်းအချက်အလက်အပိုင်းတွေမှာတော့ အားနည်းနေသေးတယ်။ နောက်တက်မယ့် အစိုးရအနေနဲ့ အလုပ်အကိုင်၊ အခွင့်အလမ်းနဲ့ ပညာရေးအပိုင်းတွေကို အဓိက ဆောင်ရွက်စေချင်တယ်။ နောက်တက်မယ့်အစိုးရက အရင်အစိုးရတွေထက် ပိုကောင်းမယ်ဆိုရင် ပြည်သူတွေအတွက် အားရကျေနပ်မယ်လို့ မျှော်လင့်ပါတယ်။ ❍

စာမျက်နှာ - 19 သို့

စာမျက်နှာ - 18 မသန်စွမ်းသူများနှင့် ရွေးကောက်ပွဲမှ အဆက်

## “မဲရုံတိုင်းတော့ အဆင်ပြေမှာမဟုတ်ဘူး”

### ဦးစိုင်းအောင်ထက်

(ဥက္ကဋ္ဌ၊ ကိုယ်အင်္ဂါမသန်စွမ်းသူအသင်း၊ မန္တလေးတိုင်း)

ရွေးကောက်ပွဲသတင်းတွေ ကျွန်တော်တို့ဆီရောက်ပါတယ်။ အခုလုပ်နေတာတွေကို ကျွန်တော့်တစ်ဦးထဲ သဘောဆို ကျေနပ်အားရမှု ရှိပါတယ်။ ကြိုတင်မဲအတွက်လည်း အိမ်တိုင်ရာရောက် စီစဉ်ပေးမှုတွေ ရှိပါတယ်။ မသန်စွမ်းတွေ အနေနဲ့ ရွေးကောက်ပွဲနေ့မှာ သွားပေးမယ်ဆိုရင် မဲရုံတိုင်းတော့ အဆင်ပြေမှာ မဟုတ်ဘူး။ မျက်မမြင်များတဲ့နေရာ တွေမှာ လက်စမ်းသင်္ကေတနဲ့ မဲပေးနိုင်ဖို့ ဆောင်ရွက်ပေးမယ်လို့ သိရပါတယ်။ လူစုလူဝေးကြောင့် ကိုဗစ်ကူးမှာတော့ စိုးရိမ်တာပေါ့။ ကျွန်တော်တို့ အနေအထား အရ ကြိုတင်မဲနဲ့ပဲပေးလိုက်တာ ကျန်းမာရေးအတွက်လည်း ပိုစိတ်ချရပါတယ်။ လက်ရှိအစိုးရရဲ့ မသန်စွမ်းသူအရေး ဆောင်ရွက်တာကို အလုံးစုံတော့ အားရကျေနပ်မှု မရှိသေးဘူး။ အထိုက်အလျောက်တော့ ကျေနပ်ပါတယ်။ အရင်ကထက်စာရင်တော့ ထောက်ပံ့ကြေးတွေရနေပါပြီ။ မဟာဗျူဟာ ၅နှစ်စီမံကိန်းဆိုတာလည်း သူတို့ရေးဆွဲနေတယ်။ နောက်တက်မယ့်အစိုးရအနေနဲ့အသက်မွေးဝမ်းကျောင်း၊ အလုပ်အကိုင်ကိစ္စတွေကို ဦးစားပေးလုပ်စေချင်တယ်။ နောက်တစ်ခုက ပညာရေးပေါ့၊ မသန်စွမ်းတွေအတွက်လည်း အမှီအခိုကင်းအောင် ကူညီနိုင်ဖို့နဲ့ အများ ပြည်သူနေရာတွေမှာလည်း အတားအဆီး ကင်းမဲ့စွာ သွားလာနိုင်ဖို့ အဲဒါလေးတွေ ဖြစ်လာနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ❍

## “မဲပေးတဲ့နေရာမှာ မသန်စွမ်းတွေက သာမန်လူတွေထက် ဂရုစိုက်ဖို့လိုပါတယ်”

### ဒေါ်ချောစုလှိုင်

(အတွင်းရေးမှူး၊ ကိုယ်အင်္ဂါမသန်စွမ်းသူအသင်း၊ ဒဂုံအရှေ့ပိုင်း)

ရွေးကောက်ပွဲသတင်းတွေက မသန်စွမ်းသူတွေဆီ သုံးပုံတစ်ပုံလောက် ပဲရောက်မယ်ခန့်မှန်းတယ်။ အရင်ကထက်စာရင် အခု နည်းနည်းတိုးတက်လာတယ်ဆိုတော့ ကောင်းလာတယ် ပြောလို့ရပါတယ်။ မသန်းစွမ်းသူ တွေက နေရာအနှံ့ အပြားမှာ ရှိတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကျေနပ်မှုအတိုင်းအတာ အများကြီးတော့ လိုသေးတယ်။ အခုလက်ရှိမှာ မသန်စွမ်းအဖွဲ့အစည်းတွေက မသန်စွမ်းတွေ လွယ်လွယ်ကူကူမဲ ပေးနိုင်ဖို့ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ မြေမြင်အခြေအနေမှာ အဆင်ပြေ၊ မပြေ လက်တွေ့လုပ်ကြည့်မှ သိနိုင်မယ်။ ကပ်ရောဂါဖြစ်နေတော့ စိုးရိမ်စရာတွေက တော့ ရှိတယ်။ ကျွန်မတို့တွေက မသန်စွမ်းတွေ ဖြစ်တော့ အမြဲတမ်းအကူတစ် ယောက်ပါနေ ရတယ်။ အခုကပ်ရောဂါအရ ကြိုတင်



ပြင်ဆင်မှုတွေ လိုအပ်တယ်။ မဲပေးတဲ့နေရာမှာ မသန်စွမ်းတွေက သာမန်လူတွေထက် ဂရုစိုက်ဖို့ လိုပါတယ်။ လက်ရှိအစိုးရက မသန်စွမ်းတဲ့ ပတ်သက်တဲ့ မူဝါဒတွေလုပ်ဆောင်တဲ့အခါမှာ အရင်ကထက်စာရင် နည်းနည်းပြောင်းလဲလာပြီ ပြောလို့ရတယ်။ ကျေနပ်အားရမှုကတော့ လိုပါသေးတယ်။ ဥပဒေတွေ၊ မူဝါဒတွေ စာအုပ်ထဲကနေ ထွက်လာဖို့ ကျွန်မတို့နိုင်ငံမှာ အများကြီးလိုပါသေးတယ်။ နောက်တက်မယ့် အစိုးရအနေနဲ့ မသန်စွမ်းတွေအတွက် သတင်းအချက်အလက်နဲ့ လက်လှမ်းမီ သုံးစွဲနိုင်ရေးပေါ့။ လက်လှမ်းမီသုံးစွဲနိုင်ရေးဆိုတာ သွားလာရေးကအစ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအားလုံးကို ပြောတာပါ။ အခွင့်အရေးတွေရှိလာတဲ့အခါ ကျွန်မတို့ကို တန်းတူထားပေးစေချင်ပါတယ်။ ❍

## “ချို့မှသန်စွမ်းသူတွေဆိုရင်လည်း ကြိုတင်မဲထည့်ပြီးတဲ့ လူတွေရှိပါတယ်”

### ဒေါ်သန်းနွယ်အောင်

( ဥက္ကဋ္ဌ၊ ကိုယ်အင်္ဂါမသန်စွမ်းသူအသင်း၊ တောင်ကြီး)

ရွေးကောက်ပွဲသတင်းတွေက အကုန်လုံးဆီတော့ ကျယ်ကျယ်ပြန့်ပြန့် မရောက်ရှိဘူး။ တချို့ဆိုရင်မသိတာတွေ ရှိသေးတယ်။ ၂၀၁၅ထက်စာရင်တော့ မဆိုးဘူး။ ပိုပြီးတိုးတက်လာတယ်။ အရမ်းကြီးကျေနပ်အားရတာတော့မရှိဘူး။ ကျွန်မတို့ဆီမှာကတော့ မသန်စွမ်းတွေမဲပေးနိုင်ဖို့ အထောက်အကူပြုပစ္စည်းတွေ ပံ့ပိုးပေးမယ်လို့တော့ သိရပါတယ်။ ရှမ်းပြည်မှာ မဲရုံဇရုံလောက်တော့ရှိပါတယ်။ တချို့ မသန်စွမ်းသူတွေဆိုရင်လည်း ကြိုတင်မဲ ထည့်ပြီးတဲ့ လူတွေရှိပါတယ်။ တချို့ကျတော့ လူတစ်ယောက်တွဲပေးမှ သွားရတာတွေရှိတယ်။ တစ်ယောက်နဲ့တစ်ယောက်



နီးကပ်နေနိုင်တယ် စိတ်ပူရမယ့်အခြေအနေတွေ ရှိတယ်။ အရင်ထက်စာရင် မသန်စွမ်းသူအရေးကိုဆောင်ရွက်ပေးလာတယ်။ အများကြီး မဟုတ်ရင်တောင် တစ်ဆင့်တစ်ဆင့်တော့ တိုးလာပြီပေါ့။ အခုမှစလုပ်တာဆိုတော့ တဖြည်းဖြည်းနဲ့ ပြည့်စုံလာမယ်လို့မျှော်လင့်ပါတယ်။ ပြည်သူတွေအတွက် ဦးစားပေးလုပ်ပေးနိုင်မယ့် အစိုးရမျိုးကို မျှော်လင့်ပါတယ်။ မြို့တစ်မြို့ နိုင်ငံတစ်နိုင်ငံတိုးတက်မှုရှိ၊ မရှိဆိုတာ မသန်စွမ်းသူတွေအတွက် ဆောင်ရွက်ပေးထားတာတွေ ကြည့်ပြီး ဆုံးဖြတ်လို့ရပါတယ်။ အစိုးရတွေအနေနဲ့ မသန်စွမ်းသူအရေးကို မမေ့ထားပဲစဉ်းစားပြီးမဖြစ်မနေလုပ်ပေးစေချင်ပါတယ်။ ❍




**တစ်ပတ်တော့ ငါးတွေကို ဆီပြန်ဟင်း၊ ကြော်စားရတာတွေကို ငြီးငွေ့လာတဲ့သူတွေအတွက် ကိုယ့်ရဲ့အိမ်မှာပဲ အလွယ်တကူ လုပ်စားနိုင်မယ့် ငါးခူငါးဆုပ်ကြော် လုပ်နည်းကို ပြောပြချင်တယ်။**

အရင်ဆုံးတော့ ငါးခူတွေကို ခေါင်းဖြတ်ပေးပြီး အရေခွံတွေ စုပ်ပေးပါ။ ပြီးရင်တော့ အသားတွေကို ဓားပါးပါးနဲ့ လှီးယူပေးပါ။ လှီးထားတဲ့ ငါးအသားတွေကို နုတ်နုတ်စင်းပေးတာပဲဖြစ်ဖြစ်၊ ငရုတ်ဆုံထဲမှာ ထည့်ထောင်းတာပဲဖြစ်ဖြစ် ကြိုက်သလိုလုပ်နိုင်မှာဖြစ်ပါတယ်။ အရသာအတွက်ကတော့ ဆား၊ ငရုတ်ကောင်းမှုန့်၊ အသားမှုန့်နဲ့ နနွင်းမှုန့်တို့ကို ရောနယ်ပေးထားပါ။ ပြီးရင်တော့ ကြက်သွန်ဖြူ၊ ချင်းနဲ့ ငရုတ်သီးစိမ်းတို့ကို ပါးပါးလှီးပြီး ငရုတ်ဆုံထဲမှာ ညက်နေအောင်ထောင်းပေးပါ။ ပန်းကန်လုံးတစ်ခုထဲမှာတော့ ကြက်ဥ၊ ဆန်မှုန့်၊ ကော်မှုန့်၊ ဆား၊ သကြားနဲ့ ရေအနည်းငယ်ထည့်ပြီး ခပ်ပျစ်ပျစ်ဖျော်ထားပေးပါ။ ပြီးရင်တော့ နုတ်နုတ်စင်းထားတဲ့ ငါးခူ၊ ထောင်းထားတဲ့ အဆာပလာတွေနဲ့ ဖျော်ထားတာတွေကို ဇွန်းတစ်ချောင်းနဲ့ သမအောင် အားလုံးကို ရောမွှေပေးပါ။ အားလုံး အဆင်သင့်ဖြစ်ပြီဆိုရင်တော့ ဒယ်အိုးထဲမှာဆီထည့် ဆီပူလာရင်တော့ ခုနအရသာတွေ ရောနယ်ထားတဲ့ ငါးခူတွေကို ကိုယ့်ကြိုက်နှစ်သက်တဲ့ပုံစံဖြစ်တဲ့ အလုံး၊ အပြား ပုံစံလေးတွေလုပ်ပြီး ကြော်ပေးပါ။ ငါးခူးတွေ နီညိုရောင်သန်းပြီဆိုရင်တော့ ကိုယ်တိုင်လုပ်ထားတဲ့ ငါးခူငါးဆုပ်ကြော်ရပါပြီ။ ငါးခူးငါးဆုပ်ကြော်နဲ့ တွဲဖက်စားဖို့အတွက် အချဉ်ကတော့ ရှာလကာရည်၊ ငံပြာရည်၊ ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းတို့ကို ပါးပါးလှီးထားလိုက်တာနဲ့ တွဲဖက်စားနိုင်မှာဖြစ်ပါတယ်။

### ပါဝင်ပစ္စည်း

ငါးခူ၊ ကြက်ဥ၊ ဆား၊ ဆီ၊ အသားမှုန့်၊ နနွင်းမှုန့်၊ ငရုတ်ကောင်းမှုန့်၊ ငံပြာရည်၊ ချင်း၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူ၊ ဆန်မှုန့်၊ ကော်မှုန့်၊ ရှာလကာရည်နဲ့ သကြား တို့ပါဝင်မှာ ဖြစ်ပါတယ်။



# PHOTO ESSAYS

## အဘိဓမ္မာအခါတော်နေ့

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည်။ နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်းတွင် ဘုရားကျောင်းကန်များတွင် လာရောက်ဖူးမြော်ကြသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် နှစ်စဉ်စည်ကားခဲ့သည်။ ယခုနှစ် Covid ကပ်ဘေးကာလအတွင်း ကျရောက်သည့် အဘိဓမ္မာအခါတော်နေ့မြင်ကွင်းအချို့ကို ဖော်ပြလိုက်ပါသည်။



★ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကို သီတင်းကျွတ်လပြည့်နေ့က ပြည်သူ့ရင်ပြင်ရှေ့မှ ဖူးမြော်ရစဉ်



★ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်တစ်နေရာ



★ စစ်ကိုင်းမြို့တွင် သီတင်းကျွတ်လပြည့်နေ့က NLD ထောက်ခံဝန်းရံသူများကိုတွေ့ရစဉ်







★ ရန်ကုန်မြို့ သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်ကမ်းနားလမ်းတွင် ဆီမီး ၉၀၀ ထွန်းညှိထားစဉ်



★ ရွှေတိဂုံစေတီတော်ကိုလာရောက်ဖူးမြော်သူတစ်ဦး



★ သီတင်းကျွတ်မီးပုံးပြုလုပ်ရောင်းချနေသူတစ်ဦး



★ ရန်ကုန်မြို့ပြည်သူ့ရင်ပြင်ရှေ့တွင် ရွှေတိဂုံစေတီတော်ကို ဖူးမြော်နေသူအချို့

# ကျေးလက်ဒေသက လွမ်းစရာ သီတင်းကျွတ်ပွဲ

ငြိမ်း အေး စံ

**သီတင်းကျွတ်အချိန်ကာလသည် မြန်မာတို့၏ တစ်ဦးကိုတစ်ဦး ရိုသေလေးစားတတ်သောသဘော၊ မာန်မာနကို နှိမ့်ချတတ်သောသဘော၊ အပြန်အလှန် မေတ္တာစေတနာထားတတ်သောသဘော စသည့် အမျိုးကောင်း သား၊ သမီးတို့၏ ယဉ်ကျေးသိမ်မွေ့သော စိတ်နေစရိုက်ကို ဖော်ကျူးပြသနေသော ပွဲတော်ဖြစ်သည်။**

ယခု အချိန်အခါသည် မီးပုံးလုလုလေးများ ချိတ်ဆွဲရသော ဝါလကင်းလွတ်သီတင်းကျွတ်ရာသီသို့ ရောက်ရှိနေပြီဖြစ်သည်။ သီတင်းကျွတ်ကာလနှင့်အတူ ကိုဗစ်ကပ်ဘေးကြားက ရွေးကောက်ပွဲကြီးလည်း ကျင်းပချိန်ရောက်တော့မှာဖြစ်သည်။ ယခုနှစ် သီတင်းကျွတ်က ခါတိုင်းသီတင်းကျွတ်မီးထွန်းပွဲတော်များနှင့်မတူ။ ကိုဗစ်ဆိုသည့် ကြောက်လန့်သံများနှင့် ပျော်စရာစိတ်ကူးများလည်း မျောပါသွားခဲ့လောက်ပြီ။

သီတင်းကျွတ်လသည် မြန်မာလ ၁၂ လတွင် သတ္တမမြောက်လဖြစ်ပြီး ရဟန်းသံဃာတော်တို့မိုးရာသီခိုအောင်းရာ ဝါတွင်းကာလ၏ နောက်ဆုံးလဖြစ်ပါသည်။ ရာသီခွင်မှာ တူရာသီဖြစ်ပြီး အဿဝတီနက္ခတ်နှင့် လမင်းတို့စန်းယှဉ်ကာ မွန်းတည့်ကြသည်။ ဤရာသီ၏ ပန်းမှာ ကြာဖြူပန်း (Nymphaea Lotus) ဖြစ်ပါသည်။ သီတင်းကျွတ်လကို ရှေးမြန်မာကျောက်စာများ၌ 'သံတူလ' ဟု ရေးထိုးကြသည်။ ချိန်ခွင်ပုံကြယ်တာရာနက္ခတ်တို့စုဝေးသော မိုးကာလဟုလည်းကောင်း၊ တောင်သူလယ်သမားတို့ စိုက်ပျိုးထားသော စပါးပင်များ သန်စွမ်းစွာထောင်မတ်သောလဟုလည်းကောင်း ဖွင့်ဆိုကြပါသည်။ မြန်မာတို့၏ ၁၂ လ ရာသီပွဲတော်များတွင် သီတင်းကျွတ်လတွင် မီးထွန်းပွဲခေါ် ဆီမီးမြင်းမိုရ်ပွဲကို ကျင်းပကြပါသည်။

ဗုဒ္ဓမြတ်စွာဘုရားက တာဝတိံသာနတ်ပြည်မှာ နိမ္မိတရုပ်ပွားတော် ကိုယ်စားထားခဲ့ပြီး အဘိဓမ္မာတရားတော်အကျယ်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပြီး တရားစစ်သူကြီးရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို အဘိဓမ္မာတရားတော်အကျဉ်းချုပ်ကို တစ်ချိန်တည်းမှာပင်ဟောကြားသင်ပြတော်မူပြီး သီတင်းကျွတ်လပြည့်နေ့မှာ လူ့ပြည်သို့ ပြန်ဆင်းခဲ့သော အထိမ်းအမှတ်အနေနှင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့ကြောင်း မှတ်သားခဲ့ဖူးသည်။

မြန်မာလူ့အဖွဲ့အစည်းမှာ သီတင်းကျွတ်ကာလရောက်တိုင်း အသက်ကြီးသူ၊ ဂုဏ်ကြီးသူတို့ကို သူတို့ထက်ငယ်တဲ့တူသား၊ လက်အောက်ငယ်သားတွေက ပူဇော်ကန်တော့လေ့ရှိကြသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးအတာသင်္ကြန် ကန်တော့သည်ကို ရေကန်တော့သည်ဟု သုံးလေ့ရှိပြီး ဝါလကင်းလွတ်မီးထွန်းပွဲကာလ ကန်တော့သည်ကို မီးကန်တော့သည်ဟု ဆိုကြသည်။ ယခုနှစ်တွင် ကိုဗစ်ကြောင့် ယခင်နှစ်များကဲ့သို့ ပျော်စရာကောင်းမည် မဟုတ်တော့။ ကျွန်မက သီတင်းကျွတ်အသံကြားတိုင်း ငယ်ဘဝက ပျော်စရာများကို သတိရလွမ်းဆွတ်မိသည်။

သီတင်းကျွတ်အချိန်ကာလသည် မြန်မာတို့၏ တစ်ဦးကိုတစ်ဦး ရိုသေလေးစားတတ်သောသဘော၊ မာန်မာနကို နှိမ့်ချတတ်သောသဘော၊ အပြန်အလှန် မေတ္တာစေတနာထားတတ်သောသဘော စသည့် အမျိုးကောင်း သား၊ သမီးတို့၏ ယဉ်ကျေးသိမ်မွေ့သော စိတ်နေစရိုက်ကို ဖော်ကျူးပြသနေသော ပွဲတော်ဖြစ်သည်။ အစ်ကို၊ အစ်မများ၊ ညီငယ်၊ ညီမငယ်များအားလုံးတို့သည်လည်း လောကသာရ ရှင်သူမြတ်ရေးသည့်ဆုံးမစာအတိုင်း 'ကောင်းသောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး' တို့ဖြင့် သီတင်းကျွတ်လ မီးထွန်းပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြပါသည်။

ကျွန်မတို့ငယ်စဉ်ကလေးဘဝက သီတင်းကျွတ်လပြည့်နေ့မတိုင်မီက မိဘဆွေမျိုးများကို တစ်အိမ်ဆင်း တစ်အိမ်တက် လိုက်လံကန်တော့ခဲ့ကြသည်။ ကျွန်မတို့နယ်မြို့လေးမှာတော့ နှစ်စဉ်သီတင်းကျွတ်ရောက်တိုင်းမုန့်ဆီကြော် ပြုလုပ်ခဲ့ကြသည်။ ကျွန်မငယ်စဉ်က သီတင်းကျွတ်တစ်လလုံး မုန့်ဆီကြော်အဝအပြဲ စားရသည်။ ကျောင်းဆရာမဖြစ်သူ အမေ့ထံ တပည့်များက မုန့်ဆီကြော်နှင့် လာရောက်ကန်တော့ကြသည်။ အမေကလည်း သီတင်းကျွတ်တော့မည်ဆိုလျှင် လာကန်တော့သော တပည့်များကို ပြန်ထည့်ပေးရန် ဆပ်ပြာပိုင်း၊ ဆပ်ပြာမှုန့်ထုပ်များ အမြဲကြိုဝယ်ထားသည်။ တပည့်များ လာကန်တော့ပြီး ဘာမျှပြန်မထည့်ပေးနိုင်လျှင် အမေက အားနာနေတတ်သည်။

သီတင်းကျွတ်လရောက်တိုင်း ကျောင်းဆရာမဖြစ်သူ အမေ၏မျက်နှာသည် လပြည့်ဝန်းပမာဝင်းထိန်နေသည်။ သီတင်းကျွတ်လသည် ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီးတို့ မျက်နှာစုံညီတွေ့ရသောလဟု တင်စားနိုင်သည်။ အမေက သူ့ဆီလာရောက်ကန်တော့သော တပည့်များကို သူနှင့် မတွေ့ဖြစ်ခဲ့လျှင်တောင် လက်ဆောင်ပြန်ထည့်ပေးလိုက်ရန် အမြဲမှာလေ့ရှိသည်။ သူ၏တပည့်များကို လိမ္မာစွာနေဖို့ အမြဲဆုံးမခဲ့သည်။ သူကိုယ်တိုင် အမေတစ်ယောက်ဖြစ်သည်မို့ အမေတစ်ယောက်၏ အပူအပင်များကို နားလည်တာလည်း ပါပါလိမ့်မည်။ တပည့်များကို လူတော်၊ လူလိမ္မာများဖြစ်စေလိုကြောင်း အမြဲဆုံးမဆုမွန်ချွေခဲ့သည်။

ငယ်ငယ်က သီတင်းကျွတ်လပြည့်နေ့တိုင်း အမေ့အမျိုးများရှိရာရွာကို နွားလှည်းလေးဖြင့် သွားရောက်ခဲ့သည်ကို ယခုအထိ သတိရနေမိသည်။ ရွာရှိ ဆွေမျိုးမိဘများကို ကန်တော့ရန် မုန့်၊ အဝတ်အစားများ ဝယ်ရသည်ကိုက ပျော်စရာကောင်းလွန်းခဲ့သည်။ ဆွေမျိုးများကလည်း ကျွန်မတို့အလာကို ရွာထိပ်ဘုန်းကြီးကျောင်းဝမှထွက်ကာ စောင့်နေခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့တိုင်း ရွာတွင်ဆွမ်းဆန်စိမ်းလောင်းလှူပွဲလည်းရှိသည်။ ဆွမ်းလောင်းပွဲအတွက် နှိုးဆော်သံများကို ယခုအချိန်ထိနားထဲတွင် ကြားယောင်နေမိသည်။ ကျွန်မတို့လာတယ်ကြားလို့ ရွာရှိအမျိုးတွေက တစ်ယောက်ပြီးတစ်ယောက် အလည်လာခေါ်ကြသည်။ ရွာဓလေ့အတိုင်း သူတို့ရဲ့ အိမ်လေးတွေဆီ အလည်လာဖို့ဖိတ်ခေါ်ကြသည်။ ထမင်းစားဖို့လည်း အတင်းတိုက်တွန်းကြသည်။ သူတို့ရဲ့ သဒ္ဓါတရားကြောင့် ဖြစ်မည်ထင်သည်။ အလိုလိုနေရင်း ဗိုက်ပြည့်နေသည်။

ကလေးဆိုတော့ လူကြီးမိဘတွေနဲ့အတူ အမျိုးများအိမ် တစ်အိမ်ပြီးတစ်အိမ် သွားရောက်လည်ပတ်စားသောက်ကြသည်။ နေ့လယ်စာစားပြီးချိန်တွင် ရွာဘုန်းကြီးကျောင်းအလယ်က မန်ကျည်းပင်အောက်မှာ ကြိုးခုန်တမ်း၊ ဘုရားအို၊ ဘုရားကြားဆီ တူတူပုန်းတမ်း ကစားခဲ့ကြသေးသည်။ ညနေ ၃နာရီ၊ ၄နာရီဆိုမှ မိဘဆွေမျိုးများရှိရာ သွားကန်တော့၊ ရွာကျောင်းကဘုန်းဘုန်းကြီးကို ကန်တော့ပြီး ပြန်ခဲ့သည်။ ရွာက အပြန်လမ်းတစ်ဝက်မှာရှိ ချောင်းကလေးတွင် ရေဆော့ခွင့်ရရန် ရွာမှထွက်သည်နှင့် တစ်ပြိုင်နက် ပူဆာခဲ့ရသည်မှာလည်း အမော။

လူကြီးများ၏ ခွင့်ပြုချက်ရလျှင် ချောင်းရေအားပါးတရချိုးကြသည်။ မိဘများက မခေါ်မချင်း ဆော့ကစားခဲ့ကြသည်။ ရေဆော့ပြီးပြီဆိုလျှင် ရွာကဆွေမျိုးများ ထည့်ပေးလိုက်သည့် လက်ဖက်၊ ပဲကြော်၊ မုန့်ဆီကြော်များ တစ်ဝကြီး ဆွဲပြန်သည်။ ဗိုက်ပြည့်တော့ လှည်းပေါ်တက် အိမ်ပြန်ခဲ့ကြသည်။

ကျွန်မတို့အိမ်ရောက်တော့ မှောင်ရီပျိုးနေပြီ။ သီတင်းကျွတ်လပြည့်နေမို့ မီးပုံးလေးတွေထွန်းဖို့ ပြင်ဆင်ကြသည်။ အဖေက မီးပုံးလုလုလေးတွေ ဝယ်ပေးထားတော့ သီတင်းကျွတ်ညတွေဟာ ပိုလို့လှသွားခဲ့သည်။ မီးပုံးလုလုလေးများချိတ်ပြီး ညီအစ်မတစ်တွေ အဖေနှင့်အမေကိုကန်တော့ခဲ့ကြသည့်မြင်ကွင်းကို အခုအချိန်အထိ မျက်ဝန်းထဲမှာ တရေးရေးပေါ်နေဆဲ။

အဖေနှင့်အမေကို ကန်တော့ပြီးသည်နှင့် ဆီမီးများ တစ်အိမ်လုံး လင်းထိန်နေအောင်ထွန်းကြသည်။ ဆီမီးထွန်းပြီး အဖေ့ကို မရမကပူဆာပြီး ဝယ်ခိုင်းခဲ့သော မီးပုံးပျံလေးလွှတ်တင်ဖို့ သားအမိ၊ သားအဖတစ်တွေ ကြိုးစားခဲ့ကြသည်။ မီးပုံးပျံလေး ကောင်းကောင်းမွန်မွန် လွှတ်တင်နိုင်ဖို့ မှိုင်းဝရန်လိုကြောင်း အမေက ပြောသည်။ အမေသည် ကျောင်းဆရာမပီပီ ကျွန်မတို့ကို အကြောင်းအရာတစ်ခုခုနဲ့ အမြဲယှဉ်ပြီး ဆုံးမသည်။ အခုလည်း မှိုင်းဝမှ အမြင့်ဆီပြန်နိုင်မည့် မီးပုံးပျံလေးများကိုကြည့်ပြီး ကျွန်မတို့ကို လိမ္မာကြိုးစားဖို့လိုကြောင်းပြောသည်။ ငယ်စဉ်က ကြိုးစားလိမ္မာခဲ့မှ ကြီးလျှင် လိုချင်သောအိပ်မက်များဆီ အရောက်သွားနိုင်မည်ဖြစ်ကြောင်း ဆုံးမပြောကြားခဲ့သည်။

အမေ့ဆုံးမစကားများ နားထောင်ရင်း ကောင်းကင်ကမီးပုံးပျံလေးများကို ကျွန်မတို့ ညီအစ်မတစ်တွေ ရေတွက်ခဲ့ကြသည်။ တစ်နေရာမှ မီးပုံးတက်လာပြီဆိုလျှင် ဝမ်းသာအားရအော်ဟစ်ခဲ့ကြသည်။ သူကအရင်မြင်သည်၊ ငါကအရင်မြင်သည်ဆိုပြီး ငြင်းဆိုခဲ့ကြဖူးသည်။ ကျန်သည့်ညများဆို အစောကြီးအိပ်ရာဝင်သလောက်၊ သီတင်းကျွတ်လပြည့်ညများတွင်တော့ ညအိပ်ရာဝင်ဖို့ အမေတိုက်တွန်းမှ အိပ်ရာဝင်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်ညတွင် အအေးခါတ်ပိုတတ်သည်မို့လ အမေက စောင်ထူထူလေးဖြစ်အောင် ထပ်ပေးထားသည်။ ကျွန်မတို့က မီးပုံပျံလေးတွေ ပျံတက်လာသည်ကို ငေးရင်း မအိပ်ချင်အိပ်ချင်နှင့် အိပ်ရာဝင်ခဲ့ကြသည်။ ငယ်စဉ်က မီးပုံပျံများ ရေတွက်ခဲ့သောညများကို လွမ်းဆွတ်မိသည်။ ကိုဗစ်အလွန် သီတင်းကျွတ်များတွင်တော့ ကျွန်မငယ်ဘဝ ရွာလေးဆီ တစ်ခေါက်တစ်ကျင်း ပြန်ချင်ပါသေးသည်။

❍ ငြိမ်းအိစံ

**ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .**

**ဖုန်း - ၀၉ ၄၀၃၉၆၀၀၀၆၊ ၀၉ ၄၀၃၉၆၀၀၀၇၊ ၀၉ ၄၀၃၉၆၀၀၀၈**




# ပထမပိုင်းအပြီးတွင် ၁၁ ဦးစလုံးကို လူစားလဲပစ်ချင်ခဲ့သည်ဟု မော်ရင်ညို ဖွင့်ဟ

**လန်ဒန်၊ အောက်တိုဘာ ၃၁**

ရှိုင်ရယ်အန့်ဝပ်နှင့်ရင်ဆိုင်ခဲ့သော ပွဲစဉ်ပထမပိုင်းအပြီးတွင် ကစားသမား ၁၁ ဦးစလုံးကို လူစားလဲပစ်ခဲ့ချင်မိသည်ဟု စပါးနည်းပြမော်ရင်ညိုက ဖွင့်ဟခဲ့ကြောင်း Goal ကဖော်ပြခဲ့သည်။

မော်ရင်ညိုသည် ပွဲထွက်လူစားရင်းတွင် လိုဆယ်ဆို၊ ဘက်ဂျဝင်း၊ ကားလို့စ်ဗင်နီစီယက်စ်၊ ဒယ်လီအလီတို့ကဲ့သို့ကစားသမားများကို တွဲဖက်အသုံးပြုခဲ့ရာ၌ပထမပိုင်းပွဲချိန်အတွင်း စိတ်ပျက်စရာခြေစွမ်းဖြစ်ခဲ့ပြီး ပြိုင်ဘက်၏ ၁-၀ ဂိုးဖြင့်ဦးဆောင်ခြင်းကို ခံခဲ့ရသည်။

“၁၁ ယောက်စလုံးကို ထုပ်ပစ်လိုက်ချင်တာပါ။ လက်ကျန် ၄၅ မိနစ်မှာ အခွင့်အရေးလုံးဝမရမှာကို စိတ်ပူမိတဲ့အတွက် ၅ ဦး စလုံးကိုလူစားခဲ့ခဲ့တာဖြစ်တယ်။ တစ်ယောက်သောသူကို အပြစ်တင်ရမယ်ဆိုရင်တော့ ကျွန်တော်ကိုယ်တိုင်ပါပဲ။ ဒီကစားသမားတွေနဲ့ စတင်ဖို့ကို ရွေးချယ်ခဲ့တာ ကျွန်တော်ဖြစ်ပါတယ်။ ဒုတိယပိုင်းမှာ တိုးတက်လာအောင် ကြိုးစားခဲ့ပေမယ့် လုံလောက်မှုမရှိခဲ့ပါဘူး။ မျှတတဲ့ရလဒ်တစ်ခု ထွက်ပေါ်သွားခဲ့တာလို့ပဲ ခံယူလိုက်ပါတယ်။ ကျွန်တော့်ဘက်ကတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။ အကောင်းဆုံးအသင်းက အနိုင်ရပြီး အဆိုးဆုံးအသင်းရှုံးမှာပါပဲ” ဟု စပါးနည်းပြမော်ရင်ညိုက ဖွင့်ဟခဲ့သည်။

❍ ငြိမ်းပြည့်

# ပိုချက်တီနိုတွင်အသင်းကြီးတစ်သင်းကိုကိုင်တွယ်လိုသည့်စိတ်ဆန္ဒ အမြဲရှိခဲ့ဟု ဗာတွန်ဂန် ဖွင့်ဟ

**လန်ဒန်၊ အောက်တိုဘာ ၃၁**

ပိုချက်တီနိုအနေနှင့် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ရန် စိတ်ဆန္ဒပြင်းပြနေလိမ့်မည်ဟု စပါးနောက်ခံလူဟောင်း ဗာတွန်ဂန်က ဖွင့်ဟလိုက်ကြောင်း Dailymail ကဖော်ပြခဲ့သည်။

စပါးအသင်းမှ ထုတ်ပယ်ခံရပြီးနောက် ပိုချက်တီနိုကို မန်ယူနှင့် ရီးရဲလ်တို့က ချိတ်ဆက်ခဲ့သလို အသင်းကြီးတစ်သင်းကိုကိုင်တွယ်ရန် အမြဲတမ်းစိတ်ဆန္ဒရှိနေခဲ့ကြောင်း ဗာတွန်ဂန်က အသိပေးခဲ့သည်။

“သူဟာ အင်္ဂလိပ်ဘောလုံးလောကနဲ့ အံဝင်ခွင်ကျပိုဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ပိုချက်တီနိုဟာကြံ့ခိုင်မှုကိုအဓိကထားပြီး ရုပ်ပိုင်းဆိုင်ရာ အားပြုတဲ့နည်းပြတစ်ယောက်ဖြစ်ပါတယ်။ ပရီးမီးယားလိဂ်အသင်းကို ကိုင်တွယ်တာက သူ့အတွက် အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ အသင်းကြီးကို ကိုင်တွယ်ချင်တဲ့စိတ် ရှိတယ်ဆိုတာကို ကျွန်တော်ခန့်မှန်းလို့ရသလို ပရီးမီးယားလိဂ်မှာ ကြည့်မယ်ဆိုရင် သူကိုင်တွယ်ဖို့ ဖြစ်နိုင်ခြေရှိတဲ့အသင်းက နှစ်သင်း၊ ၃ သင်းလောက်သာရှိပါတယ်။ ပိုချက်တီနိုဟာ နည်းပြအလုပ်ကို ချစ်မြတ်နိုးသလို ကျွန်တော်သာသူ့နေရာမှာဆိုရင် တကယ်ကိုစိတ်ရှည်နိုင်တော့မှာမဟုတ်ပါဘူး” ဟု ဗာတွန်ဂန်က ဆိုခဲ့သည်။

❍ ငြိမ်းပြည့်



# အေဂျက်ဇ်ကြယ်ပွင့် ဂရာဗန်ဘက်ရှ်ကို စိတ်ဝင်စားသည့်အသင်းများထဲတွင် မန်ယူပါဝင်လာ

**မန်ချက်စတာ၊ အောက်တိုဘာ ၃၁**



မန်ယူအသင်းသည် အေဂျက်ဇ်လူငယ်ကြယ်ပွင့် ဂရာဗန်ဘက်ရှ်ကို ဘာစီလိုနာ၊ ဂျူဗင်တပ်တို့နှင့်အပြိုင်ခေါ်ယူရန် ပြင်ဆင်နေကြောင်း The Mirror ကဖော်ပြခဲ့သည်။

အေဂျက်ဇ် လူငယ်အကယ်ဒမီမှ ထွက်ပေါ်လာသူဖြစ်ပြီး အသက် ၁၈ နှစ်အရွယ်သာရှိသေးသည် ဂရာဗန်ဘက်ရှ်သည် အရည်အသွေးမြင့် ကွင်းလယ်လူတစ်ဦးဖြစ်ပြီး မန်ယူကွင်းလယ်လူပေါ့ဘာကဲ့သို့အရည်အသွေးရှိသူဟု ချီးကျူးခံထားရပြီး ဥရောပထိပ်သီးကလပ်များ၏ ပစ်မှတ်ထားစောင့်ကြည့်ခြင်းခံနေရသည်။

လီဗာပူးနှင့်ရင်ဆိုင်ခဲ့သောချန်ပီယံလိဂ်ပွဲစဉ်တွင် အေဂျက်ဇ်နှင့်အတူပါဝင်ကစားခဲ့ပြီးနောက် ဂရာဗန်ဘက်ရှ်အပေါ် အသင်းကြီးများ၏ စိတ်ဝင်စားမှုပိုမိုမြင့်တက်လာခဲ့ပြီး လာမည့်အပြောင်းအရွှေ့ဈေးကွက်နှစ်ခုအတွင်း အေဂျက်ဇ်မှထွက်ခွာနိုင်ခြေရှိသည်ဟု သုံးသပ်လာကြသည်။

ဂရာဗန်ဘက်ရှ်သည် အေဂျက်ဇ်အတွက် ၁၉ ပွဲပါဝင်ကစားထားပြီး သွင်းဂိုး ၄ ဂိုးနှင့် ဖန်တီးမှု ၃ ကြိမ်ပြုလုပ်ထားသလို Golden Boy ဆုအတွက် ဆန်ခါတင်ကစားသမား ၂၀ ဦးစာရင်းတွင် ပါဝင်နိုင်ခဲ့သည်။

❍ ငြိမ်းပြည့်

# အစ္စကိုနှင့် ဗင်နီစီယက်စ်တို့ကို အသုံးချပြီး ဒိုင်ဘာလာကို ကမ်းလှမ်းရန် ရီးရဲလ်ပြင်ဆင်

**မက်ဒရစ်၊ အောက်တိုဘာ ၃၁**

ရီးရဲလ်အသင်းသည် ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာကိုကမ်းလှမ်းရန် အဆင်သင့်အနေအထား ရှိကြောင်း Dailymail ကဖော်ပြခဲ့သည်။

ဒိုင်ဘာလာသည် ပြီးခဲ့သည့်နှစ်များအတွင်းက ဘာနေဗျူးသို့ပြောင်းရွှေ့ရန် ချိတ်ဆက်ဖူးခဲ့သူဖြစ်ပြီး လက်ရှိတွင် နည်းပြဗီဒန်းကိုယ်တိုင်က ၎င်းအားခေါ်ယူရန် မီးစိမ်းပြထားသည်။

အီတလီမှလာသောသတင်းများအရ ရီးရဲလ်သည် အစ္စကိုနှင့် ဗင်နီစီယက်စ်တို့နှစ်ဦးနှင့် ဒိုင်ဘာကိုတိုက်ရိုက်အလဲအထပ်လုပ်ရန် စီစဉ်နေကြောင်းသိရသည်။

ပြီးခဲ့သည့် တစ်ပတ်အတွင်း၌ဘာနေဗျူးအဝတ်လဲခန်းအတွင်း ကစားသမားများကြား စိတ်ခုစရာအဖြစ်အပျက်များရှိလာခဲ့ခြင်းနောက်ကွယ်တွင် ဒိုင်ဘာလာ၏အပြောင်းအရွှေ့သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အစ္စကိုသည် နည်းပြဗီဒန်း၏ နည်းဗျူဟာနှင့်ပတ်သက်၍ ဝေဖန်ခဲ့ပြီးနောက် အသင်းမှ ထွက်ခွာရန် များလာခဲ့သည်။

“တကယ်လို့ ဗီဒန်းက ကျွန်တော့်ကို ပွဲထွက်လူစာရင်းမှာထည့်သွင်းခဲ့မယ်ဆိုရင် ပွဲချိန်မိနစ် ၅၀၊ ၆၀ လောက်မှာ လူစားလဲတတ်သလို တစ်ခါတရံမှာ ပထမပိုင်းအပြီး လူစားလဲတတ်ပါတယ်။ တကယ်လို့ ကျွန်တော့်ကို လူစားဝင်အဖြစ်သုံးမယ်ဆိုရင်တော့ သူဟာ ပွဲချိန်မိနစ် ၈၀ လောက်ရောက်မှသုံးလေ့ရှိပါတယ်” ဟု အစ္စကိုက ဝေဖန်ပြောဆိုခဲ့သည်။

❍ ငြိမ်းပြည့်

# အောင်လနှင့် ယှဉ်ပြိုင်ခွင့်ရခြင်းကို ဂုဏ်ယူမိကြောင်း ဒီရစ်ဒါဆို

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် One Championship ပြိုင်ပွဲတွင် အောင်လထံမှ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို လွှဲပြောင်းရယူနိုင်ခဲ့သည့် လက်ရှိချန်ပီယံ ဒီရစ်ဒါသည် အောင်လနှင့် ယှဉ်ပြိုင်ခွင့်ရခြင်းကို ဂုဏ်ယူမိကြောင်း ပွဲအပြီး၌ ပြောကြားခဲ့သည်။

အောက်တိုဘာ ၃၀ ရက်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် One: Inside the Matrix ပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် အောင်လနှင့် ဒီရစ်ဒါတို့ ယှဉ်ပြိုင်ခဲ့ပြီး စိန်ခေါ်သူ ဒီရစ်ဒါက ဂျူဂျစ်ဆု ချုပ်ကွက်ဖြင့် အောင်လကို အနိုင်ယူကာ ချန်ပီယံ ခါးပတ်ကို လွှဲပြောင်းရယူနိုင်ခဲ့သည်။

"အောင်လက မြန်မာပြည်ရဲ့ သူရဲကောင်းပါ။ သူ့လိုကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ရတာ ဂုဏ်ယူမိပါတယ်။ သူ့နိုင်ငံမှာလို ရုပ်တုထုပြီးထားနိုင်မယ့် အချိန်က ကျွန်တော့်အတွက် ဘယ်တော့မှ ရောက်လာမလဲ မသိပါဘူး။ သူကြိုးဝိုင်းထဲ ပြန်ရောက်လာမှာပါ။ ပြီးတော့ သူ ဂျူဂျစ်ဆုကို လေ့ကျင့်နိုင်မှာပါဟု" ဒီရစ်ဒါက ပြောသည်။

ဒီရစ်ဒါသည် အောင်လကို အနိုင်ယူနိုင်ရန် လေ့ကျင့်ခန်းများ၌ ချုပ်ကွက်ကိုသာ အဓိကလေ့ကျင့်ခဲ့ပြီးဖြစ်ပြီး ၎င်းချုပ်ကွက်ကို ခံရသည့် မည်သည့်ကစားသမားမဆို အရှုံးနှင့် ရင်ဆိုင်ရမည်ဟု ယုံကြည်ကြောင်း ဂျူဂျစ်ဆု ကစားနည်း၏ အားသာချက်ကို ပြောသည်။

အောင်လသည် အင်အားကြီးမားသည့် ကစားသမားဖြစ်ခြင်းကြောင့် ချုပ်ကွက်ဖြင့် အနိုင်ရရှိရန် ပြင်ဆင်ခဲ့ရပြီး ပထမအချီမှာပင် အနိုင်ရရှိခဲ့သည်မှာ ယင်းကစားနည်း၏ အားသာချက်ဖြစ်ကြောင်း၊ ဂျူဂျစ်ဆုကစားနည်းကို ယုံကြည်မှုရှိခြင်းကြောင့် စောစီးစွာ အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။

အောင်လနှင့် မယှဉ်ပြိုင်မီက ယခုပွဲစဉ်အပြီးတွင် မကျေပွဲ ယှဉ်ပြိုင်ရန် ပြောခဲ့သော်လည်း လက်ရှိတွင် အောင်လအနေဖြင့် အခြားကစားသမားတစ်ဦးဖြင့် ထိုးသတ်ပြီးမှသာ ၎င်းနှင့် ထိုးသတ်မည်ဖြစ်ကြောင်း၊ မကျေပွဲစဉ်က ၎င်းအတွက် အရေးမကြီးကြောင်း မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဒီရစ်ဒါကပြောသည်။

❍ ကောင်းခန့်



# ဒီရစ်ဒါနှင့် မကျေပွဲ ပြန်လည်ထိုးသတ်ခွင့်ရမည်ဆိုပါက ယခုနှစ်အတွင်း ကြိုးဝိုင်းထဲ ပြန်ဝင်လိုကြောင်း အောင်လဆို

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သည့် One Championshipပြိုင်ပွဲတွင် ပထမအချီ၌ စိန်ခေါ်သူပြိုင်ဘက် ဒီရစ်ဒါကို ရှုံးနိမ့်ခဲ့ပြီး မကျေပွဲ ပြန်လည်ထိုးသတ်နိုင်ရန် ယခုနှစ်အတွင်း ကြိုးဝိုင်းထဲပြန်လည်ဝင်ရောက်လာမည်ဟု အောင်လကဆိုသည်။

အောက်တိုဘာ ၃၀ ရက်က စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် အောင်လသည် ပြိုင်ဘက်၏နောက်မှ ချုပ်ခြင်းကို ခံခဲ့ရပြီး ရုန်းထွက်နိုင်ခြင်းမရှိခဲ့သည့်အတွက် လက်ရှိချန်ပီယံကို စွန့်လွှတ်ကာ အရှုံးပေးခဲ့ရသည်။

ပြိုင်ပွဲမတိုင်မီက စိန်ခေါ်သူ ဒီရစ်ဒါက အောင်လကို ဂျူဂျစ်ဆုကစားနည်းဖြင့် အနိုင်ယူမည်ဟု ပြောကြားခဲ့ပြီး ၎င်းမှာ ပြောသည့်အတိုင်း လုပ်ဆောင်နိုင်ခဲ့သော်လည်း အောင်လ၏အမှားမဟုတ်ဘဲ ဂျူဂျစ်ဆုကစားနည်းကို သေချာလေ့ကျင့်ပြင်ဆင်ခဲ့ရခြင်းကြောင့် ပွဲကို အလျင်အမြန် ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပွဲအပြီးပြောကြားခဲ့သည်။

အောင်လသည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စွန့်လွှတ်ခဲ့ရသော်လည်း ပြန်လည်စိန်ခေါ်ခွင့်ရှိမည်ဆိုပါက ယခုနှစ်အတွင်း ပြန်လည်ယှဉ်ပြိုင်လိုကြောင်း ပွဲစီစဉ်သူများ၏ ဆုံးဖြတ်ချက်နှင့်သက်ဆိုင်ကြောင်း အောင်လကပြောသည်။

"လက်ရှိတော့ ကျွန်တော်မစ်ဒယ်ဝိတ်တန်းမှာပဲ ဆက်နေဦးမှာပါ။ ချန်ပီယံစိန်ခေါ်ပွဲ ချက်ချင်းပြန်လုပ်လည်း ရတယ်။ နှစ်မကုန်ခင် တစ်ခုခုတော့ပြန်ရအောင်လုပ်ချင်တယ်။ ကျွန်တော်ဘစ်ဒက်ရှ်နဲ့ တစ်ပွဲထိုးလို့ရဦးမယ်။ နောက်ပြီး တခြားတစ်ပွဲလောက်လည်း ထိုးလို့ရဦးမယ်။ ချန်ပီယံအတွက် မကျေပွဲချက်ချင်း ပြန်လုပ်ဖို့ကလည်း လိုချင်မှလိုဦးမှာပါ။ ကျွန်တော်ကတော့ဆက်ပြီး လှုပ်ရှားချင်သေးတယ်။ ချန်ပီယံစိန်ခေါ်ပွဲကတော့ ပွဲစီစဉ်သူတွေနဲ့ ဆိုင်တဲ့ကိစ္စပါ။နှစ်မကုန်ခင်တော့ ကြိုးဝိုင်းထဲ ပြန်ဝင်ချင်ပါတယ်" ဟု အောင်လကပြောသည်။

အောင်လသည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စွန့်လွှတ်ခဲ့ရသော်လည်း လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်နေပြီး ယင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲမှာလည်း ပွဲစီစဉ်သူများ အပေါ်တွင်သာ မူတည်ကြောင်း ဆိုသည်။

အောင်လအန်ဆန်သည် ယခုပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းကြောင့် One Championship ပြိုင်ပွဲ နောက်ဆုံးရှစ်ပွဲတွင် ပထမဆုံးရှုံးပွဲ တွေ့ခဲ့ခြင်းဖြစ်ပြီး ပရိသတ်များအတွက် နောက်တစ်ပွဲထိုးသတ်ပေးရန် အသင့်ရှိနေပြီး မကျေပွဲချက်ချင်း ပြန်ထိုးသတ်ရန်လည်း ဖြစ်နိုင်ဟု ၎င်းကဆိုသည်။

❍ ကောင်းခန့်

# ပေါင်ဒဏ်ရာကြောင့် ရီးရဲလ်နှင့် ချန်ပီယံလိဂ်ပွဲစဉ်ကို လူကာကူ လွဲချော်ဖွယ်ရှိ

**မီလန်၊ အောက်တိုဘာ ၃၁**



အင်တာမီလန်တိုက်စစ်မှူးလူကာကူသည် ရက်တာဒိုးနက်နှင့်ကစားခဲ့သောပွဲစဉ်တွင် ဒဏ်ရာကြုံတွေ့ခဲ့ပြီးနောက် လာမည့်ကြားရက်အတွင်း ကစားမည့် ရီးရဲလ်နှင့်ချန်ပီယံလိဂ်ပွဲစဉ် ကိုလွဲချော်ရဖွယ်ရှိနေကြောင်း Goal ကဖော်ပြခဲ့သည်။

လူကာကူသည် ဘယ်ဘက်ပေါင်တွင် ကြွက်သားတင်းမာမှုများ ရှိနေပြီး နောက်ထပ်ဆေးစစ်မှုများပြုလုပ်ကာ စောင့်ကြည့်အကဲဖြတ်ရန် ရှိနေသည်။

"ရက်တာဒိုးနက်နဲ့ပွဲ အပြီးမှာ လူကာကူရဲ့ဒဏ်ရာကို စကန်ဖတ်စစ်ဆေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ဘယ်ဘက်ပေါင်မှာ ဒဏ်ရာရှိတယ်ဆိုတာကို တွေ့ခဲ့ပါတယ်။ သူ့ရဲ့အခြေအနေကို နေ့စဉ်စောင့်ကြည့်သွားမှာပါ"ဟု အင်တာမီလန်အသင်းက အတည်ပြုခဲ့သည်။

အင်တာမီလန်အသင်းသည်ချန်ပီယံလိဂ်အုပ်စုအဖွင့် ၂ ပွဲဆက်သရေကျခဲ့ခြင်းကြောင့် နောက်တစ်ဆင့်တက်ရန် ခက်ခဲသည့်အခြေအနေသို့ ရောက်ရှိနေပြီး လူကာကူဒဏ်ရာရသည့်သတင်းမှာ နည်းပြကွန်တီအတွက် စိတ်ပျက်စရာဖြစ်ခဲ့သည်။

လူကာကူသည် ယခုရာသီတွင် အင်တာမီလန်အသင်းအတွက် ပြိုင်ပွဲစုံ ၁၁ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၉ ဂိုးအထိ ရယူထားသူဖြစ်သည်။

❍ ငြိမ်းပြည့်

# ဘာလော့တယ်လီ၏အခြေအနေက ဝမ်းနည်းစရာဟု မန်စီနီဆို

**အီတလီ၊ အောက်တိုဘာ ၃၁**



ဘရက်ရှားအသင်း၏စာချုပ်ဖျက်သိမ်းခြင်းခံရပြီး ကလပ်လက်မဲ့ဖြစ်နေသည့် ဘာတော့တယ်လီ၏လက်ရှိအခြေအနေမှာ ဝမ်းနည်းစရာဖြစ်သည်ဟု အီတလီလက်ရွေးစင်နည်းပြ မန်စီနီက ပြောဆိုခဲ့ကြောင်း Goal က ဖော်ပြခဲ့သည်။

အသက် ၃၀ အရွယ်ရှိပြီဖြစ်သော ဘာလော့တယ်လီသည် လူငယ်ကစားသမားဘဝတွင် ဥရောပဘောလုံးလောက၏စိတ်လှုပ်ရှားစရာအကောင်းဆုံးအဖြစ် ချီးကျူးခံခဲ့ရသူဖြစ်သော်လည်း ပြင်ပလူနေမှုနှင့် စည်းကမ်းမလိုက်နာမှုတို့ကြောင့် ထင်သလောက် တောက်ပခွင့်မရခဲ့ပေ။ မန်စီနီသည် ဘာလော့တယ်လီကို အသက် ၁၇ နှစ်အရွယ်တွင်စတင်ကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး တပည့်ဟောင်း၏အဖြစ်ကို ရင်နာနာနှင့်လက်ပိုက်ကြည့်နေခဲ့ရသည်။

"သူ့ကို ဒီအခြေအနေနဲ့တွေ့ရတာ စိတ်မကောင်းပါဘူး။ အသက် ၃၀ အရွယ်မှာ သူဟာ နည်းစနစ်ပြည့်စုံစွာနဲ့ လက်ရွေးစင်အသင်းအတွက် ကစားမယ်ဆိုရင် အလွန်အသုံးဝင်မှာပါ။ ကျွန်တော်သူ့ကို သဘောကျသလို တစ်ခုခုဖြစ်လိမ့်မယ်လို့အမြဲတမ်း မျှော်လင့်ခဲ့ပါတယ်"ဟု မန်စီနီကဝမ်းနည်းစွာဆိုခဲ့သည်။

❍ ငြိမ်းပြည့်

# ESCAPE



## ကျောင်းထဲမှာ နေရောင်ခြည်နဲ့ လျှပ်စစ်ထုတ်ပြီး ဆရာ၊ ဆရာမတွေကို လစာတိုးပေးတဲ့ကျောင်း

အမေရိကန်ပြည်ထောင်စု အင်ဒီယာနာပြည်နယ် ဘာတက်စ်ဗီးလ် အထက်တန်းကျောင်းမှာ ဆိုလာပြား အချပ် (၁၄၀၀) တပ်ထားပြီးတော့ ကျောင်းကို မီးပေးနေပါတယ်။

ဒါကြောင့် ကျောင်းဟာ နှစ်ပေါင်း (၂၀) အတွင်း အမေရိကန်ဒေါ်လာ ချွေတာပြီးသားဖြစ်ခဲ့ပါတယ်လို့ စာရင်းစစ်များက ဆိုထားပါတယ်။

“ဒါကြောင့် ယခုလို ပိုထွက်လာတဲ့ ငွေကြေးတွေကို ဆရာများအတွက် လုပ်ခလစာ တိုးပေးတာဖြစ်ပါတယ်”လို့ ပညာရေးမှူး မိုက်ကယ်ဟက်စ်တာက ပြောကြားပါတယ်။

ဒီလိုနည်းနဲ့ ဆရာ၊ ဆရာမများ ဆက်မြဲနေအောင် စည်းရုံးပြီး ကျောင်းသူကျောင်းသားများက အဆိုပါကျောင်းကို ရွေးချယ်ဖို့ရာ ဆွဲဆောင်တယ်လို့ ၎င်းက ဆိုပါတယ်။

ကျောင်းရဲ့နှစ်စဉ်လျှပ်စစ်အသုံးပြုမှုဟာ ကီလိုဝပ် ၁ ဒသမ ၆ သန်းရှိပြီးတော့ နေစွမ်းအင်နဲ့ ကျောင်းကိုလည်ပတ်တဲ့အခါ ဝင်ငွေ ဒေါ်လာနှစ်သိန်းခွဲ ပိုထွက်လာပါသတဲ့။

ဆရာ၊ ဆရာများကို နှစ်စဉ် ဒေါ်လာ (၂၀၀၀) နဲ့ (၃၀၀၀) ကြား အပိုဆုပေးနိုင်တာဖြစ်ပါတယ်လို့ ကျောင်းက ဂုဏ်ယူစွာ ပြောကြားပါတယ်။ ❍F-02

## ကမ္ဘာ့နိုင်ငံကြီးများ၏ ဆာလဖာဒိုင်အောက်ဆိုက်အဆိပ်ငွေ့ ထုတ်လွှတ်မှု ဖြောခိုင်နှုန်းအထိ ကျဆင်း

စိတ်ပျက်စရာသတင်းတွေ အများကြီးထဲက ကောင်းသတင်းပါပဲ။ လူဦးရေများတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေထဲက အဆိပ်ငွေ့ ထုတ်လွှတ်မှုနှုန်းဟာ သိသိသာသာ ကျဆင်းသွားခဲ့ပါတယ်။

တရုတ်၊ အိန္ဒိယ၊ ရုရှားနဲ့ အမေရိကန်ပြည်ထောင်စုတို့က SO2 ဓာတ်ငွေ့ ထွက်နှုန်း ကျဆင်းတာပဲဖြစ်ပါတယ်။

တစ်ကမ္ဘာလုံးအဆင့် အဆိုပါ အဆိပ်ငွေ့ကျဆင်းမှုမှာ အထက်ဖော်ပြပါနိုင်ငံကြီးတွေက အဓိကကျဆင်းမှုကြောင့် ဖြစ်ပါတယ်။ လေထုထဲက ဆာလဖာတွေဟာ အိုဇုန်းလွှာကို ပျက်စီးစေပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ကျဆင်းမှုဟာ သိသာခဲ့ပြီး တစ်နှစ်ကို ဆာလဖာဓာတ်ငွေ့ တန်ချိန် ၃၁ သန်းရှိခဲ့ရာမှ ယခုအခါမှာ ၂ သန်းကျော်အထိ ကျဆင်းခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံကြီးများ လေထုကိုညစ်ညမ်းစေတဲ့ အဆိုပါဓာတ်ငွေ့များ လျှော့ချပေးဖို့ တက်ကြွလှုပ်ရှားသူများက အစဉ်တစိုက် တောင်းဆိုနေခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ Covid-19 ကပ်ရောဂါဘေးကြောင့် စီးပွားရေးများ ရပ်တန့်နေခြင်းကြောင့်လည်း အခုလိုမျိုးပဲ အဆိပ်ငွေ့ ထုတ်လွှတ်မှုတွေ ကျဆင်းတာက ဆက်စပ်နိုင်ပါတယ်။ ❍ F-02



## သတင်းအချက်အလက်ကမ္ဘာ

ဘရက်ဒလေဟက်လို့ အမည်ရတဲ့ ပန်းချီဆရာတစ်ဦးဟာ ထုပ်ပိုးတဲ့ လေပူဖောင်းပလတ်စတစ်အိတ်တွေကို သုံးပြီး အနုပညာလက်ရာတွေ ဖန်တီးသူဖြစ်ပါတယ်။ လေပူဖောင်းလေးတွေ တဖောင်းဖောင်းနဲ့ ဖောက်လို့ရတဲ့ ပလတ်စတစ်စတွေကို မှတ်မိတယ်မဟုတ်လား။ ဘရက်ဒလေဟာ ဆေးထိုးအပ်ထဲမှာ ဆေးရောင်တွေထည့်ပြီး ပလက်စတစ်ပူဖောင်းလေးတွေထဲကို စိတ်ရှည်လက်ရှည် ထိုးထည့်ပြီး ပုံတွေဖန်တီးတာဖြစ်ပါတယ်။ သိပ်ကို စိတ်ရှည်ရတဲ့ လက်ရာတွေဖြစ်ပါတယ်။





ဒုတိယကမ္ဘာစစ်တုန်းက အမေရိကန်စစ်တပ်ဟာ လင်းနို့တွေမှာ ဗုံးချည်ပြီး ရန်သူတွေကို တိုက်ခိုက်မယ့် လက်နက်မျိုးကို စမ်းသပ်ခဲ့ပါသတဲ့။



ထိုင်ဝမ်က မစ္စတာ ဟွမ်ကူနန် ဆိုသူဟာ မြွေဟောက်တွေကို မွေးမြူရေးလုပ်ငန်းအနေနဲ့ မွေးပါတယ်။ ပြီးတော့ မြွေဟောက်ဥတွေ ရရင် ပေါင်းပြီးတော့ ဆေးအာဟာရအဖြစ် ရောင်းချပါသတဲ့။



အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ် ဂရင်းဘေး ရဲဌာနက အရာရှိ ဂျိုရယ်ဇွစ်စ်ကီဟာ အနီရောင်၊ အပြာရောင် LED အလင်းရောင်တပ်ထားတဲ့ စကိတ်ဘုတ်ပြားစီးပြီးတော့ ကင်းလှည့်လေ့ရှိပါတယ်။ စကိတ်ဘုတ်ဟာ ရဲကားထက် နေရာတွေ အများကြီးကို ပိုရောက်နိုင်ပြီး လမ်းလျှောက်တာထက်လည်း မြန်ပါသတဲ့လေ။